အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.135(2178-2192) သွေးကောရိ၏

သေဆုံးခြင်း

.May Be:

၂၁၇၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၁၇၈ -

## ဝိညာဉ်ဖန်ဆင်းခြင်းသစ်ပင် နှင့် ဝိညာဉ်သန့်စင်ခြင်းနတ်ပန်းပွင့်

ယန်ယွဲ့ သည် အနည်းငယ် မျက်မှောင်ကြုတ်ကာ ပြန်မေးလိုက်သည်

“ငရဲချောက်နက် ။ ကောင်းကင်တိုင်တောင်တန်းရဲ့ တားမြစ်နယ်မြေလား"

သွေးကေရီ က ခေါင်းညိတ်ပြီး

ပြောပါသည်

“ကောင်းကင်တိုင်တောင်တန်းတစ်လျှော

က်မှာ အန္တရာယ်ရှိတဲ့ နေရာတွေ

အများကြီးရှိတယ်။ ဒါပေမဲ့

အန္တရာယ်အရှိဆုံးလို့

အားလုံးကယူဆကြတဲ့

နေရာသုံးခုပဲရှိတယ်။

အဲဒီအထဲကတစ်ခုက ငရဲချောက်နက် ပဲ။

ကောလာဟာလတွေအရဆိုရင်

မျိုးဆက်ဟောင်းရဲ့

ကျင့်ကြံသူတစ်ယောက်က

ငရဲချောက်နက် ထဲကို တစ်

ကြိမ်ဆင်းသွားတယ်။ ဒါပေမဲ့ သူ

ဘယ်တော့မှ ပြန်မထွက်လာဘူး”

ယန်ယဲ့ က ထပ်မေးလိုက်သည်

"အဲဒီနေရာကို မင်းတို့

ငရဲခန်းမရဲ့တည်ထောင်သူက
ဖန်တီးထားတာလား"

သွေးကေရီ က အနည်းငယ်
ခေါင်းညိတ်ပြသည် "လွန်ခဲ့တဲ့နှစ်တွေမှာ
ခန်းမသခင်ရှောင်စီးယောင်
အနားယူခဲ့တဲ့နေရာပါ"

ယန်ယဲ့ က

တိုးတိုးလေးပြောလိုက်ပါသည် “သူမက

အရမ်းသန်မာတယ်…”

ရှောင်စီးယောင်…

သူသည် ထိုနာမည်ကို

တစ်ကြိမ်ထက်မက ကြားနေရသည်။

အထူးသဖြင့် ထိုနာမည်ပိုင်ရှင်က

အလွန်ပင်ကြောက်စရာကောင်းသော

အစွမ်းထက်ကျင့်ကြံသူပါ။

သို့သော်လည်း ရှောင်စီးယောင် ထိုမျှ

သန်မာမည်ဟု သူ မမျှော်လင့်ခဲ့ပေ။

တစ်ချိန်က သူမ

နေထိုင်ခဲ့သည့်နေရာသည်ပင်

ကောင်းကင်တိုင်တောင်တန်း၏

တားမြစ်နယ်မြေဖြစ်လာသောကြောင့်ပါ။

အမှန်တော့ အလယ်စကြာဝဠာရှိ

ကျင့်ကြံသူအားလုံးနီးပါးဟာ

ရှေးဟောင်းမျိုးနွယ်၏
အဆက်အနွယ်များပင်။

သို့သော် ထိုကဲ့သို့လူများတောင်
တားမြစ်နယ်မြေအဖြစ်
သတ်မှတ်ထားရသောကြောင့်
ရှောင်စီးယောင်၏တည်ရှိမှုအားမှန်းဆနို
င်ပါသည်။

ယန်ယဲ့ သည် သူ့အတွေးများကို

ထိန်းလိုက်ပြီး "အခု

သွားရအောင်"ဟုပြောလိုက်သည်။

ဤအချိန်တွင် ယန်လျန်ရှမ်း က

ရုတ်တရက် ပြောပါသည်

"ငါဒီမှာချန်နေခဲ့မယ်"

အားလုံးက သူမကို

စိုက်ကြည့်နေကြသည်။

ယန်လျန်ရှမ်း က ပြုံးပြီး "ငါတို့ ဒီမှာ

စစ်ဆင်ရေး စခန်းတစ်ခု

တည်ဆောက်ရမယ်လို့ ငါ ခံစားမိတယ်။

ဒါ့အပြင် ငါတို့က

ကောင်းကင်တိုင်တောင်တန်း ကို

အပြည့်အစုံနားလည်ထားဖို့

လိုမယ်ထင်တယ်။ ဘာလို့လဲဆိုတော

ဒီမှာရှိတဲ့ အက်အားစုတွေက

အတော်လေး ရှုပ်ထွေးတယ်။ ဒီတော့

ငါတို့က ကိုယ့်ရန်သူအကြောင်းတော့

သေသေချာချာလေး သိထားရမယ်။

နင်တို့လည်း အဲ့လိုမထင်ဘူးလား"

သွေးကေရီ က ခဏာမျှစဉ်းစားလိုက်ပြီး

ခေါင်းညိတ်ပြသည်

“နင်ပြောတာမှန်တယ်။ဒီနေရာအကြောင်း

နည်းနည်းသိပေမယ့်

ငါတို့သိထားတာတွေက

အပေါ်ယံလောက်ပဲ" သူမက

ယန်လျန်ရှမ်းကို စိုက်ကြည့်ပြီး ဆက်ပြောသည် “ဒါပေမဲ့ အရမ်းအန္တရာယ်များတယ်။ နင် … နိုင်ပါ့မလား…"

ယန်လျန်ရှမ်း က ပြုံးပြီး “အဆင်ပြေပါတယ်။ သူတို့က ယန်ယဲ့ကို သတ်ချင်နေတာ မဟုတ်ဘူးလား၊ ဒါပေမယ်လို့ ပွင့်ပွင့်လင်းလင်းလုပ်မှာမဟုတ်ဘူး”

"ဒုတိယအစ်မ၊ သူပြောတာကို ယုံပါ"

ယန်ယဲ့က ထပ်ပြောလိုက်သည်။ သူသည်

ယန်လျန်ရှမ်းကို

အပြည့်အဝယုံကြည်ထားသည်။

ထိုအမျိုးသမီးဟာ သန်မာရုံမျှမကဘဲ

ဉာဏ်ရည်ထက်မြက်သူလည်းဖြစ်နေ

သေး၏။

သတင်းအချက်အလက် ရှာဖွေမယ်။

ယန်ယဲ့ သည်

တစ်စုံတစ်ယောက်အကြောင်းကို

ရုတ်တရက် တွေးမိလိုက်သည်။ သူက

သွေးဧကရီ ကို စိုက်ကြည့်ရင်း

"ဒုတိယအစ်မ၊ မင်းတို့ ဒီကိုလာတော့

တင်းရှောက်ယောင် ပါလာသေးလား"

တင်းရှောက်ယောင်...

သူ့အတွက် အသက်ပင် စတေးရဲသော
အမျိုးသမီးကို မမေ့ခဲ့ပေ။

သွေးဧကရီ က ခေါင်းညိတ်လိုက်သည်
“သူ ငါတို့နဲ့ လိုက်လာခဲ့တာပဲ။ ဒါပေမဲ့
ဒီကိုရောက်တာနဲ့ သူ့ဘာသာသူ
ထွက်သွားခဲ့တယ်”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "သူမ သူ့ဘာသာသူ ထွက်သွားတာလား"

သွေးဧကရီ က ခေါင်းညိတ်ရင်း ဆက်ပြောပါသည် “သူမ ဘာစီစဉ်ထားလဲတော့ မသိဘူး၊ ဒါပေမဲ့ သူမက အရမ်းပါးနပ်တယ်။ အရမ်းညာဏ်ကောင်းပါတယ်။ ဒါကြောင့် သူမ အဆင်ပြေနေမှာပါ။ နောက်ဆုံးတော့ သူမက

နင်နဲ့ပတ်သက်တယ်ဆိုတာ
ဘယ်သူမှမသိကြဘူးလေ"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
စကားဆက်မပြောတော့ပေ။

ဤအတောအတွင်း သွေးကေရီ က
ကျိန်စာကေရီ၊ ကန့်သတ်ခြင်းမိန်းမပျို၊
အလင်းကေရီ၊ အရိပ်မိန်းမပျို၊
ရေခဲကေရီ နှင့် မေ့လျော့ခြင်းကေရီ ကို

ရုတ်တရက် စူးစိုက်ကြည့်ကာ "နင်တို့ ခြောက်ယောက်လုံး သူမကို ကူညီပါ"ဟုပြောလိုက်သည်။

ခန်းမသခင် ၆ ယောက်စလုံး အနည်းငယ် ခေါင်းညိတ်လိုက်ကြသည်။

ထို့နောက် သွေးကေရီ က ယန်ယဲ့ကို စိုက်ကြည့်ရင်း "သွားရအောင်"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

သွေးကြေရိုးကြေ ရဲရဲကြေရိုး၊

ဝက်စီးသောအမျိုးသမီးငယ် နှင့်အတူ

ပျောက်ကွယ်သွားခဲ့သည်။

........

မေ့လျော့ခြင်းကြေရိ က ယန်လျန်ရှမ်း ကို

ရုတ်တရက် စိုက်ကြည့်ပြီး

မေးလိုက်သည် "ငါတို့ ဘာလုပ်သင့်လဲ"

ယန်လျန်ရှမ်း က ပြုံးပြီး "ငါတို့
လုပ်စရာတွေ အများကြီးရှိသေးတယ်"
ဟုပြန်ဖြေပါသည်။ တစ်ဆက်တည်း
မေ့လျော့ခြင်းကေရီ နှင့်
အခြားခန်းမသခင်များကို
စူးစိုက်ကြည့်ကာ ပြောလိုက်သည်
"ယာယီအဖွဲ့အစည်းတစ်ခု
ထူထောင်ချင်တယ်၊ အဲဒါကို ကေရီတပ်ဖွဲ့
လို့ ခေါ်မယ်။ အဆင်ပြေလား"

အားလုံးက ပြောစရာ စကားမဲ့သွားသလို

ခံစားလိုက်ရသည်။

.......

ယန်ယဲ့ သည် နှင်းပွင့်ကို

ပခုံးပေါ်တင်ထားလျက်

အကန့်အသတ်မဲ့တောင်တန်း ဆီသို့

တဟုန်ထိုးပြေးဝင်သွားသည်။

သွေးကေရီ နှင့် အခြားသူများကတော့
မူလစေတီထဲကိုဝင်သွားကြသည်။

ယန်ယဲ့ ပိုင်ဆိုင်သော
အချိန်ပြောင်းပြန်အခန်း အကြောင်းကို
သိထားသောကြောင့် အားလုံးက
အပြင်မထွက်လိုဘဲ အခန်းထဲမှာသာ
ကျင့်ကြံလိုကြသည်။

လမ်းတစ်လျှောက်လုံးတွင် ယန်ယဲ့သည်

လျှို့ဝှက်ဆန်းကြယ်သော

အစွမ်းထက်အော်ရာများကို

ဝိုးတဝါးခံစားလာရသည်။

ကံကောင်းထောက်မစွာ ဓားနယ်မြေကို

အသက်သွင်းကာ သူကိုယ်တိုင်နှင့်

နှင်းပွင့်ကို ဖုံးကွယ်ထားသည်။

သူ့ရှေ့ကနေ တစ်စုံတစ်ယောက်

ဖြုတ်သွားလျှင်ပင် သူ၏အငွေ့အသက်ကို
အာရုံခံနိုင်မှာမဟုတ်ပေ။

ထို့အပြင် သူ၏ရည်ရွယ်ချက်ကိုက
ငရဲချောက်နက် ဖြစ်သောကြောင့်
မလိုအပ်ဘဲ ဒုက္ခမရှာချင်ပေ။

၆ နာရီအကြာတွင် နှင်းပွင့်က
လက်သည်းများကို

ယန်ယဲ့၏လည်ပင်းပေါ်ရှိတက်တရက်
ကုတ်ခြစ်လိုက်သည်။

ရပ်ခိုင်းနေတာလား။

နှင်းပွင့်က ယန်ယဲ့ကို
ရပ်ခိုင်းလိုက်တာပါ။

ယန်ယဲ့ က ရပ်လိုက်ပြီး နှင်းပွင့်ကို
စိုက်ကြည့်နေသည်။ တစ်ချိန်တည်းမှာပင်

နှင်းပွင့်က လက်သည်းများကိုမြှောက်ကာ စိတ်လှုပ်ရှားမှုအပြည့်ဖြင့် ညာဖက်ဆီသို့ ညွှန်ပြလိုက်သည်။

ရတနာတစ်ခုလား။

ဟိုမှာ ရတနာတစ်ခုရှိတယ်။

ယန်ယဲ့ သည် နှင်းပွင့်အကြောင်းကို ကောင်းကောင်းသိထားလေရာ

ရတနာတစ်ခုခု ရှိနေမှန်း

သဘောပေါက်လိုက်သည်။

ယန်ယဲ့က ခဏမျှစဉ်းစားပြီး

ပြန်ပြောခဲ့သည် "ငါတို့

တခြားတစ်နေရာကို သွားရမယ်"

နှင်းပွင့်က မျက်တောင်ခတ်လိုက်သည်။

ထို့နောက် မျက်လုံးထဲ

စိတ်လှုပ်ရှားမှုများ၊ ပျော်ရွှင်မှုများ

ပြည့်လာကာ ညာဖက်ကို
ထပ်ပြီးညွှန်ပြလိုက်သည်။

အရမ်းထူးခြားတဲ့ရတနာတစ်ခုလား။

ထိုနေရာရှိ ရတနာက
ထူးခြားဆန်းကြယ်ကြောင်း
ပြောနေတာပါ။

နှင်းပွင့်က မူလစေတီထဲကို ရုတ်တရက်

ဝင်ရောက်သွားသည်။

သိပ်တော့မကြာလိုက်ပေ၊

နောက်တစ်ကြိမ်ပြန်ထွက်လာသည်။

သို့သော်

သူမ၏လက်သည်းလေးများကြား

ဘဝဝိညာဉ်သစ်သီးတစ်လုံး ရှိနေခဲ့သည်။

ဤအချိန်တွင် နှင်းပွင့်က ညာဖက်ကို

ညွှန်ပြကာ ဘဝဝိညာဉ်သစ်သီးကို

ညွှန်ပြပြီးနောက် ၎င်းအား
တန်ဖိုးမရှိသလို ကြည့်နေလေသည်။

ယန်ယွဲ့ သည်
စကားမပြောနိုင်လောက်အောင်ကို
ခံစားလိုက်ရသည်။

ထိုနေရာရှိ ရတနာက ဘဝဝိညာဉ်သစ်သီး
ထက် အဆပေါင်းများစွာ သာလွန်သည်။

နှင်းပွင့်က သူ့ကို ရှင်းပြနေတာပါ။

“အဲ…” ယန်ယွဲ့ သည် ချီတုံချတုံ

ဖြစ်နေသည်။

အဖိုးတန်ရတနာတစ်ခုရှိနေသော

နေရာဟာ သဘာဝအတိုင်း

အန္တရာယ်ပါရှိနေတတ်သည်။ ထို့ကြောင့်

အနည်းငယ် တုံ့ဆိုင်းသွား၏။

အထူးသဖြင့်

ကောင်းကင်တိုင်တောင်တန်း ပင်။

ဤနေရာရှိ အန္တရာယ်က
သေချာပေါက်ကြောက်စရာကောင်းပေမ
ည်။

ဤအတောအတွင်း နှင်းပွင့်က
လက်သည်းများကို မြှောက်လိုက်ရာ
မှုလခရမ်းရောင်သလင်းကျောက်တစ်လုံး
ပေါ်လာသည်။ ထို့နောက်
အခြားလက်ကလေးတစ်ဖက်ကို
ညာဘက်သို့ ညွှန်ပြရင်း

ခရမ်းရောင်သလင်းကျောက်ကို

ပြန်ပြီးညွှန်ပြလေသည်။ အမှန်တော့

ယန်ယဲ့သာ ထိုနေရာကိုသွားနေပါက

မူလခရမ်းရောင်သလင်းကျောက်

ပေးမည်ဟု ပြောနေတာပါ။

ယန်ယဲ့ က နှင်းပွင့်၏ အပြုအမူကြောင့်

ရယ်ရမလား ငိုရမလားပင်မသိတော့ပေ။

သူက နှင်းပွင့်၏ခေါင်းလေးကို

ညင်သာစွာ ပွတ်သပ်ပြီး “ကောင်းပြီ၊ ငါတို့ သွားကြည့်မယ်။ ဒါပေမဲ့ အန္တရာယ်ရှိရင် ငါတို့ ထွက်သွားမယ်။ အဆင်ပြေလား"

အမှန်တော့ သူလည်း အတော်လေးကိုသိချင်နေခဲ့သည်။ အကြောင်းကတော့ နှင်းပွင့်ကိုပင် စိတ်လှုပ်ရှားပျော်ရွှင်စေသောကြောင့်ပါ။

နောက်ဆုံးတွင် နှင်းပွင့်က အတော်လေး

ဇီဇာကြောင်ပါသည်။

ဘဝဝိညာဉ်သစ်သီး ကိုပင်

ဂရုမစိုက်ခဲ့ပေ။

နှင်းပွင့်က ယန်ယဲ့၏လည်ပင်းကို

ချက်ချင်း ပွေ့ဖက်လိုက်ပြီး

သူမ၏ခေါင်းလေးနှင့် ပွတ်လိုက်သည်။

ထို့နောက် ယန်ယဲ့၏လက်ကိုဆွဲကာ

ညာဖက်သို့ဆွဲခေါ်လေသည်။

ယန်ယဲ့ သည် နှင်းပွင့်ကို

ပခုံးပေါ်ပြန်တင်လိုက်ရင်း

ဓားတစ်ချောင်းကို

ဆုပ်ကိုင်ထားလိုက်သည်။

ဤနေရာတစ်ခုလုံးက အန္တရာယ်များ

ပြည့်နေသောကြောင့်

အစစအရာရာသတိထားရပါမည်။

အမည်မသိရတနာ နှင့်ပတ်သက်၍တော့

သူ့စိတ်ထဲ သိချင်ရုံလောက်သာ။

အရယူဖို့ မဆုံးဖြတ်ထားပေ။ မှန်သည်၊
လွယ်လွယ်နဲ့ ရနိုင်ရင်တော့
ပိုကောင်းပါသည်။

သိပ်မကြာလိုက်ပေ၊ နှင်းပွင့်၏
ညွှန်ပြမှုနှင့်အတူ ယန်ယဲ့သည်
ချောက်နက်ကြီးတစ်ခုထဲသို့
ဆင်းလာခဲ့သည်။

ချောက်နက်ကြီး က တောင်ကြီး ၃
လုံးဖြင့် ဝန်းရံထားသည်။
အလွန်တရာမြင့်မားသော တောင်ကြီး ၃
လုံးက တြိဂံပုံသဏ္ဍာန် ဝိုင်းရံထားသည်။

ယန်ယဲ့ သည် သတိအပြည့်ထားလျက်
ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။
နေရာတစ်ခုလုံးသည် မည်သည့်

အော်ရာမှ ထွက်ပေါ်မနေဘဲ

အလွန်တိတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့ သည်

ချက်ချင်းမျက်မှောင်ကြုတ်လိုက်သည်။

သူ၏ပင်ကိုယ်က တစ်ခုခုတော့

မှားနေပြီဖြစ်ကြောင်း ပြောနေလို့ပါ။

ထိုအချိန်တွင် နှင်းပွင့်က

ချောက်နက်အတွင်းပိုင်းဆီသို့

ညွှန်ပြလိုက်သည်။

ယန်ယဲ့ သည် ရှေ့ကို

ကျော်ကြည့်လိုက်သည်။

ချောက်နက်ကြီးတစ်ခုလုံးဟာ

ဘာကိုမှမမြင်ရဘဲလုံးဝ

မည်းမှောင်နေ၏။အပြင်ဖက်မှ

နေအလင်းရောင်ပင် စိမ့်မဝင်နိုင်ပေ။

တစ်ခုခုတော့

မှားနေပြီဆိုတာသေချာပါတယ်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

နောက်ပြန်လှည့်ရန် စဉ်းစားနေခဲ့သည်။

ရတနာက ထူးခြားဆန်းကြယ်လေလေ

အန္တရာယ်ပိုကြီးလေပါ။ သူသည်

ထိုသဘာဝတရားကို

ကောင်းကောင်းသိထားခဲ့သည်။

ယန်ယဲ့ သည် နေရာမှာရပ်နေရင်း ချောက်

နက်ထဲသို့ ရုတ်တရက် လှည့်ကြည့်လိုက်

သည်။ ထိုအခါ

မီးခိုးရောင်ဝတ်စုံဝတ်အမျိုးသားတစ်ဦး

ရုတ်တရက် ပေါ်လာသည်ကို

လှမ်းမြင်လိုက်ရသည်။

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ ။

မီးခိုးရောင်ဝတ်စုံဝတ်အမျိုးသားက

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။ အဆုံးတွင်

သူသည်

ချောက်နက်ကြီးအတွင်းပိုင်းဆီသို့

လှမ်းကြည့်လိုက်သည်။ သူသည် ခဏမျှ

တုံ့ဆိုင်းသွားပြီးနောက် ချောက်နက်ကြီး

အနက်ရှိုင်းဆီသို့

ဆက်ပြီးတိုးဝင်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့သည်
မလှုပ်ရှားသေးဘဲ အခြေအနေကိုသာ
ဆက်ပြီးစောင့်ကြည့်နေခဲ့သည်။

အချိန်အနည်းငယ်ကြာပြီးနောက်တွင်
ချောက်နက်အတွင်းပိုင်းဆီမှ
ကျယ်လောင်သော ရယ်မောသံ
ထွက်ပေါ်လာ၏

"ဝိညာဉ်ဖန်တီးခြင်းသစ်ပင်၊

ဝိညာဉ်သန့်စင်ခြင်းနတ်ပန်းပွင့်၊

ဝိညာဉ်ပြန်လည်မွေးဖွားခြင်းသစ်သီး...

ဟားဟား၊ ဒီနေရာမှာ

ဒီလိုနတ်ဘုရားရတနာတွေ ရှိမယ်လို့

မမျှော်လင့်ထားဘူး။ဟားဟား....”

ရယ်မောသံနဲ့အတူ ပျော်ရွှင်မှု၊

စိတ်လှုပ်ရှားမှု၊ ရူးသွပ်မှု

အရိပ်အယောင်များ ကပ်ပါလာသည်။

ယန်ယဲ့ သည် အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

"... ဝိညာဉ်ပုံဖော်ခြင်းသစ်ပင်။

ဝိညာဉ်ဖန်ဆင်းခြင်းနတ်ပန်းပွင့် လား။

ဝိညာဉ်ပြန်လည်မွေးဖွားခြင်းသစ်သီး။ ဒါ

ဘာတွေလဲ...."

ထိုအချိန်တွင် သူ့စိတ်ထဲမှ ချုန်းချီ၏

စိတ်လှုပ်ရှားနေသောအသံ

ရုတ်တရက်ထွက်ပေါ်လာသည်ကို

ကြားလိုက်လေသည်။ သူက "ကလေး၊

အဲဒါတွေက ရတနာတွေ။

အရမ်းကောင်းမွန်တဲ့

ရတနာတွေပဲ။တတ်နိုင်ရင်

အကုန်သွားယူလိုက်"

တစ်ချိန်တည်းတွင် ဟိုချင်၏

အသံကလည်း

ထပ်မံထွက်ပေါ်လာပြန်သည် "ကလေး၊

မင်းက မရရအောင်ယူသင့်တယ်။

ဒါတွေက တကယ့် ရတနာတွေပဲ"

ယန်ယဲ့ သည် စကားပြန်ပြောရန်

ပြင်လိုက်စဉ် ချောက်နက်အတွင်းပိုင်းမှ

ကျယ်လောင်သော အော်ဟစ်သံ

ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။

သို့သော် အသံက ခဏလေးဖြင့်

ရပ်သွားသည်။

ထိုလူ၏အသံက ရုတ်တရက် ပေါ်လာပြီး
လျင်မြန်စွာ ပျောက်ကွယ်သွားသည် ။

ချောက်အနက်အတွင်းပိုင်းသည် နောက်
တစ်ခါ တိတ်ဆိတ်သွားပြန်သည်။

နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး
လက်ကလေးနှစ်ဖက်ဖြင့်
ယန်ယဲ့၏ပခုံးကို
ဖက်တွယ်ထားလေသည်။

ဤအချိန်တွင် အမှောင်ထုထဲမှ
အနီရောင်အရည်များစွာ ရုတ်တရက်
ထွက်လာသည်။

သွေးတွေပန်းထွက်လာတာလား။

ယန်ယွဲ့ သည် သွေးများ
ပန်းထွက်နေသော နေရာဆီသို့

စိုက်ကြည့်နေပြီးနောက် သူ့စိတ်ကို

ခန္ဓာကိုယ်ထဲသို့ နှစ်မြှုပ်ပစ်လိုက်သည်

“မင်းတို့နှစ်ယောက်လုံးက ရတနာတွေလို့

ပြောကြတယ်။ အဲဒါတွေက ဘာတွေလဲ”

ချုန်းချီက

“စိတ်ဝိညာဉ်ဖန်တီးခြင်းသစ်ပင်ကို

မင်းရဲ့စိတ်ဝိညာဉ်ပင်ထဲမှာ

စိုက်ထားလို့ရတယ်။ ဒါဟာ

မင်းရဲ့မူလစိတ်ဝိညာဉ်နဲ့

အပြည့်အဝပေါင်းစပ်ပြီးတာနဲ့

မင်းရဲ့စိတ်ဝိညာဉ်အခြေအနေက

ဉာဏ်အလင်းသခင်တွေထက်တောင်

ကျော် လွန်သွားလိမ့်မယ်။

ဒါက မင်းအတွက်

တကယ့်ကိုအကျိုးရှိတယ်။

ဝိညာဉ်ဖန်ဆင်းခြင်းနတ်ပန်းပွင့်က

စိတ်ဝိညာဉ်စွမ်းအားကို

မြှင့်တင်ပေးနိုင်တယ်။ ဒါဟာ

ကူကလန်ရဲ့

စိတ်ဝိညာဉ်ဖန်ဆင်းခြင်းသစ်ပင်ထက်

အဆပေါင်းများစွာ ပိုသန့်စင်တယ်။

အဲဒီနတ်ပန်းပွင့်ကို

ရအောင်ယူသင့်တယ်။ ပြီးတော့

မင်းရဲ့မူလစိတ်ဝိညာဉ်နဲ့ ပေါင်းစပ်လိုက်။

အောင်မြင်သွားတဲ့အခါ လုံးဝကို

ကြောက်စရာကောင်းလာလိမ့်မယ်။

အဲဒီအချိန်မှာ မင်းက ဉာဏ်အလင်းသခင်

ဒါမှမဟုတ် ဟိုချင်ရဲ့

စိတ်ဝိညာဉ်ဖျက်ဆီးခြင်းတိုက်ခိုက်မှုကို

လုံးဝဂရုစိုက်စရာမလိုတော့ဘူး”

ချုန်းချီ က စကားခဏရပ်ပြီး

“အရေးကြီးဆုံးက

ဝိညာဉ်မွေးဖွားခြင်းသစ်သီး ပါ။

မွေးဖွားခြင်းသံသရာကို

နက်နက်နဲနဲနားလည်စေနိုင်တယ်။ ဒါဟာ

မင်းရဲ့ခန္ဓာကိုယ်ကို

ပြောင်းလဲပစ်နိုင်တဲ့အပြင်

အရေးကြီးလာတဲ့အခါ မင်းရဲ့

ရှင်သန်ခြင်းစွမ်းအင်ကို

အားပြန်ဖြည့်ပေးနိုင်တယ်။

ငါဒီလိုရှင်းပြပါရစေ။

တစ်စုံတစ်ယောက်က

မင်းရဲ့ခန္ဓာကိုယ်သွေးကြောတွေ နဲ့

ကိုယ်တွင်းအင်္ဂါတွေကို

ဖျက်ဆီးလိုက်ရင်တောင်မှ ဒါဟာ မင်းကို

ပြန်ပြီးမွေးဖွားပေးနိုင်သေးတယ်။

အခုချက်ချင်း မျိုချလိုက်ရင် မင်းရဲ့

အင်မော်တယ်ဟာဂျီမွန်ခန္ဓာကိုယ်ကို

ဒုတိယအဆင့်

သွေးပြန်လည်မွေးဖွားခြင်းကို

အဆင့်တက်သွားနိုင်တယ်"

သွေးပြန်လည်မွေးဖွားခြင်း ။

ယန်ယဲ့ သည်

အသက်ပြင်းပြင်းရှူလိုက်သည်။

ရိုးရိုးရှင်းရှင်းပြောရလျှင်

ထိုရတနာများကို ရယူနိုင်သည်နှင့်

သူ၏အလုံးစုံစွမ်းအားက

အဆင့်တစ်ခုသို့မြင့်တက်သွားပေမည်။

ယန်ယဲ့ သည် အမှောင်ထု ဆီသို့

ရုတ်တရက်လျှောက်သွားသည်။

ယန်ယဲ့၏ မျက်နှာက ချက်ချင်းပင် မည်းမှောင်သွားသည်။

အကြောင်းမှာ သူ့ခန္ဓာကိုယ်က မလှုပ်ရှားနိုင်တော့လို့ပါ။ သို့သော်လည်း သူ့ခန္ဓာကိုယ်က အလိုလိုရှေ့ဆက်သွားနေခဲ့သည်။

အုန်း...

ယန်ယဲ့၏ခန္ဓာကိုယ်မှ ညဏ်အလင်းပွင့်

စိတ်ဆန္ဒ (၂)မျိုး

ပေါက်ကွဲထွက်လာသည်။ သို့ရာတွင်

ခဏအကြာမှာပဲ သူ့ခန္ဓာကိုယ်ထဲကို

ပြန်ဝင်သွားသည်။

ယန်ယဲ့ သည်

အတော်လေးအံ့သြသွားသည်။ သူသည်

ချူန်းချီ နှင့် ဟိုချင်ကို ကမန်းကတန်း

ဆက်သွယ်လိုက်သော်လည်း

ဘာဖြေကြားမှုမျှမရှိခဲ့ပေ။

ယန်ယဲ့ သည်

အမှန်ပင်ထိတ်လန့်သွားပါပြီ။ သူ၏

ဆန်းကြယ်ချီစွမ်းအင်ကို

ဖြန့်ထုတ်လိုက်သော်လည်း

မျက်စိတစ်မှိတ်ပင်မကြာလိုက်ဘဲ

ပျောက်ကွယ်သွားရသည်။

ထို့နောက်တွင် မူလစေတီကို
အမြန်ဆက်သွယ်ကြည့်လိုက်သည်။
သို့သော်လည်း လုံးဝတုံ့ပြန်မှု မရှိခဲ့ပေ။

ယန်ယဲ့၏ အမူအရာက
ချက်ချင်းပြောင်းသွားပြန်သည်။

သူလုပ်သမျှ အရာအားလုံးက
အချည်းအနှီးသာ။
ဘာမှကိုထူးခြားမလာခဲ့ပေ။

ထိုအတိုင်းပင်၊ ယန်ယဲ့၏ခန္ဓာကိုယ်သည် အမှောင်ထုဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားနေသည်ကိုသာ စောင့်ကြည့်နေနိုင်ခဲ့သည်...

May Be:

၂၁၇၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန် သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၁၇၉ - ယန်ယဲ့၏ စီနီယာအစ်ကို

နှင်းပွင့်က မျက်တောင်ခတ်လိုက်သည်။ သူမ၏လက်သည်းများကို ယန်ယဲ့၏ပခုံးအား အမြန်ရစ်ပတ်ပြီး နောက်ပြန်ဆွဲလိုက်သည်။ သို့သော်လည်း ဘယ်လိုမှကိုဆွဲခေါ်လို့မရတော့ပေ။

ဤအချိန်တွင် နှင်းပွင့်က မျက်ရည်များ တလဟောကျဆင်းလာပါတော့သည်။

ဤအတိုင်းပင် နှစ်ယောက်သား
ကန့်လန့်ကလန့်လန့်ဖြင့် အမှောင်ထုထဲသို့
လျှောက်သွားနေခဲ့သည်။

ယန်ယဲ့ သည် ဤအခိုက်အတန့်တွင်
သူ၏ စိတ်ကို အတတ်နိုင်ဆုံး တည်
ငြိမ်အောင်ထားလိုက်သည်။

ချုန်းချီ နှင့် ဟိုချင်
လည်းနှုတ်ဆိတ်နေကြသည်။
မူလစေတီပင်လျှင်
တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။

ဤအခိုက်အတန့်တွင် သူသည်
အန္တရာယ်များသော အရာတစ်ခုနှင့်
သေချာပေါက် ကြုံတွေ့နေရကြောင်း
သဘောလိုက်သည်။

ထို့ကြောင့် အလောတကြီးပြုမူတာမျိုး
မလုပ်ဝံ့တော့ပေ။ အမှန်တော့
ဘာလုပ်လုပ် အသုံးမဝင်လို့ပါ။

ယန်ယဲ့ သည် ရှေ့တည့်တည့်ကို
မော့ကြည့်လိုက်သည်။ သူ့ရှေ့
တောင်နံ့ရံထက်မှာ ၃၀
မီတာလောက်မြင့်မားသော
သစ်ပင်ကြီးတစ်ပင် ရှိနေ၏။
ပင်စည်တစ်ခုလုံးက

အနက်ရောင်ဖြစ်သော်လည်း

အပွင့်ကတော့ ထူးထူးခြားခြားကို

အဖြူရောင်ပန်းပွင့်ပါ။

ပန်းပွင့်များဟာ နှင်းခဲများဖြင့်

ဖန်တီးထားသလိုမျိုး

ဖြူဖွေးတောက်ပနေသည်။

ပန်းပွင့်ချပ်များအောက်၌

လက်သီးဆုပ်အရွယ်

သစ်သီးများရှိနေသည်။ သစ်သီးများက

အနီရောင်ဖြစ်ကာ

အတော်ကိုကြည့်ကောင်းလှသည်။

တစ်ချိန်တည်းမှာပင်

ယန်ယဲ့၏အကြည့်များက

သစ်ပင်ခြေရင်းကိုရောက်သွားသည်။

ပင်စည်အောက်နားတွင်

တင်ပျဉ်ခွေထိုင်နေသော

အမျိုးသားတစ်ယောက်ရှိနေခဲ့သည်။

ထိုလူက ခေါင်းကို
အောက်ငုံ့ထားသောကြောင့်
သူ၏အသွင်အပြင်ကို မမြင်နိုင်ပေ။

ယန်ယဲ့က ထိုလူကို စူးစိုက်ကြည့်လိုက်ပြီး
“အကြီးအကဲ၊ မင်းဘယ်သူလဲဆိုတာ
ငါသိနိုင်မလား” ဟု မေးလိုက်ပါသည်။

ထိုလူက ယန်ယဲ့ကို

မော့ကြည့်လိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့ သည်

အမည်မသိလူ၏အသွင်အပြင်ကို

ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။

ထိုလူက အသက် ၃၀ ဝန်းကျင်ခန့်သာ

ရှိသေးပုံရ၏။ ထို့အပြင်

မျက်နှာပေါ်တွင်လည်း မကောင်းသော

အငွေ့အသက်များ မရှိခဲ့ပေ။

ထိုလူက ရုတ်တရက် မေးပါသည်

“ဒီသစ်ပင်ကို လိုချင်တာလား”

ယန်ယဲ့ က သစ်နက်ပင်ကြီး ကို

တစ်ချက်ကြည့်လိုက်ပြီး

“အမှန်တိုင်းပြောရင် ငါလိုချင်တယ်” ဟု

ပြန်ပြောလိုက်သည်။

ထိုလူက အနည်းငယ် ခေါင်းညိတ်ကာ

“လိုချင်တဲ့သူတိုင်း သေသွားပြီ။ ဒါပေမဲ့

မင်းကတော့ ခြွင်းချက်ဖြစ်နိုင်တယ်"

ယန်ယဲ့ က ပုံမှန်လေသံဖြင့်

"ကျေးဇူးပြုပြီးပြောပြပါ"

ထိုလူက ယန်ယဲ့ကို

အချိန်အနည်းငယ်ကြာ စိုက်ကြည့်ကာ

"မင်းရဲ့ စိတ်ဓာတ်က မဆိုးပါဘူး။

ထူးချွန်တာတော့ အမှန်ပါပဲ။
ငါ့ရည်မှန်းချက်က
အရမ်းရိုးရှင်းပါတယ်။ ဒီနေရာက
ထွက်သွားချင်တယ်။
ငါ့ကိုကူညီပေးလို့ရမလား"

ယန်ယဲ့က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး
"ငါတကယ်နားမလည်ဘူး"

ထိုအချိန်တွင် ထိုလူက ဖြည်းညှင်းစွာ

ထရပ်လိုက်သည်။ သူ ရပ်လိုက်သည်နှင့်

ပတ်ဝန်းကျင်တစ်ခုလုံးသည် တဝုန်းဝုန်း

တုန်လှုပ်သွားသည်။ ထိုခဏလေးမှာပဲ

ချောက်နက်ကို ပတ်ပတ်လည်

ဝိုင်းရံထားသော တောင်ကြီး ၃ လုံးမှ

မရေမတွက်နိုင်သော

ရွှေရောင်အလင်းတန်းများနှင့်

ရွှေချည်မျှင်များ

ဖြာထွက်လာပါတော့သည်။ အဆုံးတွင်
သက်လတ်ပိုင်းအမျိုးသား၏ခန္ဓာကိုယ်
အား ရစ်ပတ်သွားသည်။

ဤအခိုက်အတန့်တွင် အမည်မသိလူက
ရွှေရောင်ဝတ်ရုံကို ဝတ်ဆင်ထားသလိုပါ။

တစ်ချိန်တည်းမှာပင် သူ၏ခြေထောက်
အောက်နားမှ
ရွှေရောင်အလင်းစက်ဝိုင်းတစ်ခု

ပေါ်လာသည်။

ရွှေရောင်အလင်းစက်ဝိုင်းက

လျှင်မြန်စွာလည်ပတ်လာကာ

ရွှေရောင်အလင်းတန်းများဖြာထွက်လာ

ပြီး သက်လတ်ပိုင်းအမျိုးသား၏

ခြေဖဝါးနှစ်ဖက်ဆီသို့ ဖုံးလွှမ်းသွားသည်

။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို

စိုက်ကြည့်ရင်း “တွေ့လား”

ယန်ယဲ့က လေးနက်စွာပြောလိုက်သည်

"အဲဒါဘာလဲ"

သက်လတ်ပိုင်းအမျိုးသားက

ပြန်ဖြေသည်

“ချုပ်နှောင်ခြင်းအစီအရင်တစ်ခု။

ငါ့လိုလူတွေကို ချုပ်နှောင်ဖို့

အထူးဖန်တီးထားတဲ့

ချုပ်နှောင်ခြင်းအစီအရင်ပဲ”

ယန်ယဲ့ က ပြန်ပြောလိုက်သည်

"မင်းရဲ့ ခွန်အားက ငါ့ထက်သာလွန်တယ်။

မင်းလိုလူတောင် မချိုးဖျက်နိုင်သေးတာ

ငါလုပ်နိုင်မယ်လို့ မင်းထင်လား"

သက်လတ်ပိုင်းအမျိုးသား က

ယန်ယဲ့၏လက်ထဲမှ သစ်သားဓား ကို

ရုတ်တရက် စိုက်ကြည့်ကာ

ပြန်ပြောလိုက်သည် "မင်း မလုပ်နိုင်ဘူး၊ ဒါပေမဲ့ မင်းရဲ့ဓားက တတ်နိုင်တယ်"

သစ်သားဓားလား ။

ယန်ယွဲ့က "အကြီးအကဲ၊ မင်း အဲဒါကို မှတ်မိလား"

သက်လတ်ပိုင်းအမျိုးသားက ခေါင်းညိတ်ပြသည် “ဒါပေါ့။

လူသားအင်ပါယာအရှင်ရဲ့
ဒဏ္ဍာရီနတ်ဆား ။ လောကသုံးပါး
မှာရှိတဲ့လူတိုင်း ဒါကို
အသိအမှတ်ပြုတယ်”

လောကသုံးပါး...

ယန်ယဲ့ သည် အံ့သြသွားသည်။ သူ့ရှေ့မှ
လူက လောကသုံးပါး
မှအကျဉ်းသားဖြစ်နေမည်ဟု

မမျှော်လင့်ခဲ့ပေ။ သို့သော်

အဓိပ္ပါယ်ရှိပါသည်။ အကြောင်းမှာ

လောကသုံးပါး မှ

တစ်စုံတစ်ယောက်ဖြစ်နေမှသာ

ထိုကြောက်မက်ဖွယ် စွမ်းအားကို

ပိုင်ဆိုင်နိုင်လို့ပါ။

ယန်ယွဲ့ က ရုတ်တရက်မေးလိုက်သည်

"မင်းကို

ဒီမှာဘယ်သူအကျဉ်းချထားတာလဲ"

သက်လတ်ပိုင်းအမျိုးသားက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး ပြောပါသည် "မင်းကို ငါပြောခဲ့ရင်တောင် ဘယ်သူမှန်း သိမှာမဟုတ်ဘူး။ ဒီတော့ ပြောတာမပြောတာက ဘာမှမထူးပါဘူး။ ဒီအစီအရင်ကို ချိုးဖျက်နိုင်သရွေ့တော့ ဒီသစ်နက်ပင်က မင်းပိုင်တယ်"

ယန်ယွဲ့ က "ငါ မလုပ်နိုင်ရင်

ဘယ်လိုလုပ်မလဲ"

"ဒါဆို မင်းအသက်ကို ချန်ထားခဲ့လိုက်"

သက်လတ်ပိုင်းအမျိုးသားက

ဆက်ပြောသည် “တစ်ယောက်ယောက်က

ဒီကိုလာမယ်လို့ မျှော်လင့်ပါတယ်။

ဒါပေမဲ့ အများကြီးတော့

မလာစေချင်ဘူး။အထူးသဖြင့်

လူတချို့ပေါ့။ ဒါဆို ငါပြောနေတာကို မင်းနားလည်သင့်တယ်မဟုတ်လား"

ယန်ယဲ့ က ရယ်မောလိုက်သည် "ငါ့မှာ ရွေးချယ်စရာမရှိဘူးထင်တယ်"

"တကယ်တော့ မင်းမှာ တခြားရွေးချယ်စရာရှိသေးတယ်" သက်လတ်ပိုင်းအမျိုးသားက “မင်းငါ့ကို

သတ်ဖို့ရွေးချယ်နိုင်တယ်”

ဟုပြောပါသည်။

သတ်ရမလား ။ ယန်ယဲ့က

ခေါင်းခါလိုက်ပြီး ထိုအတွေးကို

ငြင်းပယ်လိုက်သည်။ သူ့ရှေ့မှ

သက်လတ်ပိုင်းအမျိုးသားက

အနီရောင်ဝတ်စုံဝတ်အမျိုးသမီး

ထက်တောင်မှ သန်မာပါသည်။

အတိုချုပ်ပြောရလျှင်

သက်လတ်ပိုင်းအမျိုးသားက သူ

ရင်ဆိုင်နိုင်မည့်သူ မဟုတ်ချေ။

ယန်ယဲ့ သည် နေရာတွင်

အကြာကြီးငြိမ်သက်သွာ ရပ်နေခဲ့သည်။

ထို့နောက်

သူ၏ဆန်းကြယ်ချီစွမ်းအင်များကို

ထုတ်ဖော်ကာ သစ်သားဓား ထဲသို့

အဆက်မပြတ်ပို့လွှတ်လိုက်သည်။

ခဏအကြာတွင် သစ်သားဓား ကို

မြှောက်ကာ

ရုတ်တရက်ပိုင်းချလိုက်တော့သည်။

ဆူး....

ဓားစွမ်းအင်တစ်စင်းက လေထုကို

ဆုတ်ဖြဲကာ ရွှေချည်မျှင်များပေါ်

တည့်တည့်ပိုင်းချခဲ့သည်။

ဖုန်း...

မီးပွားများ ဖြာခနဲလွင့်စင်လာသည်။

အသက်ရှူချိန် ၂
ရှိုက်စာခန့်အကြာတွင်တော့
သက်လတ်ပိုင်းအမျိုးသား က
အောက်ကိုငုံ့ကြည့်လိုက်သည်။
ရွှေချည်မျှင်များက
နဂိုအတိုင်းရှိသော်လည်း

အမှတ်အသားတစ်ခုတော့

ကျန်နေခဲ့သည်။ ထိုအရာကို

မြင်သောအခါ

သက်လတ်ပိုင်းအမျိုးသား၏

မျက်လုံးများက

အရောင်လက်ခနဲဖြစ်သွားသည်။

သက်လတ်ပိုင်းအမျိုးသား က ယန်ယဲ့ကို

မော့ကြည့်ကာ

“လူသားအင်ပါယာအရှင်ရဲ့

ဒဏ္ဍာရီနတ်ဓားက မျှော်လင့်ထားသလိုပဲ။

ဒီအစီအရင်ကိုတောင်

ဖျက်ဆီးပစ်နိုင်တယ်။ လာပါ၊

ဆက်လုပ်ကြရအောင်"

ယန်ယဲ့ က သက်လတ်ပိုင်းအမျိုးသားကို

ကြည့်လိုက်ပြီး သစ်သားဓားကို

ဝှေ့ယမ်းလိုက်ပြန်သည်။

ထိုအတိုင်းပင် သူသည် သစ်သားဓားကို အဆက်မပြတ်ဝှေ့ယမ်းလိုက်လေတော့သည်။

ဤအတောအတွင်း သက်လတ်ပိုင်းအမျိုးသားကို ချုပ်နှောင်ထားသော ရွှေချည်မျှင်များဟာ နည်းပါးလာခဲ့သည်။သူ၏ခြေဖဝါးအော

က်ရှိ ရွှေရောင်အလင်းစက်ဝိုင်းကလည်း မှိန်ဖျော့ဖျော့ဖြစ်လာသည်။

သို့သော်လည်း ယန်ယွဲ့ သည် မရပ်တန့်ဘဲ အကြိမ်ကြိမ် ဝှေ့ယမ်းနေခဲ့သည်။

၁ နာရီခန့်အကြာတွင်... ။

သက်လတ်ပိုင်းအမျိုးသားကို

ဝန်းရံထားသည့် ရွှေချည်မျှင်များ

လုံးဝပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ သည် သစ်သားဓားကို

ပြန်သိမ်းကာ

သက်လတ်ပိုင်းအမျိုးသားကို

စိုက်ကြည့်နေသည်။ တစ်ချိန်တည်းမှာပင်

သစ်သားဓားကို တင်းကျပ်စွာ

ဆုပ်ကိုင်ထားလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

စကားပြန်ပြင်ခဲ့သော် သူ့အနေဖြင့်

သေခြင်းတရားရောက်လာမည့်အချိန်ကို

စောင့်ဆိုင်းနေမှာမဟုတ်ချေ။

ထို့အပြင် သူ့တွင်

အခြားရွေးချယ်စရာမရှိလျှင်

နောက်ဆုံးဝှက်ဖဲကို

ထုတ်သုံးမည်မဟုတ်ပါ။

သက်လတ်ပိုင်းအမျိုးသားက

အသက်ပြင်းပြင်းရှူရင်း

အားရပါးရပြောလိုက်လေသည်

“နောက်ဆုံးတော့

ငါလွတ်မြောက်သွားပြီ။ဟားဟား၊

နှစ်ပေါင်း ၁၀,၀၀၀ ကြာအောင်

အကျဉ်းချခံရပြီးတဲ့နောက်မှာ

နောက်ဆုံးတော့

ငါလွတ်မြောက်သွားပြီ…”

နှစ်ပေါင်း ၁၀,၀၀၀ ကြာလား ။

ယန်ယဲ့ သည် မျက်ခွံများပင်
လှုပ်ယမ်းသွားသည်။ တကယ်ပဲ သူ့ကို
နှစ်ပေါင်း (၁၀,၀၀၀) ကြာအောင်
အကျဉ်းချခံနေရတာလား။ သူ့ကို
ဘယ်သူကအကျဉ်းချခဲ့တာများလဲ။

ထိုအချိန်တွင် သက်လတ်ပိုင်းအမျိုးသား
က ယန်ယဲ့ကို စိုက်ကြည့်ကာ "ငါ့ကို ဒီမှာ

အကျဉ်းချထားတာက ဘယ်သူလဲ
သိလား"

ယန်ယဲ့ သည် ခေါင်းယမ်းလိုက်သည်။

သက်လတ်ပိုင်းအမျိုးသား က

“တာအိုဝတ်စုံဝတ်အဘိုးကြီးတစ်ယောက်
" ဟုပြန်ဖြေခဲ့သည်။

တာအိုဝတ်စုံဝတ်အဘိုးအို...

ယန်ယဲ့ သည် အံ့သြသွားသည်။

တာအိုဝတ်ရုံအဘိုးအို က
ထိုလူလတ်ပိုင်းအား
အကျဉ်းချထားမည်ဟု သူ
မမျှော်လင့်ထားပေ။

ထိုအတောအတွင်း

သက်လတ်ပိုင်းအမျိုးသား က “သူက ချိတ်ပိတ်စည်းကို ဖန်တီးသူပဲ။ ဒါပေမဲ့ သူက ဘယ်သူလဲဆိုတာ ငါသိတယ်” ဟု ထပ်ပြောသည်။

ယန်ယဲ့က သက်လတ်ပိုင်းအမျိုးသား ကို တစ်ချက်ကြည့်လိုက်ပြီး "ဘာလို့ သူက အကျဉ်းချလိုက်တာလဲ"

သက်လတ်ပိုင်းအမျိုးသား

“ချိတ်ပိတ်စည်း

အားပျော့လာတဲ့အချိန်မှာ

အောက်ဘုံကိုဆင်းလာမိလို့။

ငါဒီကိုဆင်းလာတဲ့အခါ ကံဆိုးပြီးတတော့

သူ့ကိုယ်ပွားနဲ့တည့်တည့်တိုးတာပဲ။

တကယ်တော့ လောကသုံးပါးက လူတွေ

အောက်ဘုံကို ဆင်းမလာဖို့

တားမြစ်ထားခဲ့တာပါ။ ဒီတော့

စည်းမျဉ်းစည်းကမ်းတွေကို ဆန့်ကျင်တဲ့အတွက် ငါသေမယ်လို့ ထင်ခဲ့တာ။ ဘာလို့လဲဆိုတော့ စည်းမျဉ်း ဖောက်ဖျက်ရင် သေဒဏ်ပဲ၊ ဒါပေမဲ့ သူ ငါ့ကိုမသတ်ခဲ့ဘူး"

ယန်ယဲ့က သိချင်သွားမိသည်

"ဘာဖြစ်လို့လဲ"

သက်လတ်ပိုင်းအမျိုးသား က ပြန်ဖြေသည် “ငါလည်းမသိဘူး” သူက ယန်ယဲ့ ကို စိုက်ကြည့်ပြီး “မင်းဆီက သူ့ရဲ့ အငွေ့အသက်ကို ငါ ခံစားမိတယ်။ သူနဲ့ မင်းရဲ့ဆက်ဆံရေးကဘာလဲ"

ယန်ယဲ့ က ပြန်မဖြေဘဲ “မင်း သူ့ကို လက်စားပြန်ချေမှာလား”ဟုမေးလိုက်သည်။

"လက်စားချေမလား"

သက်လတ်ပိုင်းအမျိုးသားက

အံ့အားသင့်သွားပုံပါ

“သူ့ရဲ့ကိုယ်ပွားတစ်ခုကတင် ငါ့ကို

နှစ်ပေါင်း ထောင်နဲ့ချီပြီး

အကျဉ်းချထားနိုင်တာ။ ဒါဆို ငါက

လက်စားချေနိုင်မယ်လို့ မင်းထင်လား"

ယန်ယဲ့က ပြုံးပြီး "မင်းမှန်တယ်"

ထိုအချိန်တွင် သက်လတ်ပိုင်းအမျိုးသား
က သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
သစ်နက်ပင်က ယန်ယွဲ့ရှေ့ကို
လွင့်မျောလာသည်။ တစ်ဆက်တည်း
သူက “ငါပြောင်ထျန်း ငါ့စကားကို
အမြဲစောင့်ထိန်းတယ်။ဒါမင်းအပိုင်ပဲ"

ယန်ယွဲ့က ပြောင်ထျန်းကို
တစ်ချက်ကြည့်လိုက်ပြီး

သစ်နက်ပင်ကိုယူကာ

"ကျေးဇူးတင်ပါတယ်"ဟုပြောပါသည်။

ဟောင်ထျန်းက ပြုံးပြီး “မဟုတ်သေးဘူး၊

တကယ်တော့ ငါကသာ မင်းကို

ကျေးဇူးတင်သင့်တာပါ။

မင်းရောက်မလာခဲ့ရင် ငါဒီမှာ

ဘယ်လောက်ကြာကြာပိတ်မိနေမယ်ဆို

တာတောင် မသိနိုင်ဘူး"

ယန်ယဲ့ က သစ်သားဓားကို

တစ်ချက်ငုံ့ကြည့်လိုက်ပြီး “ဘာလို့

ချိတ်ပိတ်စည်းတွေ၊ အစီအရင်တွေကို

ချိုးဖျက်နိုင်ရတာလဲ”ဟု မေးလိုက်သည်။

ဟောင်ထျန်း က ယန်ယဲ့၏လက်ထဲမှ

သစ်သားဓား ကို လှမ်းကြည့်လိုက်ပြီး

“နေ၊ လနဲ့ ကြယ်တာရာတွေရဲ့

စွမ်းအင်တွေ ပါဝင်တယ်။

မြေကမ္ဘာဝိညာဉ်၊အရာခပ်သိမ်းရဲ့ဝိညာဉ်

၊ အစီအရင်တွေအားလုံး

တည်ဆောက်ဖို့နဲ့ဖန်တီးဖို့က

ကမ္ဘာ့ဝိညာဉ်စွမ်းအားကိုအသုံးပြုရတယ်

။ ဒါကြောင့် ဘယ်လိုအစီအရင်ပဲဖြစ်ဖြစ်

အတားအဆီးပဲဖြစ်ဖြစ်

ကမ္ဘာ့အကန့်အသတ်ကို

မကျော်သရွေ့တော့ အဲဒီဓားကို

မတားဆီးနိုင်ဘူး"

တကယ်လား၊ ဖြစ်နိုင်ပါတယ် ။

ယန်ယဲ့က အနည်းငယ်
ခေါင်းညိတ်လိုက်သည်။

လောကသုံးပါး က ပြုတ်ကျလာတော့
ချိတ်ပိတ်စည်းကို ချိုးဖျက်ပစ်တာ
အံ့သြစရာမရှိတော့ဘူးပဲ။

တစ်ချိန်တည်းမှာပင် ဟောင်ထျန်းက
ဆက်ပြောခဲ့သည် "တစ်ခုတော့ရှိတယ်။

လောကစွမ်းအားကိုမသုံးဘဲ

သဘာဝရဖြစ်ပေါ်လာတာမျိုးဆိုရင်

ချိုးဖျက်ဖို့ခဲယဉ်းလိမ့်မယ်။

ဒါပေမဲ့ မင်းရဲ့ခွန်အားက

လုံလုံလောက်လောက် သန်မာနေရင်တော့

ဘယ်လိုအစီအရင်မျိုးမဆို

ဒီသစ်သားဓားနဲ့ဖျက်ဆီးပစ်နိုင်သေးတ

ယ် ”

ယတ်ယဲ့ က ပြုံးပြီး "ငါ့ရဲ့ခွန်အားက လုံလောက်ရင် ဒီဓားမပါဘဲ ငါလုပ်နိုင်တယ်မဟုတ်လား"

ဟောင်ထျန်းက  "မှန်ပါတယ်"

ယန်ယဲ့က စကားထပ်မပြောတော့ပေ။ လက်သီးနှစ်ဖက်စုကာ  “ငါ့မှာ လုပ်စရာတွေ ရှိသေးတယ်။ နှုတ်ဆက်ခဲ့ပါတယ်”

ထိုစကားပြောပြီးသည်နှင့်

ယန်ယဲ့၏ပုံရိပ်က အဝေးဆီသို့

လွင့်မျောကာ ပျောက်ကွယ်သွားသည်။

ယန်ယဲ့ ပျောက်ကွယ်သွားသည့်အခါ

ဟောင်ထျန်း၏မျက်နှာပေါ်ရှိ

ဖော်ရွေသောအပြုံးက တဖြည်းဖြည်း

ပျောက်ကွယ်သွားသည်။ ယန်ယဲ့

ပျောက်ကွယ်သွားသည့် လမ်းကြောင်းကို

အကြာကြီးစိုက်ကြည့်နေရင်းက

တိုးတိုးလေးပြောလိုက်ပါသည်

"ဖြောင့်မတ်ပေမယ်လို့ ဆိုးယုတ်တယ်။

သူက ညဏ်အလင်းပွင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ရှိနေတာတောင်

ဒီသစ်သားဓား ကို

တကယ်သုံးနိုင်သေးတယ်။

ထူးဆန်းလိုက်တာ ...."

ထို့နောက် အတော်ကြာအောင်
တိတ်ဆိတ်သွားပြီးနောက်
ပတ်ဝန်းကျင်ကို မော့ကြည့်လိုက်သည်။
သူသည် ကောင်းကင်ကို မော့ကြည့်ကာ
"ကမ္ဘာမြေရဲ့ အရှင်သခင်၊ ငါမကြာခင်မှာ
ပြန်လာမယ်"

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင်
ပျောက်သွားခဲ့သည်။

ပတ်ဝန်းကျင်ရှိ တြိဂံပုံသဏ္ဌာန်

တောင်ကြီး ၃ လုံးပါ သူနှင့်အတူ

ပျောက်ကွယ်သွားခဲ့သည်။

အသံတစ်သံမျှပင်မထွက်ဘဲ

ဖျက်ဆီးခံလိုက်ရသည်။

...

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်
အရှိန်ပြင်းပြင်းနှင့် ထွက်ပြေးလာကာ
ခဏလေးအတွင်း ၁၀ မီတာအကွာသို့ပင်
ရောက်လာခဲ့သည်။ ထိုအချိန်တွင်
သူ့စိတ်ထဲမှ ချုန်းချီ၏ အသံ
ထွက်ပေါ်လာသည်ကို
ကြားလိုက်မိသည်။ ချုန်းချီက "ကလေး၊
အဲဒီလူက ဘယ်သူလဲဆိုတာ
မင်းသိလား"

ယန်ယဲ့က ပြန်ပြောခါနီးမှာပဲ

ချုန်းချီ၏အသံ

ဆက်ပြီးထွက်ပေါ်လာသည်

"တကယ်တမ်းပြောရရင်

မင်းတို့နှစ်ယောက်လုံးက အတူတူပဲ။

ဒါဆို မင်း သူ့ကို စီနီယာအစ်ကိုလို့

ခေါ်ရမယ်ထင်တယ်...”

ယန်ယဲ့ သည်

ဘာပြန်ပြောရမှန်းမသိတော့ပေ။

May Be:

၂၁၈၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၈၀ -

သွေးပြန်လည်မွေးဖွားခြင်းအဆင့်

"ငါ့ရဲ့ စီနီယာအစ်ကိုလား" ယန်ယဲ့က ခဏမျှ အံ့အားသင့်သွားပြီး ပြန်ပြောလိုက်သည် "ဒါ မဖြစ်နိုင်ဘူးထင်တယ်။ သူက တာအိုဝတ်ရုံအဘိုးအိုရဲ့ တပည့်တစ်ယောက်လား။ မဟုတ်လောက်ပါဘူး။ သူသာ အဲဒီအဘိုးကြီးရဲ့တပည့် ဆိုရက် အောက်ဘုံမှာဘာလို့အကျဉ်းချခံရမှာလဲ”

ချန်းချီ က ပြန်ပြောခဲ့သည် "ကလေး၊

မင်းဆရာရဲ့ တပည့်ဖြစ်တာနဲ့

ပတ်သက်ပြီး ဘယ်သူပြောခဲ့တာလဲ။

ကလေး၊ မင်းရဲ့ဆရာမှာ တခြားစီနီယာ

အစ်ကိုတွေနဲ့ဂျူနီယာညီငယ်တွေ

ရှိတယ်"

စီနီယာအစ်ကိုတွေ နဲ့

ဂျူနီယာညီငယ်တွေလား။

ယန်ယဲ့က “ဒီဟောင်ထျန်းက သူတို့တပည့်တွေထဲက တစ်ယောက်လား” ဟု မေးလိုက်သည်။

ချူန်းချီ က “ဒါဟာ ဖြစ်နိုင်ချေ အရမ်းများတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ဆီက တာအိုဝတ်ရုံအဘိုးအိုရဲ့ အငွေ့အသက်ကို ငါခံစားမိလို့ပဲ။ ငါတို့ အသံတိတ်နေလိုက်တာက သူ ငါတို့ကို သတိထားမိသွားမှာစိုးလို့။ မူလစေတီ

လည်း အတူတူပဲ၊ ငါတို့တွေ

ပေါင်းရင်တော့ သူ့ကို ကြောက်နေမှာ

မဟုတ်ဘူး။ ဒါပေမဲ့ အောက်ဘုံမှာ

ငါတို့ရောက်နေတဲ့သတင်းကို

လောကသုံးပါးဆီပြန်ပို့ပေးရင် မင်း

ဒုက္ခရောက်လိမ့်မယ်”

ဟုတ်လား ။

ယန်ယဲ့က အနည်းငယ်ခေါင်းညိတ်ပြီး "ဒါဆို ငါ့ဆရာက ငါ့ရဲ့သိုင်းပညာဦးရီးတော်တွေနဲ့ အဆင်မပြေဘူးလား"ဟုထပ်မေးပါသည် ။

"ငါဘယ်လိုသိမှာလဲ" ချုန်းချီ က ဆက်ပြောခဲ့သည် "သူတို့က အရမ်းအဆင်ပြေမယ်လို့တော့ထင်တယ် ။ ဒါပေမဲ့ ငါဘယ်လိုပြောရမလဲ...

သူတို့ကြားမှာ

လမ်းစဉ်တွေကွဲသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒါဟာ

လောကသုံးပါးအတွက်တော့

ပြဿနာဖြစ်လာနိုင်တယ်။

တိုတိုပြောရရင် မင်းဟာ တတ်နိုင်သမျှ

အမြန်ဆုံး သန်မာအောင် လုပ်ရမယ်။

ဒီလိုမှမဟုတ်ရင် မင်း

တာအိုလမ်းစဉ်တိုက်ပွဲထဲ ကျသွားရင်

မင့်ရဲ့ဆရာတောင်မှ မကယ်နိုင်တော့ဘူး"

ယန်ယဲ့ သည်

ကောင်းကင်တိုင်တောင်တန်းကို

မျှော်ကြည့်လိုက်သည်။

တောင်တန်းကြီးသည်

တိမ်တိုက်များကြားသို့ပင်

တိုးဝင်နေသည်။ ၎င်း၏

အဆုံးသတ်တွင်မူ လောကသုံးပါး

ဟူသော အထက်စကြာဝဠာ
တည်ရှိနေခဲ့သည်။

အထက်စကြာဝဠာ (လောကသုံးပါး)
သည် စစ်မှန်သောစွမ်းအားရှင်များ၊
ရှေးဟောင်းကျင့်ကြံသူများ
နေထိုင်ရာပင်။ ၎င်းသည်
အနန္တတန်ခိုးရှင်များနှင့်
ပြည့်နှက်နေသည့်
နေရာတစ်ခုဟုဆိုသင့်ပါသည်။

သူ၏လက်ရှိခွန်အားက ထိုနေရာမှ ကျင့်ကြံသူများကို အသာထား၊ ယခင်က အနီရောင်ဝတ်စုံဝတ်အမျိုးသမီး နှင့် ဟောင်ထျန်းကိုပင် မယှဉ်နိုင်ပေ။

"တကယ်တော့ သူက မင်းကို သတ်ချင်နေတာ" ချူန်းချီ က ရုတ်တရက် ပြောလိုက်သည် " သူ မင်းကို သတ်ဖို့ သေချာပေါက် တွေးနေတာ။ ဒါပေမဲ့

အကြောင်းတစ်ခုခုကြောင့် ဒီအတွေးကို
စွန့်လွှတ်လိုက်တာပဲ”

ယန်ယဲ့ က အနည်းငယ်
ခေါင်းညိတ်ပြသည် “ငါလည်း
သတိထားမိပါတယ်”

ဟောင်ထျန်းက သူ့အား ရင်းနှီးဖော်ရွေစွာ
ဆက်ဆံပြီး သစ်နက်ပင်ကို
လက်တောင်ပေးခဲ့သော်လည်း

သတ်ပစ်ချင်စိတ်ရှိနေသည်ကို

သေချာပေါက်ခံစားမိခဲ့သည်။

သို့သော်လည်း ချုန်းချီ

ပြောသည့်အတိုင်းပါ၊ ဟောင်ထျန်းက

ထိုအတွေးကို

မသိသောအကြောင်းကြောင့်

စွန့်လွှတ်လိုက်သည်။

တစ်ချိန်တည်းတွင် ချုန်းချီက

ဆက်ပြောပါသည် "ဘာပဲဖြစ်ဖြစ် မင်း

ဒီနေရာကို သတိထားရမယ်။ ဒီနေရာက

လောကသုံးပါး နဲ့ချိတ်ဆက်ထားလို့ပဲ။

ဒီတော့

ရှေးဟောင်းကျင့်ကြံသူတွေအပြင်

လောကသုံးပါးက ဆင်းလာတဲ့

လူသားတွေ၊သက်ရှိတွေရှိနေတယ်။

သူတို့အားလုံးက တကယ့်ကို

ရှေးခေတ်ဦးရဲ့

စွမ်းအားရှင်တွေလို့ပြောနိုင်တယ်။

မင်းက အခု အရမ်းသန်မာနေပေမယ့်

ကိုယ့်ကိုယ်ကို ဘယ်သူနဲ့

နှိုင်းယှဉ်နေလဲဆိုတဲ့အပေါ်မှာ

မူတည်တယ်။ ဒီလိုလူတွေနဲ့

နှိုင်းစာရင်တော့ အခုလက်ရှိမင်းက

အားနည်းလွန်းသေးတယ်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ဤအဖြစ်အပျက်က သူ့အား

ကိုယ်ပိုင်ခွန်အားကို

လုံးဝနားလည်မှုအသစ်

ရသွားစေခဲ့သည်။

သူသည် အလယ်စကြာဝဠာ၏

အထွတ်အထိပ်ကို ရောက်နေသော်လည်း

သာမန်မှုလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများ ကဲ့သို့ပင်။ အချို့သော

ကျင့်ကြံသူများအတွက်သာ

သန်မာခဲ့သည်။ သူသည် ရှေးခေတ်ဦးမှ

စွမ်းအားရှင်များနှင့်  နှိုင်းယှဉ်လျှင်တော့

အရွယ်ရောက်ပြီးသူနှင့်

မွေးကင်းစကလေးငယ်လိုသာ။

ခွန်အား ။

သူ့ခွန်အားကို မြှင့်တင်ရမယ်။

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး

မေးလိုက်သည် "အစ်ကိုချုန်းချီ၊

ဒီအသီးက ငါ့ကို

အင်မော်တယ်ဟာဂျီမွန်ခန္ဓာကိုယ်ရဲ့

အဆင့် ၂ ရောက်နိုင်ပါ့မလား"

“ဒါအမှန်ပဲ” ဟိုချင်က

ရုတ်တရက်ပြောခဲ့သည် "ဒီအရာက

မင်းကို အဆင့် ၂ ရောက်အောင်

ကူညီပေးရုံတင်မကဘူး၊

မင်းရဲ့ခန္ဓာကိုယ်ကို

သွေးပြန်လည်မွေးဖွားခြင်း ထက်

အများကြီးသန်မာအောင်ပါလုပ်ပေးနိုင်

သေးတယ်။

ငါ့ရဲ့ရှာမန်မျိုးနွယ်ထဲမှာတောင်

ရှာမန်ကေရာဇ်ရဲ့

တိုက်ရိုက်မျိုးဆက်တွေပဲ အဲဒီအသီးကို

စားနိုင်တယ်”

ယန်ယဲ့ က “ငါ အခုသုံးလို့ရပြီလား။ အဲဒီသစ်နက်ပင်နဲ့ စိတ်ဝိညာဉ်ဖန်တီးခြင်းနတ်ပန်းပွင့်က တကယ်ကြောက်စရာကောင်းတာလား ”

ဟိုချင် က ပြန်ပြောသည် “မင်းရဲ့ ခန္ဓာကိုယ်က အရမ်းသန်မာတဲ့အတွက် မွေးဖွားခြင်းသစ်သီးကို ချက်ချင်းဝါးမျိုလို့ရတယ်။ ဒါပေမဲ့ မင်းက ဝိညာဉ်ဖန်တီးခြင်းသစ်နက်ပင် နဲ့

နတ်ဝိညာဉ်ပန်းပွင့်ကို
အခုတော့မသုံးနိုင်သေးဘူး။ မင်းရဲ့
ဝိညာဉ်စွမ်းအင်နဲ့ မူလစိတ်ဝိညာဉ်က
သူတို့ရဲ့ စွမ်းအင်ကို မခံနိုင်ဘူး။
အဲဒါတွေကို အတင်းအကြပ်သုံးရင်
အရူးတစ်ယောက်လို
စိတ်ဖောက်ပြန်ပြီးသေသွားလိမ့်မယ်”

"သူပြောတာအမှန်ပဲ"ချန်းချီ ကလည်း
ထပ်ပြောလိုက်သည် "မင်းက

မူလနတ်ဘုရားအဆင့် ၅ ကို

ရောက်ရင်တော့ အဲဒါတွေကိုသုံးလို့ရပြီ။

ကလေး၊ မင်းရဲ့ ခွန်အားကို

မြှင့်တင်ချင်နေတာ ငါသိပါတယ်။

ဒါပေမယ်လို့ မင်း အဲဒါကို အလျင်စလို

မလုပ်နိုင်ဘူး။ အလျင်လိုတာဟာ

အမြဲတမ်းကောင်းတာမဟုတ်ဘူး။

မင်းနားလည်မှာသေချာတယ်"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

“တကယ်တော့

ငါစိတ်မရှည်သလိုဖြစ်နေတာပါ။ ဒီတော့

ငါအရင်ဆုံး မွေးဖွားခြင်းသစ်သီးကို

သုံးမယ်။ သစ်နက်ပင်မှာ ၁၂ လုံးရှိတယ်။

ငါ အဲဒါတွေအားလုံးကို စားသင့်လား"

"ဒါဆို မင်း ပေါက်ကွဲပြီး နေရာမှာတင်

သေလိမ့်မယ်" ထိုအချိန်တွင် ဟိုချင်က

ရုတ်တရက် ပြောခဲ့သည် "ကလေး၊

မွေးဖွားခြင်းသစ်သီး ထဲမှာရှိတဲ့

စွမ်းအင်က

မင်းစိတ်ကူးယဉ်ထားတာထက်ကို

လုံးဝကို ကျော်လွန်နေတယ်။ ဒါ့အပြင်

အင်မော်တယ်ဟာဂျီမွန်ခန္ဓာကိုယ်ရဲ့

အဆင့် ၂ ကို တက်လှမ်းဖို့က

အသီးအများကြီးမလိုဘူး။

၃ လုံးပဲ၊

သုံးလုံးလောက်စားရင်လုံလောက်တယ်။

ကျန်တာတွေ

သိမ်းထားလို့ရတယ်။နည်းစနစ်ရဲ့

တတိယအဆင့်ကို ချိုးဖျက်ခါနီးရင်

မင်းလိုအပ်တဲ့ ရတနာတွေအတွက်

ရှာမန်မျိုးနွယ် နဲ့ လဲလှယ်ဖို့

ကြိုးစားနိုင်တယ်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

"ကောင်းပြီ"

ထို့နောက် သူသည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး မူလစေတီ

ထဲကို ပြန်ဝင်ရန်ပြင်လိုက်၏။ သို့သော်

သူ့ပခုံးပေါ်ရှိ နှင်းပွင့်ကို ရုတ်တရက်

စိုက်ကြည့်မိသည်။နှင်းပွင့်လေးက

အတော်လေး စိတ်ဓာတ်ကျနေပုံပါ။

ယန်ယဲ့ က သူမ၏ခေါင်းကို ပွတ်သပ်ရင်း

"ဘာဖြစ်နေတာလဲ"ဟုမေးလိုက်သည်။

နှင်းပွင့်က ယန်ယဲ့ ကို မော့ကြည့်လိုက်ပြီး

လက်သည်းများကို

စတင်ဝှေ့ယမ်းလိုက်တယ်။

တစ်ချိန်တည်းတွင်

သူမ၏မျက်လုံးလေးများက

စိုစွတ်လာသည်၊ အချိန်မရွေး

ငိုချတော့မည်ထင်ရလေသည်။

သိပ်မကြာလိုက်ဘဲ ယန်ယဲ့ က နှင်းပွင့်၏

ဆိုလိုရင်း နားလည်သွားသည်။

နှင်းပွင့်က သူမ အပြစ်ရှိသလို ခံစားနေရတာပါ။

သူမအတွက်ကြောင့်သာ ယန်ယဲ့ဟာ ထိုနေရာသို့သွားမိတာပါ။ ထို့နောက် အန္တရာယ်နှင့်ရင်ဆိုင်တွေ့ခဲ့ရသည်။

ယန်ယဲ့ က ပြုံးပြီး ခေါင်းကို ပွတ်သပ်ရင်း

“မင်းနဲ့ ဘာမှမဆိုင်ဘူး။ ကြည့်စမ်း၊ ငါတို့

ရတနာတွေ မရဘူးလား”

ရတနာတွေ ။

နှင်းပွင့်၏မျက်လုံးလေးများမှ

စိုစွတ်နေမှုဟာ ချက်ခြင်း

ပျောက်ကွယ်သွားပြီး သူမ၏

လက်သည်းများကို ဝှေ့ယမ်းလိုက်သည်။

မွေးဖွားခြင်းသစ်သီး တစ်လုံးက

သူမ၏လက်သည်းများကြားကို

ရောက်လာသည်။ ထို့နောက်

မွေးဖွားခြင်းသစ်သီး ကို ညွှန်ပြကာ

သူ့ကိုယ်သူညွှန်ပြပါတော့သည်။

သူမ စားလို့ရမလားမေးနေတာပါ။

ယန်ယဲ့ က ခဏမျှ တုံ့ဆိုင်းသွားသည်။

သို့သော်လည်း ကောင်းကင်ငယ်က

သူ့စိတ်ထဲကနေ လှမ်းပြောခဲ့သည်

"စိတ်မပူပါနဲ့။အသီးထဲမှာပါတဲ့

စွမ်းအင်တွေက အားကောင်းနေပေမယ့်

သူမကို ဒုက္ခမပေးနိုင်ပါဘူး။ ဒါမှမဟုတ်

စွမ်းအင်ရှိသရွေ့ သူမကို

ဒုက္ခမပေးနိုင်ဘူးလို့ ပြောသင့်တယ်"

ထိုစကားကိုကြားလိုက်သည်နှင့် ယန်ယဲ့

သည် နှင်းပွင့်၏ခေါင်းကိုပွတ်သပ်ကာ

“ကောင်းပြီ၊ မင်းစားလို့ရတယ်”

ဟုပြောပါသည်။

နှင်းပွင့်က ချစ်စဖွယ် ပြုံးလိုက်ပြီး

သစ်သီးကို ကိုက်ချလိုက်သည်။

ခဏအကြာတွင် သူမ၏

မျက်လုံးလေးများက

ပြူးကျယ်သွားသည်။ သူမ

ကိုက်ဝါးထားသည့် အပိုင်းအစကို

ရုတ်တရက် ထွေးထုတ်ပစ်လိုက်သည်။

ထို့နောက် ကျန်အသီးတစ်ပိုင်းကို
ယန်ယဲ့၏လက်ထဲ ထည့်ပေးကာ
မူလစေတီထဲကို ပြန်ဝင်သွားလေသည်။

ယန်ယဲ့ သည် စကားမပြောနိုင်ဘဲ
အံ့အားသင့်သွားသည်။

ခဏကြာတိတ်ဆိတ်နေပြီးမှ
မွေးဖွားခြင်းသစ်သီး ကို
ကြည့်လိုက်သည်။

ခဏာမျှတုံ့ဆိုင်းသွားပြီးနောက်

သူ့လက်ထဲက

အသီးကိုကိုက်ကြည့်လိုက်သည်။

ထို့နောက်တွင်တော့ နှင်းပွင့်ကဲ့သို့

မျက်လုံးများ ပြူးကျယ်သွားကာ

အမြန်ထွေးထုတ်ပစ်လိုက်သည်။

ခါးလိုက်တာ။

သောက်ကျိုးနည်း မွေးဖွားခြင်းသစ်သီး
တဲ့လား။

သူ့ဘဝတွင် ဤမျှလောက် ခါးသီးသော
အရသာမျိုး တစ်ခါမှ မရှိခဲ့ပေ။

ဒါကြောင့် နှင်းပွင့်က မကြိုက်တာ
မဆန်းပါဘူး။ သူ့မပြောနဲ့ ငါတောင်
မစားချင်ဘူး ။

ဤအချိန်တွင် သူ့စိတ်ထဲမှ ဟိုချင်း၏

အလျင်စလိုအသံ ထွက်ပေါ်လာသည်၊

"ကလေး၊ ဒီကိုအမြန်ဝင်လာဦး။

ဒီအဖော်ငယ်လေး ရှူးတော့မယ်”

ယန်ယွဲ့ သည် အံ့အားသင့်သွားပြီး

မူလစေတီ ထဲသို့ ဝင်သွားလိုက်သည်။

နှင်းပွင့်ကို မြင်သောအခါ သူ့မျက်နှာက

မည်းမှောင်သွားသည်။

ဤအချိန်တွင် နှင်းပွင့်က

သစ်သားဓားကိုမြှောက်လျက်

ဝိညာဉ်ဖန်တီးခြင်းသစ်နက်ပင် ကို

လိုက်ခုတ်နေသည်။

ဝိညာဉ်ဖန်တီးခြင်းသစ်နက်ပင် က

ကိုယ်ပိုင်အသိစိတ် ရှိနေသဖြင့်

အန္တရာယ်ကျလာပါက

တန်ပြန်တိုက်ခိုက်နိုင်၏။ သို့သော်လည်း

နှင်းပွင့် ကိုတော့

မတိုက်ခိုက်ဝံ့မှန်းသိသာလေသည်။

ထို့အပြင်၊ ၎င်းသည်

တိုက်ခိုက်ရေးစွမ်းအားမရှိလေရာ

ထွက်ပြေးရုံသာတတ်နိုင်သည်။

ချုန်းချီ နှင့် ဟိုချင် က နှင်းပွင့်ကို

တားချင်နေကြသည်။ သို့ရာတွင်

တကယ်တမ်း မတားရဲကြပေ။ နှင်းပွင့် က

မူလစေတီထဲမှာ ၎င်းတို့

မဆန့်ကျင်နိုင်သော တည်ရှိမှုပါ။ ဇီအာ

နှင့်ယှဉ်လိုက်လျှင်ပင် နှင်းပွင့်က

ပို၍သာနေသေး၏။

နှင်းပွင့် က အတော်ကို

ဒေါသထွက်နေပုံပါ။

အကယ်၍ သူတို့သာ

အခုချက်ချင်းတားလိုက်ပါက

နှင်းပွင့်ဟာ နေ့တိုင်း သစ်သားဓားဖြင့်

လိုက်ခုတ်နေမည်မှာသေချာ၏။

နှင်းပွင့်က မသန်မာပါ။ သို့သော်လည်း

သစ်သားဓားဖြင့် ခုတ်မိပါက

သူတို့နှစ်ယောက် အတွက်ပင်

အတော်လေးဒုက္ခများပါသည်။ ထို့အပြင်

နှင်းပွင့်က မူလစေတီ

သဘောကျနေသူပါ။ ဇီအာ၊

ကောင်းကင်ငယ် သို့မဟုတ် ယန်ယွဲ့

သာလျှင် သူမကို တားနိုင်၏။

ယန်ယဲ့ သည် နှင်းပွင့်ရှေ့တွင် ရုတ်တရက်

ပေါ်လာပြီး သူမကို တားလိုက်သည်။

ယန်ယဲ့ ကိုမြင်သောအခါမှ

မျက်တောင်ခတ်ပြီး သစ်သားဓားကို

သူ့လက်ထဲ အပ်လိုက်သည်။ ထို့နောက်

သူမ၏လက်သည်းများကို မြှောက်ကာ

ဝိညာဉ်ဖန်တီးခြင်းသစ်နက်ပင် အား

ညွှန်ပြလေသည်။ သစ်ပင်ကို

ခုတ်လှဲခိုင်းနေတာပါ။

ယန်ယဲ့၏ မျက်နှာက ချက်ချင်းပင် မည်းမှောင်သွားသည်။ သူက သစ်သားဓားကိုယူကာ "ဘာလို့ခုတ်ဖို့ကြိုးစားနေတာလဲ" ဟုမေးလိုက်သည်။

နှင်းပွင့်က  သစ်နက်ပင်ကို လက်ညှိုးထိုးပြပြီး သူမ၏ပါးစပ်ကို ညွှန်ပြပါသည်။ အရသာက ခါးလို့ဟု ပြောနေသလိုပါ။

နှင်းပွင့်၏ အမူအရာကို မြင်သောအခါ

ချုန်းချီ နှင့် ဟိုချင် လည်း

အကြည့်ချင်းဖလှယ်ကြသည်။

အဆုံးတွင် ဟိုချင် က ခေါင်းခါလိုက်ပြီး

"အဲဒါက သူမကို စားခိုင်းတာမဟုတ်ဘူး။

သူမ စားလိုက်တာနဲ့ အရသာမရှိတော့

သစ်နက်ပင်ကို ဓားနဲ့လိုက်ခုတ်နေတာပဲ။

ဒီကလေးက ငါ့ရှာမန်မျိုးနွယ်ရဲ့

ရှာမန်ကေရာဇ် ထက်တောင်

ဒေါသကြီးနေသေးတယ်”

ဤအချိန်တွင် နှင်းပွင့်က ဟိုချင် ကို

ရုတ်တရက် စိုက်ကြည့်လိုက်သည်။

ဟိုချင်၏ မျက်နှာက ချက်ချင်း

တင်းမာသွားကာ “မဟုတ်ဘူး၊

ခုတ်ထစ်ပါ။ နောင်မှာ

မင်းသဘောမကျတဲ့ အရာမှန်သမျှကို

ဖြတ်တောက်ပစ်လိုက်။
ငါမင်းကိုထောက်ခံတယ်"

ထိုစကားကြားသောအခါ နှင်းပွင့်က
ချစ်စဖွယ် ပြုံးလိုက်သည် ။

ချုန်းချီ က ဟိုချင်ကို ငုံ့ကြည့်ပြီး
ခေါင်းခါလိုက်သည် "ငါ မင်းကို
နည်းနည်းတော့ အထင်သေးမိတယ်"

ဟိုချင် က

ဘာပြန်ပြောရမှန်းမသိတော့ပေ။

ယန်ယဲ့က နှင်းပွင့်၏ခေါင်းကို ညင်သာစွာ

ပုတ်လိုက်ပြီး "အရသာမရှိလို့

လှီးဖြတ်ချင်တာလား"

နှင်းပွင့်က မျက်တောင်ခတ်နေသည်။

ထိုဆုံးဖြတ်ချက်အတွက် ပြဿနာရှိမရှိ

မေးနေပုံပါ။

ယန်ယဲ့ က သူမ၏ခေါင်းကို

ပွတ်သပ်လိုက်ပြီး

"မင်းဒီလိုလုပ်လို့မရဘူး။

နားလည်သည်လား"

နှင်းပွင့်က

မျက်တောင်ထပ်ခတ်လိုက်သည်။

ဘာလို့လဲဟုမေးနေတာပါ။

ယန်ယွဲ့ သည်
အတော်လေးခေါင်းကိုက်လာသည်။

သို့သော်လည်း သူက
ဆက်ရှင်းပြနေသေးသည်။ နှင်းပွင့်က
ကလေးအရွယ်သာရှိနေသေး၏။
အများအမှန်ကို မသိဘဲ
စိတ်ထင်ရာလုပ်နေတာပါ။ သို့သော်

သင်ပြပေးမည့်သူမရှိသောကြောင့်
ယခုလိုမျိုး ဆိုးသွမ်းနေတာပါ။

၁၅ မိနစ်ခန့်အကြာတွင်...

နှင်းပွင့် က
ဝိညာဉ်ဖန်တီးခြင်းသစ်နက်ပင်ကို
ရုတ်တရက် ကြည့်ပြီး ပြုံးရင်း
လက်သည်းကို ပေါ့ပေါ့ပါးပါး
ဝှေ့ယမ်းလိုက်သည်။

သူမ တောင်းပန်တာ။

ဒါက သူမ တောင်းပန်တဲ့ပုံစံတစ်ခုပါ။

ဝိညာဉ်ဖန်တီးခြင်းသစ်နက်ပင် က

နှင်းပွင့်ကို

အတော်လေးကြောက်လန့်နေပုံရသည်။

ဤအတောအတွင်း

နှင်းပွင့်ကသူမ၏လက်သည်းကို

ဝှေ့ယမ်းလိုက်သည်။

သူမ၏လက်သည်းကြားမှ သန့်စင်သော

ဝိညာဉ်စွမ်းအင်ကြိုးမျှင်တစ်ချောင်း

စီးထွက်လာကာ သစ်နက်ပင်ကို

ဖုံးလွှမ်းသွားသည်။ သစ်ကိုင်းများ

တဆတ်ဆတ်ယမ်းလာသည်...။

ခဏအကြာတွင်တော့ သစ်နက်ပင်က

နှင်းပွင့် ဆီသို့ စတင်ရွေ့လျားလာသည်။

နှင်းပွင့်က အကျိုးအမြတ်ဖြင့်

ထပ်ပြီးကမ်းလှမ်းလိုက်တာပါ။

နှင်းပွင့်က ယန်ယဲ့ကို လှည့်ကြည့်ကာ

ပြုံးပြသည်။

ပြဿနာပြေလည်သွားပြီလို့ပြောချင်နေပုံပါ။

ယန်ယဲ့ သည် ခေါင်းယမ်းကာ ပြုံးလိုက်သည်။ သူသည် နှင်းပွင့်လေးနှင့်သစ်နက်ပင်ကို ဂရုမစိုက်တော့ဘဲ မွေးဖွားခြင်းသစ်သီး ၃ လုံးယူကာ တတိယထပ်မှ အခန်းထဲသို့ ဝင်လာခဲ့သည်။

ထို့နောက် သူ့လက်ထဲမှ

သစ်သီးသုံးလုံးကို

ကြည့်ရင်း အသက်ပြင်းပြင်းရှူကာ

တစ်လုံးကို မျိုချလိုက်သည်။

အဆင့် (၂) သွေးပြန်လည်မွေးဖွားခြင်း ။

May Be:

၂၁၈၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၈၁ - ယုံကြည်မှုလွန်ကဲခြင်း

အသီးကို မျိုချလိုက်သည်နှင့် တပြိုင်နက်

ခါးသီးသောအရသာဟာ

သူ့လည်ချောင်းထဲ ပြည့်သွားသည်။

အရသာက

အတော်ကိုဆိုးရွားလွန်းလှသည်။

ဤအခိုက်အတန့်တွင် နှင်းပွင့်က ဝိညာဉ်မွေးဖွားခြင်းသစ်သီးကို စားပြီးနောက် သစ်နက်ပင်အား ခုတ်ထစ်ချင်နေသည်ကို ပြန်တွေးမိသွား၏။

အကြောင်းမှာ ယခုလက်ရှိ သူကိုယ်တိုင်ပင် သစ်နက်ပင်ကို ခုတ်ထစ်ဖျက်ဆီးချင်သလိုခံစားနေရလို့ ပါ။

သစ်သီးက လည်ချောင်းထဲမှတစ်ဆင့်

သူ၏မူလဒန်တျန်ထဲကို

ရောက်သွားသည်။ ထို့နောက်တွင်တော့

ကြောက်မက်ဖွယ်ရာစွမ်းအင်များက

သူ့ခန္ဓာကိုယ်အနှံ့ ဖြန့်ကျက်သွားသည်။

အချိန်သိပ်မကြာလိုက်ပါ၊

ယန်ယဲ့၏ခန္ဓာကိုယ်ကနေ

အလျင်အမြန်စုပ်ယူသွားခဲ့သည်။

သို့သော် ဖြစ်စဉ်က

သူထင်ထားသလိုမဟုတ်ချေ။ မည်သည့်

နာကျင်မှုမျှ ပေါ်မလာဘဲ

သက်တောင့်သက်သာခံစားရသည်။

ခဏအကြာတွင် ယန်ယဲ့ သည်

သူ၏ခန္ဓာကိုယ်ထဲမှ

အပြောင်းအလဲအချို့ကို

သတိပြုမိလိုက်ပါတော့သည်။

ဤအတောအတွင်း သူ့စိတ်ထဲမှ ဟိုချင်၏ အသံ ထွက်ပေါ်လာသည် "အင်မော်တယ်ဟာဂျီမွန်စွမ်းအင်ကို အသုံးချပြီး ဖြန့်ကျက်ပေးလိုက်"

ယန်ယဲ့ က တုံ့ဆိုင်းမနေဘဲ ဟိုချင် ပြောသည့်အတိုင်း အမြန်လုပ်လိုက်သည်။

ဘမ်း...

သူ၏ကိုယ်ပေါ်မှ ဝတ်ရုံရှည်ဟာ
ပြာအဖြစ်လောင်ကျွမ်းသွားလေသည်။

ဤအတောအတွင်း သွေးကေရီ နှင့်
အခြားစောင့်ကြည့်နေသူများလည်း
အံ့သြသွားကြသည်။
အချိန်သိပ်မကြာတော့ဘဲ
ပုံမှန်ဖြစ်သွားသည်။ ငရဲကေရီ နှင့်

ဝက်စီးသောအမျိုးသမီးငယ်၏

အမူအရာက မသက်မသာဖြစ်နေခဲ့သည်။

ဤအခိုက်အတန့်တွင် လူတိုင်း ယန်ယဲ့၏

ခန္ဓာကိုယ်တစ်ဝိုက်ကနေ

အပြာရောင်အလင်းတန်းများ

ရုတ်တရက် ပေါ်လာသည်ကို

သတိပြုမိကြသည်။

အပြာရောင်အလင်းတန်းများသည်

အပြာရောင်ချည်မျှင်များကဲ့သို့

သူ့ခန္ဓာကိုယ်အနှံ့ ရွေ့လျားနေခဲ့သည်။

ဝက်စီးသောအမျိုးသမီးငယ်က

မနာလိုသောလေသံဖြင့် “အဲဒီကောင်ရဲ့

ခန္ဓာကိုယ်က ပိုသန်မာလာပြန်ပြီ” ဟူ၍

ရုတ်တရက် ပြောလိုက်သည်။

ငရဲကေရိ က အနည်းငယ်

ခေါင်းညိတ်လိုက်သည် "သူ့ခန္ဓာကိုယ်က

အမြဲတမ်း အရမ်းသန်မာတယ်"

ဝက်စီးသောအမျိုးသမီးငယ်က

ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး

ထပ်ပြောပါသည် "ဒီအရှူးရဲ့ခန္ဓာကိုယ်က

နောက်တစ်ဆင့်တက်သွားရင်

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူတွေတောင်

သူ့ကိုသတ်ဖို့အိပ်မက်ပဲမက်နိုင်လိမ့်မယ်"

ငရဲကောရီ က သဘောတူဟန်ဖြင့်

ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့၏လက်ရှိခန္ဓာကပင်

ကြောက်စရာကောင်းနေပါပြီ။

နောက်ထပ် အဆင့်တစ်ခုသို့

တက်သွားပါက

မည်မျှထိတ်လန့်ဖွယ်ကောင်းလာမည်ကို တွေးကြည့်နိုင်ပေသည်။ ထို့အပြင် အခြားကြောက်စရာအချက်တစ်ချက်ပါ ရှိနေသေး၏။ ယန်ယွဲ့၏ပြန်လည်ကုသခြင်းစွမ်းရည်ပင် ။

၎င်းသည် ပြိုင်ဖက်များအတွက် အိပ်မက်ဆိုးတစ်ခုပါ။

တစ်စုံတစ်ယောက်က သူ့အား
တစ်ချက်တည်း မသတ်နိုင်လျှင်
သတ်ဖို့ခဲယဉ်းပါသည်။

နောက်တစ်ခုအနေနှင့်တော့
ယန်ယဲ့အနားတွင် နှင်းပွင့် ရှိနေတာပါ။
နှင်းပွင့်က အဆုံးမရှိသော
စွမ်းအင်ပုလဲများကို ဖန်တီးပေးထား၏။

အတိုချုပ်ပြောရရင်တော့ ယန်ယဲ့သည် လုံးဝကြောက်စရာကောင်းနေပါပြီ။

ဤအတောအတွင်း ဝက်စီးသော အမျိုးသမီးငယ်က ရုတ်တရက်ပြောခဲ့သည် "ဒါကို ဆက်ပြီး ခွင့်မပြုနိုင်ဘူး။ ငါ့ကျင့်ကြံမှုကို အရှိန်မြှင့်ရမယ်။ မဟုတ်ရင် သူငါ့ကို အဝေးမှာချန်ထားခဲ့လိမ့်မယ်"

ငရဲကေရှိ က အနည်းငယ်

ခေါင်းညိတ်ပြသည် “ငါလည်း

ပါပါတယ်”

အန်နန်ကျင်း ကတော့

ဘာမှပြန်မပြောပေ။ သို့သော်လည်း

သူမ၏ လက်သီးများကို ဖြည်းဖြည်းချင်း

ဆုပ်ထားသည်။

ယန်ယဲ့၏ ခြေလှမ်းတိုင်းက

မြန်ဆန်လွန်းလှသည်။ လူတိုင်းအတွက်

အတော်ကြီးမားသော ဖိအားများ

ခံစားနေရသည်။ အားလုံးက

ရင်းနှီးလွန်းသောမိတ်ဆွေများချည်းသာ

ဖြစ်သည့်တိုင်အောင် အချင်းချင်း

ပြိုင်ဆိုင်နေကြဆဲပင်။ အထူးသဖြင့်

ငရဲဧကရီ ။ ယန်ယဲ့ နှင့် စပြီးတွေ့ဆုံသော

ဆန်းကြယ်တိုက်ကြီးက အဖြစ်အပျက်ကို

ပြန်တွေးနေမိသည်။ ထိုအချိန်တွင်
ယန်ယွဲ့ သည် သူမထက်
အဆပေါင်းများစွာ အားနည်းခဲ့သည်။
ဤအခိုက်အတန့်တွင်မူ ယန်ယွဲ့ သည်
အမြင့်ကိုရောက်နေပါပြီ။

သို့သော်လည်း သူမက
မနာလိုစိတ်မဖြစ်မိပေ။ ကိုယ့်ကိုယ်ကို
ပိုပြီးသန်မာလာစေလိုသော
တွန်းအားတစ်ခုသာ။

ဝက်စီးသောအမျိုးသမီးငယ် နှင့်

ငရဲကောရီ က ယန်ယဲ့အား

ဂရုမစိုက်ကြတော့ပေ။ ချက်ချင်းပင်

တင်ပျဉ်ခွေထိုင်လျက်

ကျင့်ကြံပါတော့သည်။

နှစ်ယောက်စလုံးက ထူးခြားသော

သဘာဝစွမ်းရည်များ

ပိုင်ဆိုင်ထားကြသည်။ လက်ရှိတွင်လည်း

ကောင်းကင်ဘုံအားဆန့်ကျင်နေသော

ကျင့်ကြံခြင်းခန်းမကို

ပိုင်ဆိုင်ထားလေရာ

နှစ်ယောက်သားတို့ဆိုင်းမနေဘဲ

ကျင့်ကြံနေပါတော့သည်။

ဤသို့ပင် ကျင့်ကြံခြင်းခန်းမသည်

တိတ်ဆိတ်သွားသည်။

ယန်ယဲ့၏ ပတ်ပတ်လည်ရှိ
အပြာရောင်စွမ်းအင်ကြိုးများသည်
တဖြည်းဖြည်းများပြားကာ လျင်မြန်စွာ
ရွေ့လျားနေခဲ့သည်။

အမှန်တော့ ဤအခိုက်အတန့်မှာ
ကျင့်ကြံနေသည့်အရာက ယန်ယဲ့အတွက်
သူ့ဘာဝတစ်လျှောက်
အလွယ်ဆုံးဟုပြောရမလိုပင်။
အကြောင်းကတော့ ဘာနာကျင်မှု

ဝေဒနာမှ ဘ မခံစားရလို့ပါ။

တစ်ချိန်တည်းတွင်

သူ့ခန္ဓာကိုယ်တစ်ခုလုံး

သက်တောင့်သက်သာခံစားနေရသည်။

တစ်စုံတစ်ယောက်က သူ့ခန္ဓာကိုယ်အား

နှိပ်နယ်နေသလိုပင်။

အချိန်များ တရွေ့ရွေ့နဲ့ ကုန်ဆုံးလာ၏။

အချိန် ၁ ရက်ခန့်အကြာတွင်တော့ ယန်ယဲ့

သည် သက်တောင့်သက်သာ

ခံစားချက်ဟာ တဖြည်းဖြည်း

လျော့ကျလာသည်ကို

ခံစားမိလိုက်သည်။

ထိုအချိန်တွင် သူ့စိတ်ထဲမှ ဟိုချင်၏

အသံထွက်ပေါ်လာသည်

"ဒုတိယအသီးကို မျိုချလိုက်"

ယန်ယွဲ့ က အနည်းငယ် ခေါင်းညိတ်ပြပြီး

နောက်ထပ် မွေးဖွားခြင်းသစ်သီး

တစ်လုံးကို ကောက်ယူကာ
မျိုချလိုက်သည်။

အသီးက သူ၏မူလဒန်တျန်ထဲသို့
ရောက်သွားသည်နှင့်
သိပ်သည်းသောစွမ်းအင်များဖြာထွက်
လာပါသည်။ ထိုခဏလေးမှာပဲ ယန်ယဲ့၏
ခန္ဓာကိုယ်က စုပ်ယူလိုက်သည်။

ထို့နောက်တွင် ယန်ယဲ့ သည်
အင်မော်တယ်ဟာဂျီမွှန်နည်းစနစ်ကို
ထုတ်ဖော်ကာ စွမ်းအင်များကို
သူ့ခန္ဓာကိုယ်အနှံ့ဖြန့်ကျက်လိုက်သည်။

ဤအတောအတွင်း ဟိုချင် က
ဆက်ပြောခဲ့သည် "မင်းက အဆင့် ၂
ကိုရောက်ချင်တယ်ဆိုရင်တော့
မင်းရဲ့ခန္ဓာကိုယ်ကို
အရည်အသွေးပိုင်းဆိုင်ရာပြောင်းလဲမှုတ

စ်ခုဖြစ်အောင် လုပ်ရမယ်။

တခြားသာမန်အချိန်တွေမှာဆိုရင်

နှစ်တွေအများကြီးကြာနိုင်တယ်။ ဒါပေမဲ့

အခုတော့ မလိုဘူး။

ဘာကြောင့်လဲဆိုတော့

မွေးဖွားခြင်းသစ်သီးက

အဲဒါကို ဖန်တီးပေးနိုင်လို့။ ဒါပေမဲ့....”

သူက စကားဆက်မပြောခင်
ခဏကြာရပ်သွားသည်။ ထို့နောက်
“ဒါပေမယ်လို့ မင်းရဲ့ ကျင့်ကြံမှုအဆင့်
တိုးတက်အောင် ပြင်ပအကူအညီတွေကို
အသုံးပြုတယ်လို့ ယူဆနိုင်တယ်။ ဒါဟာ
ပုံမှန်သွားနေတာထက်
ပိုကောင်းတယ်ဆိုပေမဲ့ နောင်မှာ
ပြဿနာနည်းနည်းတော့ရှိလာနိုင်တယ်။
အချိန်ကြာလာတာနဲ့အမျှ

ဒီလိုစွမ်းအင်စုဆောင်းမှုတွေ  အရင်ထက်
နှစ်ဆပိုလုပ်ရလိမ့်မယ်။
အခုပြဿနာမဟုတ်ပေမယ့် အနာဂတ်မှာ
တော်တော်ပြဿနာဖြစ်နိုင်တယ်”

ထိုစကားကြားသောအခါ ယန်ယဲ့ သည်
သိသိသာသာပင် စိတ်ပျက်သွားမိသည်။

သူသည် ဟိုချင် ပြောသည့် ဆိုလိုရင်းကို
ကောင်းကောင်းနားလည်ထားလို့ပါ။

၎င်းသည် ထွက်ပြေးနေသလိုမျိုးပါ။

အကယ်၍ လူတစ်ဦးဟာ

လေ့ကျင့်မှုလုံးဝမလုပ်ဘဲ

မာရသွန်ပြေးပွဲကို ချက်ချင်းဝင်ပြိုင်လျှင်

အဆုံးသတ်အနိုင်ရသည့်တိုင်

အမောစို့ပြီးလျှော့သွားနိုင်ပါသည်။

လက်ရှိသူ့အခြေအနေက ထိုအတိုင်းပါ။

ဤအခိုက်အတန့်မှာတော့

ပြဿနာမရှိပေ။ သို့သော်လည်း

အနာဂတ်ပြဿနာတစ်ခုဖြစ်လာပေမည်။

ဤအချိန်တွင် ဟိုချင် က

ဆက်ပြောပါသည် “ဒါပေမဲ့

အဆင်ပြေပါတယ်။ ဒါဟာ ကြီးမားတဲ့

ပြဿနာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့

မင်းရဲ့ခန္ဓာကိုယ်ကို လေ့ကျင့်ဖို့အတွက်

နေ့တိုင်း

အချိန်နည်းနည်းတော့ပေးရမယ်။

ဒါ့အပြင် မင်းရဲ့ခန္ဓာကိုယ်ကို

အချိန်ခဏလေးနဲ့တိုးတက်လာအောင်

မလုပ်သင့်ဘူး။

အပြည့်အဝတည်ငြိမ်သွားတဲ့အခါကျမှပဲ

ဆက်ပြီးတိုးတက်တာကောင်းပါတယ်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

“ငါနားလည်ပါတယ်”

ဟိုချင်က "ကောင်းပြီ။ ဒါဆို ဆက်လုပ်ပါ"

ထို့နောက်တွင်တော့ ယန်ယဲ့ သည် သူ့အတွေးများကို ထိန်းကာ လေ့ကျင့်နေသည်ကို အာရုံစူးစိုက်လိုက်သည်။ အင်မော်တယ်ဟာဂျီမွှန်နည်းစနစ်ကို ထုတ်ဖော်လျက် စွမ်းအင်များကို သူ့ခန္ဓာကိုယ်အနှံ့ ဖြန့်ကျက်လိုက်သည်။

ဝိညာဉ်သစ်သီးနောက်တစ်လုံးကို

မျိုပြီးနောက် ယန်ယွဲ့ဟာ

သက်တောင့်သက်သာ ခံစားချက်များ

ပြန်ပေါ်လာသည်ကိုခံစားမိပြန်သည်။

ထို့အပြင် သူ၏

ခန္ဓာကိုယ်တွင်းပြောင်းလဲမှုများက

ပို၍ပင် သိသာလာသည်။

တစ်ချိန်တည်းမှာပင်

ယန်ယဲ့၏ပတ်ပတ်လည်ရှိ

အပြာရောင်စွမ်းအင်ချည်မျှင်များသည်

ပို၍ပင်လျှင်မြန်စွာ စီးဆင်းလာခဲ့သည်။

ဤအတိုင်းသာ အချိန်များ တဖြည်းဖြည်း

ကုန်ဆုံးသွားသည်။

၂ ရက်ခန့်အကြာတွင် ယန်ယဲ့ သည် နောက်ထပ် ဝိညာဉ်သစ်သီးတစ်လုံးကို မျိုချလိုက်ပြန်သည်။

ဤတစ်ကြိမ်က ၃ ကြိမ်မြောက်ပါ။ ဤအခိုက်အတန့်တွင် သူ၏ခန္ဓာကိုယ်ဟာ မြန်မြန်ဆန်ဆန်ပင် စုပ်ယူနိုင်ခဲ့သည်။ အရင်ကထက် နှစ်ဆပိုမြန်လာပါသည်။

ဤအတောအတွင်း သွေးကေရီ နှင့် အမှောင်ကေရီ က ယန်ယဲ့၏အခြေအနေကို တိတ်တဆိတ် စောင့်ကြည့်နေကြသည်။

ဤအချိန်တစ်လျှောက်လုံး စောင့်ကြည့်နေခဲ့ကြတာပါ။ ယန်ယဲ့ တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်နေသည်ဟုပြောရင် ပိုမှန်ပေသည်။

တစ်ခုခုဖြစ်ခဲ့လျှင် ချက်ချင်းကူညီဖို့ အသင့်ပြင်ထားကြသည်။

သွေးကြောရှိ က ရုတ်တရက် ပြောလိုက်သည် "သူက ပိုသန်မာလာပြန်ပြီ"

အမျှောင်ကြောရှိ က အနည်းငယ် ခေါင်းညိတ်ပြပြီး “သူက အရမ်းမြန်ပါတယ်။ သူရလာတဲ့

ကံကြမ္မာတွေအပြင် သူကိုယ်တိုင်လည်း အရမ်းကြိုးစားတယ်”

သွေးဧကရီ က ပြုံးပြီး “သဘာဝ ပါရမီနဲ့ ကောင်းမွန်တဲ့ကံတရားရှိသူတွေဟာ ကြောက်စရာ မဟုတ်ဘူး။ ပိုကြောက်စရာကောင်းတာက နာကျင်မှု၊ဆင်းရဲဒုက္ခတွေကို ခံနိုင်ရည်ရှိသူတွေ၊ အလုပ်ပိုကြိုးစားသူတွေပဲ”

စကားပြောနေစဉ် ယန်ယဲ့ကို

စိုက်ကြည့်နေသည်။

ယန်ယဲ့ က ထိုကဲ့သို့လူစားမျိုးပါ။

ဤအချိန်တွင်

ယန်ယဲ့၏ခန္ဓာကိုယ်တစ်ခုလုံးသည်

အရည်အသွေးပိုင်းဆိုင်ရာ

အသွင်ပြောင်းနေခဲ့သည်။

ဤအတိုင်းပင် အချိန်များ
တဖြည်းဖြည်းကုန်ဆုံးသွားပါတော့သည်
။

...

၅ ရက်ခန့်အကြာတွင်....

ယန်ယဲ့ သည် ရုတ်တရက်
မျက်လုံးဖွင့်လာသည်။

"ရှူး..." အသက်ပြင်းပြင်းရှူကာ

ပါးစပ်ဟပြီး

မကောင်းသောအငွေ့အသက်များကို

မှုတ်ထုတ်လိုက်သည်။

ယန်ယဲ့ သည်

ဖြည်းညင်းစွာထရပ်လိုက်သည်။

ဒီအချိန်မှာ သူ့မျက်နှာပေါ်တွင်

အပြုံးတစ်ခု ပေါ်လာသည်။

သွေးပြန်လည်မွေးဖွားခြင်းအဆင့်...

ဝိညာဉ်ပြန်လည်မွေးဖွားခြင်းသစ်သီး ၃ လုံးဖြင့် သန့်စင်ပြီးနောက် လက်ရှိတွင် သူ၏ခန္ဓာကိုယ်သည် သွေးပြန်လည်မွေးဖွားခြင်းအဆင့် ကို ရောက်ရှိခဲ့သည်။

သွေးပြန်လည်မွေးဖွားခြင်း အဆင့်သည်

ထူးခြားဆန်းကြယ်သော

ပြန်လည်မွေးဖွားခြင်းစွမ်းရည်အပြင်

အစွမ်းထက်အကာအကွယ်စွမ်းရည်ပါ

ပိုင်ဆိုင်ထား၏။ ထို့ကြောင့် သူ၏

မူလခရမ်းရောင်စွမ်းအင်

နှင့်ပေါင်းစပ်လိုက်သော်

လက်ရှိသူ့ခန္ဓာကိုယ်ဟာ

အလယ်စကြာဝဠာတစ်ခုလုံးပြိုင်ဖက်က

င်းဟုပင်ဆိုနိုင်လေသည်။

ဘယ်လောက်ထိ

ကြောက်စရာကောင်းနေမလဲ။

ယန်ယွဲ့ သည် သူ၏ခန္ဓာကိုယ်

နှင့်ပတ်သက်၍ စမ်းသပ်ကြည့်ရန်

ဆုံးဖြတ်လိုက်သည်။

ထို့နောက် သူ့အတွေးများကို

ထိန်းလိုက်ပြီး သွေးဧကရီ နှင့်

အမှောင်ဧကရီ ကို စိုက်ကြည့်နေသည်။

အမှောင်ဧကရီ က ရုတ်တရက်

ပြောပါသည်

"တစ်ခုခုကိုအရင်ဝတ်လိုက်ဦး"

ယန်ယဲ့ သည် ခဏာမျှအံ့အားသင့်သွားပြီး

သူ့မျက်နှာက

အနည်းငယ်ရှက်ရွံ့သွားသည်။ ထို့နောက်
ဝတ်ရုံတစ်ခုကိုအမြန်ထုတ်ဝတ်လိုက်၏။

ဤအတောအတွင်း သွေးကောရီက
အပြုံးနှင့်ပြောပါသည် "ဂုဏ်ယူပါတယ်"

ယန်ယဲ့ က ပြုံးပြီး "ငါ့တစ်ကိုယ်လုံး
စွမ်းအင်တွေ ပြည့်နေသလို ခံစားရတယ်။
အစ်ကိုချုန်းချီ နဲ့
စမ်းသပ်ကြည့်လိုက်ဦးမယ်"

ထိုစကားပြောပြီး နေရာမှာပင်
ပျောက်သွားသည်။

မူလစေတီ၏ ပထမထပ်....

ယန်ယဲ့ သည် ချုန်းချီ ရှေ့မှာ ပေါ်လာပြီး
"အစ်ကိုချုန်းချီ၊
ငါတို့ခန္ဓာကိုယ်ခွန်အားချင်း
ပြိုင်ရအောင်"ဟုပြောလိုက်ပါသည်။

ချုန်းချီ က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ကာ

"ကောင်းပြီ"

ထို့နောက် လေထဲသို့

ချက်ချင်းခုန်တက်လာကာ

ယန်ယဲ့၏ခန္ဓာကိုယ်ကို

ဆောင့်ကန်လိုက်သည်။

ယန်ယဲ့၏ ပါးစပ်ထောင့်မှ အပြုံးတစ်ခု
ပေါ်လာကာ သူ၏ညာဖက်လက်သီးကို
တင်းတင်းကြပ်ကြပ် ဆုပ်ပြီး
ရှေ့လှမ်းထိုးလိုက်သည်။

ဘုန်း....

ချုန်းချီ၏ ခန္ဓာကိုယ်ပေါ်
ထိုးချလိုက်သည်နှင့်
ယန်ယဲ့၏လက်သီးတစ်ဝိုက်

ရွှေရောင်အလင်းဖျော့ဖျော့

ပေါ်လာသည်။

အုန်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ချုန်းချီ က မီတာ ၃၀၀ ကျော်အကွာသို့

လွင့်ထွက်သွားခဲ့သည်။

သို့သော်လည်း ယန်ယဲ့ သည် နေရာမှာပင် ရပ်နေ၏။ တစ်လက်မမျှပင် မရွေ့ခဲ့ပေ။

ဤမြင်ကွင်းအား မြင်သောအခါ သွေးကြောရီနှင့် အမျှောင်ကြောရီ၏ မျက်နှာများက လေးနက်သောအမူအရာတစ်ခု ချက်ချင်းပေါ်လာသည်။

ချုန်းချီ က

ခွန်အားအပြည့်အသုံးမချသေးပေ။

သို့သော်လည်း

ယန်ယဲ့၏လက်သီးတစ်ချက်ဖြင့် မီတာ

၃၀၀

ကျော်အကွာကိုလွင့်ထွက်သွားရသည်က

တော့ အနည်းငယ်လန့်စရာပင်။

ချုန်းချီ သည်လည်း မျက်နှာပေါ်တွင်

လေးနက်သောအမူအရာရှိနေခဲ့သည်။

အမှန်တိုင်းပြောရလျှင် ယန်ယဲ့၏

ရုပ်ခန္ဓာက ထိုမျှအဆင့်ထိ ရောက်သွားဖို့

မမျှော်လင့်ခဲ့ပေ။

ဤအချိန်တွင် ယန်ယဲ့ သည်

သူ၏လက်သီးကို

တစ်ချက်ကြည့်လိုက်ပြီး

အသက်ပြင်းပြင်းရှူလိုက်သည်။

ခွန်အား ။

ဤအခိုက်အတန့်မှာ သူ့တစ်ကိုယ်လုံး
ခွန်အားပြည့်နေသလို ခံစားရသည်။

အကန့်အသတ်မဲ့ ခွန်အားတွေ ။

သူသည်
စစ်နတ်ဘုရား၏ညာဖက်လက်မောင်း
တော် ကို ထပ်ပြီးသုံးပါက
ပို၍ပင်ကြောက်စရာကောင်းလာပေမည်။

ထိုအတိုင်းသာ ဖြစ်ခဲ့လျှင်
သူ၏ရုပ်ခန္ဓာခွန်အားက
မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူအား
အသာလေးသတ်ပစ်နိုင်ပါသည်။

မဟုတ်ပါ၊ သူ၏လက်ရှိ
ရုပ်ခန္ဓာခွန်အားက
သာမန်မူလနတ်ဘုရားအဆင့် ၆
ကျင့်ကြံသူများကို
သတ်ဖို့လုံလောက်ပါသည်။

ခဏအကြာတွင် ယန်ယဲ့ သည် နှင်းပွင့်ကို ခေါ်လိုက်ပြီး "အသေးလေး၊ ငါ့ငို သစ်သားဓားနဲ့ထိုးကြည့်စမ်း"ဟုပြောလို က်လေသည်။

ဤအချိန်တွင် သူ၏ရုပ်ခန္ဓာက မည်မျှထိသန်မာနေကြောင်း စမ်းသပ်ကြည့်ချင်နေခဲ့သည်။

နှင်းပွင့်က မျက်တောင်ခတ်ပြီး သူမ၏ ခေါင်းလေးကို အမြန်ခါလိုက်သည်။

ယန်ယဲ့ က တိုးတိုးလေးပြောပါသည် "အဆင်ပြေပါတယ်။ ငါ အခု တကယ် သန်မာနေပြီ"

နှင်းပွင့်က ချီတုံချတုံ ဖြစ်နေသေးသည်။

ဤအချိန်တွင် ဟိုချင်က ခေါင်းယမ်းလိုက်သည်။

ချုန်းချီ က "ဘာလို့လဲ"

ဟိုချင် က "ဒီအရူးက ယုံကြည်မှုလွန်ကဲလာတယ်"ဟုပြန်ဖြေသည်။

ချုန်းချီ လည်း ဘာပြောကမှန်းမသိဖြစ်သွားသည်။

နှင်းပွင့် က မျက်တောင်ခတ်လိုက်ပြီး သစ်သားဓားကိုမြှောက်ကာ ယန်ယဲ့အားထိုးသွင်းလိုက်သည်။

ယန်ယဲ့ သည် တုန်လှုပ်မသွားပေ။ လှုပ်ရှားခြင်းပင်မရှိဘဲ နေရာတွင်သာရပ်နေလိုက်သည်။

သူ့ခန္ဓာကိုယ်က သစ်သားဓားကို
တားဆီးထားနိုင်မည်ဟု ထင်နေလို့ပါ။
သို့သော်…

ဆူး…

သစ်သားဓား က သူ၏လက်မောင်းကို
ထိုးဖောက်သွားသည်။

သွေးများဖြန်းခနဲထွက်လာသည် ။

ယန်ယဲ့ သည် နေရာမှာပင်

အံ့အားသင့်သွားသည်။

May Be:

၂၁၈၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၈၂ -

ကမ္ဘာ့အသွင်ပြောင်းလဲခြင်း

ချိုးဖျက်သွားတာလား။

သစ်သားဓားက

ငါ့အကာအကွယ်စွမ်းရည်ကို

ထိုးဖောက်သွားတာလား။

ယန်ယွဲ့ သည် အတော်လေး

အံ့အားသင့်သွားသည်။ လက်ရှိတွင်

သူ၏ရုပ်ခန္ဓာအကာအကွယ်က

အဆင့်တစ်ခုကိုရောက်နေပါပြီ။

သို့သော်လည်း သစ်သားဓားက

သူ၏ရုပ်ခန္ဓာအကာအကွယ်ကို

အလွယ်လေးထိုးဖောက်သွားသည်။

အဲဒါက သိပ်တော့

မှုမမှန်ဘူးမဟုတ်လား။

သစ်သားဓားက အစွမ်းထက်သော်လည်း

သူ၏အကာအကွယ်စွမ်းအားကို

ချိုးဖျက်နိုင်သည်အထိတော့
မဖြစ်သင့်ပေ။

ဤအချိန်တွင် နှင်းပွင့်က
အံ့အားသင့်သွားပြီး သစ်သားဓားကို
လက်နှစ်ဖက်ဖြင့် ပြန်ဆွဲကာ
ငိုပါတော့သည်။

ဆူး....

သွေးများ ဖျန်းခနဲ ထွက်လာသည်။

ယန်ယွဲ့ သည်
ဘာပြောရမှန်းတောင်မသိတော့ပေ။

နှင်းပွင့် က သစ်သားဓားကို
တစ်ချက်ကြည့်လိုက်ပြီး ယန်ယွဲ့ကို
စိုက်ကြည့်နေသည်။ သူမက
မျက်တောင်ခတ်ကာ အပြစ်ကင်းသော

အမှုအရာတစ်ခုကို

ထုတ်ဖော်လိုက်သည်။

ယန်ယဲ့ သည် နှင်းပွင့်ကို ဂရုမစိုက်အားဘဲ

သူ့လက်မောင်းကို

စိုက်ကြည့်လိုက်သည်။သူ့လက်မောင်း

ပေါ်ရှိ ဒဏ်ရာက မြင်သာသော အရှိန်ဖြင့်

သက်သာလာသည်။ သိပ်မကြာလိုက်ပေ၊

အသက်ရှူချိန် ၂

ရှိုက်စာလောက်အတွင်းမှာပဲ
လုံးလုံးပျောက်ကွယ်သွားတော့သည်။

ထို့နောက် နှင်းပွင့်ကို
စိုက်ကြည့်နေသည်။နှင်းပွင့်က
မျက်တောင်ခတ်ပြီး မျက်လုံးများကို
ပွတ်သပ်ကာ ယန်ယဲ့၏ လက်မောင်းကို
စိုက်ကြည့်သည်။ အစောပိုင်းက
ဓားဒဏ်ရာမရှိတော့ပေ။ ထို့နောက်
သူမက သစ်သားဓားကို

နောက်တစ်ကြိမ်မြှောက်လိုက်သည်။

ယန်ယွဲ့ သည်

အနည်းငယ်ထိတ်လန့်သွားပြီး

သူ့လက်မောင်းကို

အမြန်ဖယ်လိုက်သည်။ သစ်သားဓားဖြင့်

ထိုးပြီး သူ့ကိုယ်သူ မစမ်းသပ်ရဲတော့ပေ။

ထိုအစုတ်အပြတ်ဓားက အတော်ကို

ဆန်းကြယ်နေတာပါ။

ဤအတောအတွင်း ဟိုချင် က

ယန်ယဲ့နံဘေးကနေ

ရုတ်တရက်ပေါ်လာရင်း ပြောပါသည်

"မင်း အရမ်းသိချင်နေတာလား။

မင်းရဲ့အကာအကွယ်စွမ်းအားကို ဘာလို့

ဒီလောက်လွယ်လွယ်နဲ့

ထိုးဖောက်နိုင်ရတာလဲ

သိချင်နေတာမဟုတ်လား”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ဟိုချင် က လေးနက်သောအမူအရာဖြင့်
မေးလိုက်သည် "ဒီဓားကို
ဘာလို့ဖန်တီးထားတာလဲ သိလား"

ယန်ယဲ့ က ထပ်ပြီး
ခေါင်းယမ်းလိုက်သည်။

ဟိုချင် က ဆက်ပြောခဲ့သည်
"ရှာမန်မျိုးနွယ်အတွက်။

ငါ့ရှာမန်မျိုးနွယ်က

လူသားတွေနဲ့တိုက်ခိုက်တဲ့အခါ

သူတို့ရဲ့အပြင်းထန်ဆုံးတိုက်ခိုက်မှုတွေ

တောင် ငါတို့ခန္ဓာကိုယ်ကို

ဘာမှမလုပ်နိုင်လို့။ နောက်ဆုံးမှာ

လူသားအင်ပါယာအရှင်က

လူသားမျိုးနွယ်ရဲ့ အနန္တတန်ခိုးရှင်တွေ

ကိုဖိတ်ခေါ်ပြီးတော့ ဒီဒဏ္ဍာရီနတ်ဓားကို

ဖန်တီးလိုက်တယ်။ အခု

နားလည်ပြီလား။ ဒီဒဏ္ဍာရီနတ်ဓားက ငါ့ရှာမန်မျိုးနွယ်ကို ကိုင်တွယ်ဖို့ အထူးဖန်တီးထားတာပဲ။ ဒီနတ်ဓားက ငါ့ရှာမန်မျိုးနွယ်ရဲ့ နည်းစနစ်အားလုံးနီးပါးကိုတန်ပြန်နိုင်တယ်။ အင်မော်တယ်ဟာဂျီမွန်ခန္ဓာကိုယ် ကိုမပြောနဲ့၊ ဒီထက်ပိုအဆင့်မြင့်တဲ့နည်းစနစ် ကိုတောင် အသာလေးချိုးဖျက်နိုင်တယ်”

အဲဒါကြောင့်ကိုး...

ယန်ယဲ့ သည် အကူအညီမဲ့စွာသာ ရယ်မောလိုက်သည်။ ဒဏ္ဍာရီလာနတ်ဆေးက ရှာမန်မျိုးနွယ်ကို တန်ပြန်ရန်အတွက် ဖန်တီးထားမည်ဟု သူ မမျှော်လင့်ခဲ့ပေ။ ထို့ကြောင့် ယခင် သူ့လုပ်ရပ်က ကိုယ့်သေတွင်းကို တူးလိုက်တာပါ။

တစ်ချိန်တည်းမှာပင် ဟိုချင် က ဆက်ပြောပါသည် “ကလေး၊ ဒီလောကမှာ ပြိုင်ဖက်ကင်း အကာအကွယ်စွမ်းရည်ရယ်လို့ မရှိဘူးဆိုတာကို မင်းမှတ်ထားရမယ်။ အရာရာတိုင်းမှာ တန်ပြန်နိုင်တဲ့အရာတစ်ခုစီရှိကြတယ်။ ဒါကြောင့် ယုံကြည်မှုလွန်ကဲလို့ မရပါဘူး။ မင်းဟာ

ကိုယ့်ကိုယ်ကိုအထင်ကြီးသွားရင်တော့

အသတ်ခံရမှာပဲ။

နားလည်လား"

ယန်ယဲ့ သည် အချိန်အကြာကြီး

လေးလေးနက်နက် စဉ်းစားနေပြီးနောက်

ဟိုချင်ကို လက်သီးဆုပ်ပြကာ

"ငါနားလည်ပါပြီ" ဟုပြန်ပြောခဲ့သည်။

ဟိုချင် ပြောသည့်အတိုင်းပါပဲ။

သူ့ကိုယ်သူယုံကြည်နိုင်သော်လည်း ယုံကြည်မှုလွန်ကဲလို့တော့မရပေ။ ထိုသို့ဖြစ်သွားသည်နှင့် တပြိုင်နက် ဘဝင်မြင့်လာပေမည်။ အကျိုးဆက်အနေဖြင့် အသတ်ခံရဖို့များလေသည်။

ဟိုချင် က ခေါင်းညိတ်ပြီး ပြောပါသည် “မင်းနားလည်တာ ကောင်းပါတယ်။အခု မင်းရဲ့ သွေးပြန်လည်မွေးဖွားခြင်းက

မဂိုအစွမ်းထက်တောင် ကျော်သွားပြီ။ အရင်လို ဒဏ်ရာတွေလိုပေါ့။ တကယ်လို့ ငါက အဲလိုဒဏ်ရာရသွားရင် ၂ မိနစ်ကြာတဲ့အထိ ပြန်ကုသနေရမှာပါ။ အပြည့်အဝပျောက်ဖို့ဆိုရင်တော့ အနည်းဆုံး ၁ နာရီလောက်ကြာလိမ့်မယ်။ ဒါပေမဲ့ မင်းကတော့ ခဏလေးပဲ”

ယန်ယဲ့က ပြန်ပြောလိုက်သည် "ငါ့ရဲ့ မူလခရမ်းရောင်စွမ်းအင်ကြောင့်ပဲလား"

"ဒါက အဓိက အကြောင်းအရင်းပဲ"

ဟိုချင်က ဆက်ပြောသည် “မင်းရဲ့

သန့်စင်တဲ့ မူလခရမ်းရောင်စွမ်းအင်က

အရမ်းထူးခြားတယ်။ တကယ်တော့

ဒါဟာ

တစ်ခုတည်းရှိတဲ့အကြောင်းပြချက်မဟု

တ်သေးဘူး၊ ဝိညာဉ်မွေးဖွားခြင်းသစ်သီး

ကြောင့်ပါပါတယ်။ ဒီအသီးက

မင်းရဲ့ခန္ဓာကိုယ်နဲ့ပေါင်းစပ်ထားတော့

မင်းမှာ ပြန်လည်ကုသခြင်းစွမ်းရည် ၃ မျိုး ပိုင်ဆိုင်ထားတယ်လို့တောင် ပြောရမယ်”

ပြန်လည်ကုသခြင်းစွမ်းရည် ၃ မျိုး ။

ယန်ယွဲ့၏ ပါးစပ်ထောင့်က အပြုံးတစ်ခု ပေါ်လာသည်။

ဤအခိုက်အတန့်တွင်

အနီရောင်ဝတ်စုံဝတ်အမျိုးသမီး၊

ယင်ဂျင်းဒီ၏ပင်မခန္ဓာကိုယ် သို့မဟုတ်

ဟောင်ထျန်း ကဲ့သို့

အစွမ်းထက်ကျင့်ကြံသူ နှင့်

ရင်ဆိုင်မတွေ့လျှင်

သူ့ကိုသတ်ဖို့မဖြစ်နိုင်သလောက်ပါ။

ဓားမသုံးဘဲ နေလျှင်ပင်

သူ၏လက်ရှိခွန်အားက

သာမန်မှုလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူများကို သတ်ပစ်နိုင်ပါသည်။

ယန်ယဲ့က တစ်ခုခုကို တွေးမိလိုပုံရသည်။ ဟိုချင် ကို ရုတ်တရက် ကြည့်လိုက်ပြီး "အကြီးအကဲဟို၊ အင်မော်တယ်ဟာဂျီမွန်ခန္ဓာကိုယ် မှာ အဆင့်သုံးဆင့်ရှိတယ် မဟုတ်ဘူးလား။ တတိယအဆင့်ကဘာလဲ"

ဟိုချင် က ခဏမျှ လေးလေးနက်နက် စဉ်းစားပြီး "ကမ္ဘာ့အသွင်ပြောင်းလဲခြင်း"ဟူ၍ ပြန်ဖြေပါသည်။

ယန်ယဲ့ သည် အံ့သြသွားသည် "ကမ္ဘာ့အသွင်ပြောင်းတာလား။ အဲဒါဘာလဲ"

ဟိုချင် က “မင်းရဲ့ ခန္ဓာကိုယ်ကို

ကမ္ဘာတစ်ခုဖြစ်အောင် ပြောင်းလဲလိုက်။

ခန္ဓာကိုယ်က ကောင်းကင်နဲ့မြေကြီး

ဖြစ်လိမ့်မယ်။ အတိုချုပ်ပြောရရင် ဒါဟာ

အရမ်းထူးခြားဆန်းကြယ်တဲ့

အခြေအနေတစ်ခုပါ။ ငါ့ရှာမန်မျိုးနွယ်

မှာတောင် ဒီအဆင့်ကို ရောက်နေတာ

ဆယ်ယောက်ထက်မပိုဘူး။

ထိပ်တန်းအဆင့် ပါရမီနဲ့

အထူးခြားဆုံးသဘာဝစွမ်းရည်

ပိုင်ဆိုင်ထားတဲ့ ညဏ်ကြီးရှင်တွေပဲ

ဒါကိုလေ့ကျင့်အောင်မြင်နိုင်တယ်”

ကမ္ဘာ့အသွင်ပြောင်းလဲခြင်း အဆင့် ။

ယန်ယွဲ့ သည်

လေ့ကျင့်လိုစိတ်ပြင်းပြနေသည်။

သူသည် ဓားသမားတစ်ယောက်

ဖြစ်သည့်တိုင် လက်သီးထိုးရသည့်

ခံစားချက်ကို

အတော်လေးနှစ်သက်ခဲ့သည်။

ဤအချိန်တွင် ဟိုချင် က

ထပ်ပြောခဲ့သည် "ကလေး၊ မင်းမှာ

ငါ့ရှာမန်မျိုးနွယ်ရဲ့

အစွမ်းထက်ဆုံးနည်းစနစ်ရှိနေပြီ။

ဒါကြောင့် လောကသုံးပါးကို

တက်သွားတာနဲ့ မင်းအတွက်

မရေမတွက်နိုင်တဲ့ ပြဿနာတွေ

စီးကြိုနေလိမ့်မယ်။ ဒါ့အပြင်

မင်းကိုယ်တိုင်က လူသားတစ်ယောက်ပါ။

ဒီတော့ ငါ့ရှာမန်မျိုးနွယ်က

မင်းအကြောင်းကိုသိသွားရင်

သေချာပေါက် ရောက်လာကြလိမ့်မယ်။

တိုတိုပြောရရင် မင်း

ဒုက္ခရောက်လိမ့်မယ်”

ယန်ယဲ့ က ခေါင်းယမ်းပြီး ပြုံးလိုက်သည်

"ဘာပြဿနာပဲရှိရှိ ငါတက်ရမယ်"

ဤအချိန်တွင် သူသည် အရာများစွာကို ရှောင်လွှဲရန် မဖြစ်နိုင်တော့ကြောင်း သဘောပေါက်ခဲ့သည်။

ရှောင်သွားလို့မရလျှင်

ထိပ်တိုက်ရင်ဆိုင်ရပေမည်။

ဟိုချင် က အနည်းငယ် ခေါင်းညိတ်ကာ ငြိမ်သက်သွားခဲ့သည်။

ယန်ယဲ့ သည် ဟိုချင်၊ ချူန်းချီ တို့နှင့်

အချိန်အတော်ကြာ

စကားစမြည်ပြောပြီးနောက်

မူလစေတီထဲမှ

ထွက်လာခဲ့သည်။သူ၏ရည်ရွယ်ချက်က

ငရဲချောက်နက် ဖြစ်သည်ကို မမေ့ခဲ့ပေ။

အပြင်ဖက်သို့ ထွက်လာပြီးနောက်တွင်

ယန်ယဲ့ သည် ချက်ချင်း

ရှေ့မတိုးသွားသေးဘဲ ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

သူ၏အမြင်အာရုံတစ်ဆုံးထိ

အဆုံးမရှိသော

တောင်တန်းများချည်းသာ

မြင်နေရသည်။

သူ၏ခွန်အားက ယခင်ထက်

သိသိသာသာတိုးလာသော်လည်း

ပေါ့ပေါ့ဆဆ မလုပ်ရဲပေ။

အကြောင်းကတော့

တောင်တန်းများတစ်လျှောက်

ဟောင်ထျန်း ကဲ့သို့

ရှေးဟောင်းတည်ရှိမှုမျိုး

ရှိနေနိုင်လို့ပါ။ထိုအဆင့် ကျင့်ကြံသူများ

နှင့်ရင်ဆိုင်တွေ့ပါက သူဟာ

ပြန်လမ်းမရှိဘဲအသတ်ခံရပေမည်။

ဤအချိန်တွင် နှင်းပွင့်က

ယန်ယဲ့၏ပခုံးထက်မှာ ပြန်ပေါ်လာသည်။

နှင်းပွင့်က

ယန်ယဲ့၏နားရွက်နှစ်ဖက်ကိုက

ညင်သာစွာ ဆွဲခါရင်း ရှေ့ကို

ညွှန်ပြလေသည်။

ယန်ယဲ့က သူမ၏ခေါင်းလေးကို

ပွတ်သပ်လိုက်ပြီး

ရှေ့ဆက်သွားပါတော့သည်။

တစ်လက်စတည်း သူ့အရှိန်ကို

ထပ်မြှင့်လိုက်သည်။

လမ်းတစ်လျှောက်လုံးတွင် ယန်ယဲ့ သည်

ရုပ်ခန္ဓာကိုသာ အသုံးပြုပြီး

ရှေ့ဆက်ပြေးလာခဲ့သည်။

သူ့ပတ်ဝန်းကျင်ရှိ အာကာသပြင်သည်

တဝုန်းဝုန်းတုန်ခါနေခဲ့သည်။

၁ ရက်အကြာတွင် ယန်ယဲ့ သည်

ရုတ်တရက် ရပ်တန့်သွားသည်။

သူ့နှင့် ရှေ့မဝေးလှသော နေရာတွင်

ရောမတောင်ကြီးတစ်လုံးရှိနေလို့ပါ။

ရောမ သားရဲတစ်ကောင်

အိပ်စက်နေသလိုမျိုး

မိုင်ပေါင်းထောင်ချီပြီး

ရှည်လျားလေသည်။

"ငရဲတောင်တန်း...." စကားပြောသံ

နှင့်အတူ သွေးကောရီက

ယန်ယဲ့၏နံဘေးတွင် ရုတ်တရက်
ပေါ်လာသည်။

ယန်ယဲ့ သည် ရှေ့ကို
လှမ်းမျှော်ကြည့်လိုက်သည်။
တောင်တန်းကြီးသည်
လုံးဝတိတ်ဆိတ်နေ၏။ ဘာအသံမှကို
မကြားရပေ။

သွေးကောရီ က ရုတ်တရက်
မျက်မှောင်ကြုတ်လိုက်သည်
“တစ်ခုခုတော့ လွဲနေပြီ”

ယန်ယဲ့ သည်လည်း အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး
“အရမ်းထူးဆန်းနေသလိုပဲ”

တောင်တစ်ခုလုံးသည်
သမေင်းတမန်အလားတိတ်ဆိတ်လွှန်းနေ
ခဲ့သည် ။

တိတ်ဆိတ်လွန်းတယ်။

သူ၏ အတွေ့အကြုံကို အခြေခံ၍
ဤငရဲတောင်တန်း သည် ဤမျှ
တိတ်ဆိတ်နေရန် လုံးဝ မဖြစ်နိုင်ပေ။
အကြောင်းပြချက် ၂ ခုသာ ရှိနိုင်၏။

ပထမအချက်မှာ ဤနေရာတွင်

သက်ရှိသတ္တဝါမရှိလို့ပါ။

ဒုတိယအချက်ကတော့

ငရဲတောင်တန်းတွင်

အစွမ်းထက်တည်ရှိမှုတစ်ခုရှိနေတာပါ။

အခြားသော သက်ရှိသတ္တဝါများ

မချဉ်းကပ်ဝံ့လောက်သော တည်ရှိမှု။

ယန်ယဲ့၏စိတ်ထဲတွင်လည်း

ဒုတိယဖြစ်နိုင်ခြေက

ဖြစ်နိုင်ခြေပိုများကြောင်း ခံစားမိသည်။

သွေးဧကရီ က ရုတ်တရက်ပြောခဲ့သည်

"သတိထားပါ" ထို့နောက်

မူလစေတီထဲသို့ပြန်ဝင်သွား၏။

သွေးဧကရီ ပြန်ဝင်သွားသည့်အချိန်တွင်

ယန်ယဲ့ သည် ငရဲတောင်တန်းကို

မျှော်ကြည့်လိုက်သည်။ ထို့နောက် တုံ့ဆိုင်းမနေဘဲ တောင်ပေါ်သို့ တဟုန်ထိုးပျံတက်သွားသည်။

လမ်းတစ်လျှောက်လုံးတွင် ယန်ယဲ့သည် ဘာကိုမှ သတိမထားမိသော်လည်း အမြဲသတိရှိနေခဲ့သည်။

နှင်းပွင့် ကတော့ ဘာကိုမှငရုမစိုက်ပုံဖြင့် သူ့ပခုံးပေါ်မှာ

အကျအနထိုင်နေခဲ့သည်။သူမလေးက ပတ်ပတ်လည်ကိုပင် လှည့်ပတ်ကြည့်နေ၏။ ဤနေရာတွင် အန္တရာယ်ရှိနိုင်ကြောင်း မသိပုံပါ။

သိပ်မကြာခင်မှာပဲ ယန်ယဲ့ သည် တောင်ထိပ်ကို ရောက်သွားကြသည်။

ယန်ယဲ့ သည် ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်ရင်း သူ့မျက်နှာတွင် လေးနက်သော အမူအရာ ပေါ်လာသည်။

သူ့ရှေ့တွင် ကျောက်တိုင်ပေါင်း ၁၀၀ နီးပါးရှိနေလို့ပါ။ တစ်တိုင်ချင်းစီက ၁၅ မီတာခန့်မြင့်မားကာ ထိပ်ဖူးချွန်များဖြစ်ကြသည်။ အဓိကကတော့ ကျောက်တိုင်တစ်ခုစီမှာ လူတစ်ဦးစီကို ထိုးစိုက်ထားခဲ့သည်။

အခြားကျောက်တိုင်များတွင်လည်း

အတူတူပင်။ အားလုံးက

ထိုနည်းအတိုင်းပင် အသတ်ခံရပုံပါ။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

သူ့ရှေ့ရှိ ကျောက်တိုင်ကို

စိုက်ကြည့်နေသည်။

ထိုကျောက်တိုင်ထိပ်ဖျား၌

အဘိုးကြီးတစ်ယောက်ရှိနေ၏။

အဘိုးကြီးဟာ ခေါင်းမှ သွေးများ
စီးကျနေသေးသောကြောင့်
သေတာမကြာသေးမှန်း သိသာပါသည်။

ထိုထက်ပိုအရေးကြီးသည်မှာ
ကျောက်တိုင်များပေါ်ရှိ
အလောင်းအားလုံးက အနိမ့်ဆုံး
မူလနတ်ဘုရားအဆင့် ၅
ကျင့်ကြံသူများဖြစ်နေတာပါ။

ဒီနေရာက ဘာကြီးလဲ။

ယန်ယဲ့ သည်

မျက်မှောင်ကြုတ်လိုက်သည်။

ဤအချိန်တွင် သူ့စိတ်ထဲကနေ

ချုန်းချီ၏အသံ ထွက်ပေါ်လာသည်ကို

ကြားလိုက်သည် "ကလေး၊ တစ်ခုခုတော့

လွဲနေပြီ"

ယန်ယဲ့ သည် အနည်းငယ်
မျက်လုံးပြူးသွားသည်။

အဲဒါက ရှင်းနေတာပဲမဟုတ်ဘူးလား ။

ဤအတောအတွင်း ဟိုချင်၏ အသံက
ထပ်ပြီးထွက်ပေါ်လာသည် "ကလေး၊
သတိထားပါ။ ဒီမူလစေတီထဲမှာနေနေလို့
ဘာကိုမှ နားမလည်နိုင်ပေမယ့် ငါ့ဗီဇက

မင်းဒီမှာ ကြာကြာမနေသင့်ဘူးလို့
ပြောတယ်"

ယန်ယဲ့ လည်း ခေါင်းညိတ်လိုက်သည်။
သူလည်း ကြာကြာမနေချင်ပါ။ သူ၏
လက်ရှိခွန်အားကို ယုံကြည်သော်လည်း
ဤလောကမှာ မရေမတွက်နိုင်သော
စွမ်းအားရှင်များ ရှိနေခဲ့သည်။
ဖြစ်နိုင်လျှင်
နိမ့်ကျသောအဆင့်အတန်းကို

ထိန်းသိမ်းထားခြင်းသာ

အကောင်းဆုံးပင်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

အန္တရာယ်မရှိကြောင်း

အတည်ပြုပြီးသည်နှင့် အဝေးကို

ခုန်ထွက်လိုက်သည်။

ငရဲချောက်နက် ။

ငရဲတောင်တန်း၏ အနောက်ဖက်၌

တည်ရှိခဲ့သည်။

သူသွားနေသည်ကား ငရဲတောင်တန်း၏

အနောက်ဖက်ခြမ်းပါ။

သို့သော်လည်း

ရှေ့ဆက်မတိုးရသေးခင်မှာပဲ

ရုတ်တရက် ရပ်သွားခဲ့သည်။ သူ့ရှေ့တွင်
သွေးမတိတ်သေးသော ခေါင်းပြတ် ၂၀
ကျော်ရှိနေလို့ပါ။ အားလုံးက
မျက်လုံးများ ရုတ်တရက်ပွင့်လာကာ
ယန်ယဲ့ရပ်နေသည့်နေရာကို
လှမ်းကြည့်နေကြသည်။ ယန်ယဲ့သည်
ခေါင်းပြတ်များ၏ မျက်လုံးအစုံမှ
ထိတ်လန့်မှုကို မြင်လိုက်ရသည်။

ယန်ယဲ့၏ ပခုံးပေါ်မှာ

အကျအနထိုင်နေသော နှင်းပွင့်က

မျက်တောင်ခတ်လိုက်သည်။

ခဏအကြာတွင်တော့ ယန်ယဲ့၏ပခုံးကို

ပုတ်ပြီးနောက် မူလစေတီထဲကို

ဝင်ပြေးလေတော့သည်။

ယန်ယဲ့ သည် ပါးစပ်ထောင့်များ

လှုပ်ယမ်းသွားသည်။

အခြေအနေမကောင်းမှန်းသိလို့

ဒီအကောင်လေး

ထွက်ပြေးသွားတာလား။

ယန်ယဲ့ သည် ထိုခေါင်းများကို

ငုံ့ကြည့်ပြီး ရှေ့သို့

ဆက်သွားရန်ပြင်လိုက်စဉ် ဟိုချင်၏

အသံက "မင်းတော့ ပြီးသွားပြီ"

ယန်ယဲ့ သည် အံ့သြသွားပြီး

ပြန်မေးဖို့ပြင်လိုက်သည်။ သို့သော်လည်း

လက်တစ်စုံက သူ့ပခုံးပေါ်အုပ်လိုက်ကာ

တစ်ချိန်တည်းမှာပင် သူ့နားထဲမှ

"ဘယ်သူလဲလို့ ခန့်မှန်းကြည့်စမ်း..."

ယန်ယဲ့ သည် အံ့သြတုန်လှုပ်သွားကာ

ဘာပြောရမှန်းပင်မသိတော့ပေ။

May Be:

၂၁၈၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၈၃ -  ဘာကိုခန့်မှန်းရမလဲ

ဘယ်သူလဲ ခန့်မှန်းကြည့်လိုက်စမ်း...

ယန်ယဲ့ သည် ကျောရိုးတစ်လျှောက်အေးစက်သွားသည်။

တစ်စုံတစ်ယောက်က သူ့နောက်ကျောမှာ
ရုတ်တရက် ပေါ်လာပြီး
သူ၏မျက်လုံးများကို ပိတ်ထားတာပါ။

အဲဒါဘယ်သူလဲ ။

အဲဒီလူက ဘာလို့ ဒီလိုလုပ်တာလဲ။

ယန်ယဲ့ သည် သူ့ကိုယ်သူ
တည်ငြိမ်အောင် ထိန်းထားလိုက်သည်။

သူက မတိုက်ခိုက်ဘဲ “ငါမှန်ရင်
တစ်ခုခုရမလား” ဟု ပြန်မေးလိုက်သည်။

ခဏမျှတိတ်ဆိတ်သွားပြီးနောက်
အသံက “ဟုတ်တယ်၊ နင်
ချက်ချင်းသေလိမ့်မယ်။နင်မှားရင်
ဖြည်းဖြည်းချင်းသေလိမ့်မယ်"

ယန်ယွဲ့ သည်
ဘာပြန်ပြောရမှန်းပင်မသိတော့ပေ။

ဤအချိန်တွင် အသံက "ထင်တာပဲ

ခန့်မှန်းကြည့်"

"ငါ့ဖင်ကို ခန့်မှန်းကြည့်" ယန်ယဲ့ သည်

ဒေါသတကြီးပြောပြီးနောက်

ညာခြေကိုတစ်ချက်ဆောင့်လိုက်သည်။

သူ၏ခန္ဓာကိုယ်ထဲမှ ညဏ်အလင်းပွင့်

စိတ်ဆန္ဒ ၂ ခု

တဟုန်ထိုးပေါက်ကွဲလာခဲ့သည်။

ဆူး...

ယန်ယဲ့၏ပုံရိပ်က

အလင်းတန်းအဖြစ်ပြောင်းလဲကာ မီတာ

၁၀၀ ကျော်အကွာသို့

ရောက်ရှိသွားသည်။

အောင်း....

တစ်ချိန်တည်းတွင် ဓားအူသံတစ်

ထွက်ပေါ်လာပြီးနောက်

ဓားစွမ်းအင်တစ်စင်း

လင်းလက်လာသည်။ သို့သော်

ခဏအကြာမှာပဲ ယန်ယဲ့၏မျက်နှာတွင်

လေးနက်သော အမူအရာ ပေါ်လာသည်။

သူ့နောက်ကို ပြန်လှည့်ကြည့်လိုက်ရာတွင်

အနက်ရောင်ဝတ်စုံဝတ်
အမျိုးသမီးငယ်လေးတစ်ဦး
ကိုမြင်လိုက်ရသည်။ သူမက အသက် ၁၅
နှစ်ဝန်းကျင်သာရှိနေသေးပုံရသည်။
သို့သော်လည်း အမျိုးသမီးငယ်လေး၏
မျက်နှာက အေးစက်သောအကြည့်နှင့်
ရက်စက်ကြမ်းကြုတ်သောအငွေ့အသက်
များ ပျံ့လွင့်နေခဲ့သည်။

သို့သော် အားလုံးက အရေးမကြီးပေ။

အရေးကြီးဆုံးအပိုင်းကတော့ သူ
ထုတ်ဖော်လိုက်သော ဓားစွမ်းအင်က
သေးသွယ်သောလက်ကလေးနှစ်ဖက်ဖြင့်
ဖမ်းဆုပ်ထားလို့ပါ။

ထို့နောက် ဓားစွမ်းအင်ကို
စုပ်ယူသွားသည်။

ကလေးမလေးက ယန်ယဲ့ကို အေးစက်စွာ
စိုက်ကြည့်ပြီးနောက် လက်ကို
အနည်းငယ် ဖိချလိုက်သည် ။

ယန်ယဲ့၏ ဓားစွမ်းအင်က ပြင်းထန်စွာ
တုန်ခါသွားပြီး…

ယန်ယဲ့ သည် သူ၏ဓားစွမ်းအင်
ဖျက်ဆီးခံလိုက်ရသည်ကို မြင်သောအခါ
အံ့အားသင့်စွာ ကြည့်နေမိသည်။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့ က

ရုတ်တရက် ပြောလိုက်လေသည်

"ငါ့အထင်... ငါ့အထင်က

မင်းကအမျိုးသမီးတစ်ယောက်ပဲ"

ကောင်မလေးက

"အရမ်းနောက်ကျနေပြီ"

ထိုစကားပြောပြီးသည်နှင့် ညာခြေကို
ဆောင့်လိုက်သည်။ တစ်ချိန်တည်းမှာပဲ
ယန်ယဲ့၏ အမူအရာက
ပြောင်းလဲသွားသည်။

သူ့အထက် အာကာသပြင်ထဲမှ
အနက်ရောင် ခြေသည်းတစ်ချောင်း
ရုတ်တရက် ပေါ်လာသည်။

ယန်ယွဲ့ သည် တွေးနေဖို့ အချိန်မရှိခဲ့ပေ။ နတ်ဓားကို မြှောက်ပြီး ပိုင်းချလိုက်သည်။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့ သည် ၁ ကီလိုမီတာအကွာကို ပေါက်ကွဲသွားခဲ့သည်။ သူ ရပ်လိုက်သည်နှင့် တပြိုင်နက် အနက်ရောင်လက်သည်းကြီးက ရှေ့ ၁

မီတာအကွာကနေ ရှုတ်တရက်

ထွက်ပေါ်လာသည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းလာသည်။

သူ၏ခန္ဓာကိုယ်ထဲမှ

ဆန်းကြယ်ချီစွမ်းအင်များ

တဟုန်ထိုးမြင့်တက်လာသည်။ ထို့နောက်

တုံ့ဆိုင်းမနေဘဲ နတ်ဓားကို မြှောက်ကာ

ထပ်မံခုတ်ပိုင်းလိုက်သည်။

သူသည် လုံးဝမထိန်းထားပေ။

သို့သော် ဓားပိုင်းချက်က ဘာကိုမှ

မခုတ်မိပါ။ နတ်ဓားကို

ပြန်ဆွဲလိုက်သည့်အခါမှာတော့

လက်နှစ်ချောင်းက ဓားဖျားကို

ညှပ်ထားသည်။ တစ်ဆက်တည်း

လက်ဝါးတစ်ဖက်က

ယန်ယဲ့၏ရင်ဘတ်ကိုလှမ်းရိုက်လိုက်သ

ည်။

အရှိန်မြန်လွန်းသဖြင့် ယန်ယဲ့ သည်

အချိန်မီ မရှောင်နိုင်တော့ပေ။

လက်ဝါးက သူ့ရင်ဘတ်ကို

ထိမှန်သွားသည်။

အုန်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ယွဲ့ သည် ၃

ကီလိုမီတာအကွာအဝေးကို

လွင့်ထွက်သွားသည်။

ဤအခိုက်အတန့်တွင် ကောင်မလေးက

ထပ်ပြီးမတိုက်ခိုက်တော့ပေ။

သူမက ယန်ယဲ့ကို အေးစက်စွာ
ကြည့်လိုက်သည်။ ထို့နောက်
ကောင်မလေး၏ အကြည့်များက
သူ့ရင်ဘတ်ပေါ်သို့ ကျဆင်းသွားသည်။

ယန်ယဲ့၏ရင်ဘတ်ပေါ်ရှိ ဝတ်ရုံရှည်က
စုတ်ပြဲနေကာ
အနီရောင်လက်ဝါးရာတစ်ခုရှိနေခဲ့သည်။
အနီရောင်လက်ဝါးရာက
ရင်ဘတ်အရေပြားကို

စုတ်ပြဲသွားစေသော်လည်း

ထင်သလောက်နစ်သွားခြင်းမရှိပေ။

ထို့အပြင် ဒဏ်ရာက မြင်သာသော

အရှိန်ဖြင့် လျင်မြန်စွာ

ပျောက်ကွယ်နေခဲ့သည်။

ကောင်မလေးက မျက်မှောင်ကြုတ်ပြီး

“နင့်ရဲ့ အသားအရေက

ဒီလောက်ထူနေတာလား”

ယန်ယဲ့ က သူ့ရင်ဘတ်ကို

ငုံ့ကြည့်ပြီးနောက် ထူးဆန်းသော

ကလေးမလေးကိုမော့ကြည့်လိုက်ပြီး

"ရှေးဟောင်းကျင့်ကြံသူ လား"

"ရှေးဟောင်းကျင့်ကြံသူလား"

ကလေးမလေးက မျက်မှောင်ကြုတ်ကာ

“အဲဒါ ဘာလဲ”

ယန်ယဲ့ သည်

ဘာဆက်ပြောရမှန်းမသိပေ။

ဤအချိန်တွင် ကလေးမလေးက

ရုတ်တရက် ပြောခဲ့သည် “လာ။

ဆက်ပြီးတိုက်ခိုက်ကြရအောင်"

စကားပြောပြီးသည်နှင့် နေရာမှာပဲ

ဖျတ်ခနဲ ပျောက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင်

အနက်ရောင်လက်သည်းတစ်ချောင်းက

ယန်ယဲ့၏ ရှေ့တည့်တည့် ၁

မီတာအကွာမှ ထွက်ပေါ်လာသည်။

သို့သော် ယန်ယဲ့ သည်

မတိုက်ခိုက်သေးပါ။

အနက်ရောင်လက်သည်းကို

မမှိတ်မသုန်စိုက်ကြည့်နေခဲ့သည်။

ထိုခဏလေးမှာပဲ

အနက်ရောင်လက်သည်းက

သူ့မျက်လုံးရှေ့ရောက်လာပါတော့သည်။

သို့သော် ၎င်းက

ယန်ယဲ့၏လည်ချောင်းဆီသို့

တည့်တည့်တိုးဝင်သွားသည်။

ဤအခိုက်အတန့်တွင်

ယန်ယဲ့၏လက်ထဲမှ နတ်ဓားက

ရုတ်တရက် လှုပ်သွားသည်။

ဘမ်း....

ဓားက လက်ကို ပိုင်းချလိုက်သော်လည်း လက်သည်းများက ယန်ယဲ့၏မျက်နှာကိုကုတ်ခြစ်သွားခဲ့သည်။

သို့သော် တစ်ချိန်တည်းမှာပဲ သွေးကြိုးတစ်ချောင်းက လေထဲသို့ ပျံတက်သွားသည်။

သူ၏ဒဏ်ရာက

ပန်းထွက်လာတာတော့မဟုတ်ချေ။

ပတ်ဝန်းကျင်သည် ရုတ်တရက်

တိတ်ဆိတ်သွားသည်။

ကလေးမလေးက

သူမ၏ညာဖက်လက်ကို

တစ်ချက်ကြည့်လိုက်သည်။

သူမ၏ညာဖက်လက်ကောက်ဝတ်က ၁၀

စင်တီမီတာခန့်နက်သော ဒဏ်ရာတစ်ခုရှိနေခဲ့သည်။ ဒဏ်ရာက အနည်းငယ်နက်သွားပုံပါ။ အရိုးဖြူများပယ် ပေါ်နေခဲ့သည်။

ခဏအကြာတွင် သူမက ဒဏ်ရာကို လစ်လျူရှုပြီး ယန်ယွဲ့ ကို မော့ကြည့်ကာ အေးစက်စက်ပြောခဲ့သည် "နင်ငါ့ကို ဒဏ်ရာရအောင်လုပ်လိုက်တယ်"

ဤအခိုက်အတန့်တွင် ယန်ယဲ့၏

မျက်နှာက

ဘာနာကျင်ခံစားမှုအရိပ်အယောင်မှ

မရှိခဲ့ပေ။

သို့သော်လည်း သူ့ရှေ့က

ကလေးမလေးကို စိုက်ကြည့်နေရင်း...

"သောက်ကျိုးနည်း ။

တကယ်ကိုသန်မာလိုက်တာ"

ယန်ယွဲ့ သည် ခဏမျှစဉ်းစားပြီး "မင်းဘာလို့ငါ့ကိုသတ်ဖို့ကြိုးစားနေတာလဲ"ဟူ၍ မေးကြည့်လိုက်သည်။

ထိုကလေးမလေး၏ ခွန်အားက အမှန်ပင်ကြောက်စရာကောင်းလွန်းနေသည်။

သူ့ခန္ဓာကိုယ်သာ အရင်တိုင်း ရှိနေလျှင် ပထမဆုံးတိုက်ခိုက်မှုဖြင့်

တစ်ခါတည်းအသတ်ခံရနိုင်ချေများပါသ
ည်။

ဤအချိန်တွင် ကလေးမလေးက ယန်ယဲ့
ဆီသို့ ဖြည်းညှင်းစွာ
လျှောက်လာခဲ့သည်။သူမက
လမ်းလျှောက်လာရင်း “ဘယ်သူမှ
ဒီကိုလာခွင့်မရှိဘူးလို့
ပြောထားတယ်။ရောက်လာတဲ့သူတိုင်း
သေရမယ်”

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင်
ပျောက်သွားပြန်သည်။

ယန်ယဲ့ သည် မျက်ခွံများ
လှုပ်ယမ်းသွားပြီး ညာခြေကို
တစ်ချက်ဆောင့်လိုက်သည်။

အုန်း....

မီတာရာချီကျယ်သော

အာကာသပြင်သည်

ပြင်းထန်စွာ တုန်ခါသွားပြီးနောက်

အလင်းတန်းတစ်ခု

လင်းလက်သွားသည်။

ဒုတိယခြားချက်...

ဉာဏ်အလင်းပွင့် စိတ်ဆန္ဒ ၂

ခုဖြင့်ပေါင်းစပ်ထားသည့်

ဒုတိယဓားချက် ။

ဓားပိုင်းချက် ဆင်းသက်လာသည်နှင့်

တပြိုင်နက် မီတာရာချီကျယ်သော

အာကာသပြင်သည်

အပိုင်းပိုင်းကွဲထွက်သွားသည်။

အာကာသပြင်သည် ပင့်ကူမျှင်ကဲ့သို့

အက်ကွဲသွားသည်။

ဤအချိန်တွင် ယန်ယဲ့ရှေ့

အာကာသထဲကနေ

အနက်ရောင်အလင်းတန်းတစ်ခု

ပေါ်လာသည်။

အနက်ရောင်အလင်းတန်းက

သေးငယ်သယောင်ထင်ရသော်လည်း

သူ့ရှေ့ရောက်လာသည်နှင့် ယန်ယဲ့၏

ဓားစွမ်းအင်ဟာ ပြန့်ကားလာပါသည်။

ဘမ်း....

နှစ်ဖက် ထိတွေ့လိုက်သည်နှင့်

တပြိုင်နက် ကျယ်လောင်သော

ပေါက်ကွဲသံကြီးဟာ ပတ်ဝန်းကျင်အနှံ့

ပွဲတင်ထပ်သွားသည်။

ဤအချိန်တွင်

အနက်ရောင်အလင်းစက်ဝိုင်းတစ်ခုပေါ်

လာသည်။ ထို့နောက်

အလင်းတန်းမြောက်များစွာ

ဖြာထွက်လာ၏။ ဤအတောအတွင်း

ဓားစွမ်းအင်က အလင်းတန်းများကို

ဆုတ်ဖြဲပစ်လိုက်သည်။ သို့သော်လည်း

လေထုထဲမှ

အနက်ရောင်အလင်းစက်ဝိုင်း

အနည်းငယ်

ရုတ်တရက်ထွက်ပေါ်လာခဲ့သည်။

ထို့နောက်တွင်တော့ ယန်ယဲ့၏

ဓားစွမ်းအင်ကို

ချက်ချင်းဝါးမျိုသွားသည်။

ဘုန်း…

ကောင်းကင်ယံအထက်၌

ပေါက်ကွဲသံများအဆက်မပြတ်

ထွက်ပေါ်လာသည်။

ဤအခိုက်အတန့်တွင်

ငရဲတောင်တန်းအထက်

အာကာသပြင်သည် ပြင်းထန်စွာ

တုန်လှုပ်နေခဲ့သည်။ ကမ္ဘာပျက်

လေျင်လှုပ်ခတ်သွားသလိုပင်။

၁၅ မိနစ်ခန့်အကြာတွင် ပုံရိပ်တစ်ခုက ၆

ကီလိုမီတာအကွာသို့

လွင့်ထွက်လာခဲ့သည်။

အခြားမဟုတ်ဘဲ ယန်ယဲ့ ပါ။

ယန်ယဲ့ လွင့်ထွက်သွားသည့်အခါ

ငရဲတောင်တန်း သည်တဖြည်းဖြည်း

ငြိမ်သက်သွားခဲ့သည်။

သူ ရပ်တန့်လိုက်ပြီးနောက်

ယန်ယဲ့၏ပါးစပ်ထောင့်မှ သွေးများ

တဖြည်းဖြည်း စီးထွက်လာသည်။

ယန်ယဲ့က ပါးစပ်ထောင့်ရှိသွေးများကို

သုတ်လိုက်ရင်း ကလေးမလေးကို

မော့ကြည့်လိုက်တယ်။

ဤအခိုက်အတန့်တွင် ကလေးမလေး၏

ပတ်ပတ်လည်၌

အနက်ရောင်အလင်းစက်ဝိုင်း ၃ ခု

လှည့်ပတ်နေခဲ့သည်။

ထိုအလင်းစက်ဝိုင်း ၃ ခုမှ

အေးစက်စက်အငွေ့အသက်များ

ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ကလေးမလေးက

ရုတ်တရက် ပြောခဲ့သည် "နင်က

ငါတွေ့ဖူးသမျှထဲမှာ

ခံနိုင်ရည်အရှိဆုံးလူပဲ"

ယန်ယဲ့၏ အမူအရာက အတော်လေး
အဆင်မပြေဖြစ်လာသည်။

ခံနိုင်ရည်ရှိတာလား။ အဲဒါက
ဘယ်လိုစကားကြီးလဲ။

သို့သော် ဤတစ်ကြိမ်တိုက်ပွဲမှာ သူသည်
အပြင်းအထန်ရိုက်နှက်ခံရသောကြောင့်

အခိုပ်ပါယ်ရှိပေသည်။ ကလေးမလေးက
သူ၏ ခေါ်စွမ်းအင်ကို
အသာအယာပင်ချေဖျက်သွားခဲ့သည်။

ဘယ်လောက်တောင် သန်မာလိုက်သလဲ။

သူထုတ်ဖော်လိုက်သော
တိုက်ခိုက်မှုဟာဒုတိယခေါ်ချက်တင်မဟု
တ်ချေ။ ဉာဏ်အလင်းပွင့် စိတ်ဆန္ဒ
နှစ်ခုအပြင် သူ၏ရုပ်ခန္ဓာခွန်အားပါ

ထည့်ပေါင်းထားသည်။ သို့သော်လည်း

ကလေးမလေးက အခက်အခဲမရှိ

လွယ်လွယ်ကူကူပင်

ဖြေရှင်းသွားခဲ့သည်။

သူမဘယ်သူလဲ ။

ယန်ယွဲ့ သည်

မျက်မှောင်ကြုတ်လိုက်သည်။

ဤအတောအတွင်း ကလေးမလေးက

လက်ချောင်းကို ရှေ့သို့ရုတ်တရက်

ပုတ်လိုက်ရာ ယန်ယွဲ့၏အထက်

လေထုထဲမှ

အနက်ရောင်အလင်းစက်ဝိုင်းတစ်ခု

ပေါ်လာသည်။

တစ်ချိန်တည်းတွင်

ဓားစွမ်းအင်ကြိုးတစ်ချောင်းသည်

လေထဲသို့ ပျံတက်သွားပြီး ၎င်းရှေ့မှ

အာကာသကို

တိုက်ရိုက်ဖြတ်တောက်ပစ်လိုက်သည်။

သို့သော် အနက်ရောင်အလင်းစက်ဝိုင်းနှင့်

ထိတွေ့လိုက်သည်နှင့် တပြိုင်နက်

ဓားစွမ်းအင်က ရပ်တန့်သွားသည်။

ထို့နောက်တွင်တော့ တဖြည်းဖြည်းနှင့်

ပျောက်ကွယ်သွားလေသည်။

ယန်ယဲ့၏ မျက်လုံးထဲမှ
ရက်စက်ကြမ်းကြုတ်မှုတစ်ခု
ထွက်ပေါ်လာသည်။

သူ၏လက်ညှိုးနှင့်လက်ခလယ်ကို
ပူးကပ်လျက် ရှေ့သို့ ပုတ်လိုက်သည်။
သူ့လက်ချောင်းမှ မီးတောက်များ
ထွက်လာပြီး အလင်းစက်ဝိုင်းကို
ချက်ချင်း ဖုံးလွှမ်းသွားသည်။
ခဏအကြာတွင်တော့

အလင်းစက်ဝိုင်းဟာ လုံးလုံးလျားလျား

လောင်ကျွမ်းသွားသည်။

နတ်ယင်မီးတောက် ပါ။

"ဒီမီးတောက်က မဆိုးဘူး" ဤအချိန်တွင်

ကလေးမလေးက

ရုတ်တရက်ပြောခဲ့သည် "နင့်မှာ

ရတနာတွေ အများကြီးရှိတယ်။ လာပါ။

နင့်မှာဘာတွေထပ်ရှိသေးလဲ

ငါကြည့်ရအောင်"

စကားပြောပြီးသည်နှင့်

သူမ၏ညာဖက်လက်ဝါးကို

လှန်လိုက်ကာ လက်ဝါးပေါ်တွင်

နဂါးနက်ကြော့ကွင်းတစ်ကွင်း

ပေါ်လာသည်။

ယန်ယဲ့ က နဂါးနက်ကြော့ကွင်းကို

တစ်ချက်ကြည့်လိုက်ကာ ရှေ့တိုးလာပြီး

တိုက်ခိုက်ရန်ပြင်လိုက်၏။

သို့သော်လည်း သွေးကေရီ က

သူ့ဘေးနားမှာ ရုတ်တရက်ပေါ်လာသဖြင့်

ရပ်တန့်လိုက်သည်။ ယန်ယဲ့ သည်

အံ့အားသင့်သွားပြီး တစ်ခုခုပြောရန်

ပြင်လိုက်သည်။သို့သော် သူ၏

အံ့အားသင့်နေသော

အကြည့်အောက်မှာပဲ သေွးကေရီက

မိန်းမငယ်လေးအား ရုတ်တရက်

ဦးညွှတ်လိုက်ပါသည်။

May Be:

၂၁၈၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၈၄ - ငရဲတစ္ဆေခြေလှမ်း

ယန်ယဲ့ သည် အတော်လေးကို

အံ့သြသွားသည်။

သူ့ရှေ့မှမြင်ကွင်းကို တစ်ခါမှ

မမျှော်လင့်ထားလို့ပါ။ သွေးဇကောရီက

ကလေးမလေးကို အမှန်တကယ်

ဦးညွှတ်လိုက်သည်။

ဘာတွေဖြစ်နေတာလဲ ။

ယန်ယွဲ့၏ စိတ်ထဲမှာတော့

မေးခွန်းအပြည့်ပါ။

ကလေးမလေးက သွေးကေရီ ကို

စိုက်ကြည့်ရင်း မျက်မှောင်ကြုတ်ကာ

နင်က ဘယ်သူလဲဟုပြန်မေးခဲ့သည်။

ဤအချိန်တွင် ငရဲကေရီ၊ အမှောင်ကေရီ

နှင့် ဝက်စီးသောအမျိုးသမီးငယ် က

ယန်ယဲ့နံဘေးမှာ

အသီးသီးပေါ်လာကြသည်။

သုံးယောက်စလုံးက ကလေးမလေးကို

ငေးကြည့်ရင်း မျက်လုံးထဲ

ရှုပ်ထွေးသောအမူအရာများရှိနေခဲ့သည်။

"ငရဲအိပ်မက်သခင်...."ဤအချိန်တွင်

သွေးဧကရီက

ရုတ်တရက်ပြောလိုက်သည်

"နင့်ရဲ့နာမည်က ငရဲအိပ်မက်သခင်

(Nether Dream) ပါ"

ကလေးမလေးက မျက်မှောင်ကြုတ်ကာ

ငရဲအိပ်မက်သခင် သူမ၏

မျက်လုံးများထဲ၌ ပျောက်ဆုံးနေသော

အမူအရာ ပေါ်လာသည်။

ခဏအကြာတွင် သူမက

ပြန်ပြောလေသည်အဲဒါ

ငါ့နာမည်ထင်တယ်

သွေးကေရီ နှင့် အမှောင်ကေရီ

တို့နှစ်ယောက်စလုံး

အကြည့်ချင်းဖလှယ်ကြသည်။

ခဏအကြာတွင် သွေးကေရီ က

ထပ်မေးလိုက်သည်

"နင့်နာမည်ကိုမသိဘူးလား"

ကလေးမလေးက

ပိုလို့တောင်မျက်မှောင်ကြုတ်လာသည်။

ထို့နောက် သွေးကေရီ ကို ရုတ်တရက် စိုက်ကြည့်ရင်း နင် ငါ့ကို သိလား ဟုပြန်မေးခဲ့သည်။

သွေးကေရီ က "နင့်ရဲ့ မှတ်ဉာဏ်တွေ အကုန်လုံးပျောက်သွားပြီလား"

ကလေးမလေးက အေးစက်စက်ပြန်ပြောပါသည် "မဟုတ်ဘူး၊ ငါအများကြီးမမှတ်မိဘူး"

ဤအတောအတွင်း ယန်ယဲ့က
သွေးကေရီ ကို စိုက်ကြည့်ကာ
မေးလိုက်၏ "ဒုတိယအစ်မ၊ သူက
ငရဲခန်းမရဲ့ အဖွဲ့ဝင်ပဲလား"

ငရဲကေရီ က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး ရှင်းပြခဲ့သည်
"သူမက ငါတို့ငရဲခန်းမရဲ့ အုပ်ထိန်းသူ။
သူမရဲ့ အဆင့်အတန်းက ခန်းမသခင်ရဲ့

အောက်တစ်ဆင့်ပဲ နိမ့်တယ်။

ခန်းသခင်တစ်ယောက်ပဲ

သူမကိုအမိန့်ပေးနိုင်တယ်။

ဒါ့အပြင်သူမက ငရဲခန်းမရဲ့

နည်းပြဆရာပါ။ အကြီးဆုံးအစ်မနဲ့ ငါ

သူမရဲ့ သင်ပြမှုကိုရခဲ့တယ်။ဒါပေမဲ့

အဲဒီအချိန်မှာ

ငါတို့တော်တော်ငယ်သေးတယ်"

ငရဲခန်းမရဲ့ အုပ်ထိန်းသူ၊ ငရဲခန်းမရဲ့ နည်းပြဆရာ

ယန်ယဲ့ သည် စိတ်ထဲကနေ ပြောလိုက်မိသည်။

ဒီကလေးမလေး အရမ်းကြောက်ဖို့ကောင်းနေတာ မဆန်းပါဘူး။

ဤအခိုက်အတန့်မှာပဲ သွေးကေရီက

ဆက်ပြောလိုက်သည် တကယ်တော့ ငါ

အစကတည်းက သံသယဖြစ်မိတယ်။

ဒါပေမဲ့ ခုဏလေးတင်

သူသုံးခဲ့တဲ့လှုပ်ရှားမှုနည်းစနစ်ကို

မြင်လိုက်တော့ ပိုသေချာသွားတယ်။

ဒါဟာ ငါတို့ငရဲခန်းမက

နှစ်ပေါင်းများစွာတိုင်အောင်

ပျောက်ကွယ်နေတဲ့

"ငရဲတစ္ဆေခြေလှမ်း"ပဲ။ ဒီနည်းစနစ်ကို
ခန်းမသခင် နဲ့ အုပ်ထိန်းသူ တို့ပဲ
ကျင့်ကြံနိုင်တယ်။
ဘာလို့သိနေလဲဆိုတော့ ငါနဲ့
အကြီးဆုံးအစ်မ ငယ်ငယ်တုန်းက
တစ်ကြိမ် မြင်ဖူးထားလို့"

ထိုနောက် ကလေးမလေးကို
စိုက်ကြည့်ကာ ဆက်ပြောပါသည် "
ငါသေချာသွားတာက ဒီလက်စွပ်ပဲ။

ငရဲတစ္ဆေလက်စွပ်က ငရဲခန်းမရဲ့

အုပ်ထိန်းသူ ပဲ ဝတ်ဆင်ခွင့်ရှိတယ်။

အုပ်ထိန်းသူရဲ့ အမှတ်အသားပေါ့။

ဒါ့အပြင် ငရဲတစ္ဆေလက်စွပ်က

ငရဲခန်းမရဲ့

ဒုတိယအကြီးမြတ်ဆုံးရတနာတစ်ခုပဲ"

ယန်ယွဲ့က တဟားဟားရယ်ပြီး "ဒါဆို

ငါတို့က အတူတူပဲ။ ဟားဟား"

"မဟုတ်ဘူး၊

ငါမဟုတ်ဘူး"ထိုအတောအတွင်း

ငရဲအိပ်မက်သခင်က

အေးစက်စွာပြောခဲ့သည် " နင်တို့အားလုံး

ဘယ်သူတွေလဲ ငါဘယ်သူလဲဆိုတာ

ငါဂရုမစိုက်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ်

ဒီနေရာကို အပြင်လူတွေ

လာလို့မရဘူးဆိုတာ ပြောထားခဲ့တယ်။

ဒါဆို အခုထွက်သွားကြ၊ ဒါမှမဟုတ်
အကုန်သေရမယ်"

သွေးကေရီ က
ရုတ်တရက်ပြောလိုက်သည် "သူမက
ခန်းမသခင်ရှောင်စီးယောင်
ပဲမဟုတ်လား"

ခန်းမသခင်.....

ငရဲအိပ်မက်သခင်က

မျက်မှောင်ကြုတ်လိုက်ပြီး မျက်လုံးထဲမှာ

ပျောက်ဆုံးသွားသော အမူအရာတစ်ခု

ပေါ်လာသည်။

ဤအတောအတွင်း သွေးကေရီက

ဆက်ပြောခဲ့သည် "ဆရာ၊

ငါတို့ရဲ့ခန်းမသခင်က

လောကသုံးပါး ကို သွားတာလား၊

ဒါမှမဟုတ် ကျရှုံးသွားပြီလား"

ငရဲအိပ်မက်သခင် က ပို၍ပင်

မျက်မှောင်ကြုတ်နေခဲ့သည်။

အချိန်အတော်ကြာအောင်

ငြိမ်သက်နေပြီးမှ သူမ၏ညာဖက်ကို

တစ်ချက်ကြည့်လိုက်ပြီး "ဟိုကို

ထွက်သွားပြီ" ဟုပြောပါသည်။

သွေးကေရီ က ပြန်မေးလိုက်သည် "နင်
အဲဒီကို သွားကြည့်ဖို့ တစ်ခါမှ
မတွေးဖူးဘူးလား"

ငရဲအိပ်မက်သခင် က
ခေါင်းခါလိုက်သည် "သူမ
ခွင့်မပြုဘူးဆိုတော့ ငါဆင်းမသွားရဲဘူး"

ယန်ယဲ့ သည် မျက်ခွံများ

လှုပ်ယမ်းသွားသည်။

သူမက ရှောင်စီးယောင် ကို

တကယ်ကြောက်ရွံ့နေတာထင်တယ် ။

သွေးကေရီ က "ဆရာ၊ ဒီနေရာကို

စောင့်နေတာ

ဘယ်လောက်ကြာပြီလဲ"ဟုထပ်မေးခဲ့သ

ည်။

ငရဲအိပ်မက်သခင် က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည် "ငါ

မသိဘူး၊ တော်တော်ကြာသွားပြီ"

ထို့နောက် သွေးကေရီကို

စူးစိုက်ကြည့်ကာ ပြောလိုက်သည် "ငါ

တစ်ခုခုကို မှတ်မိနေတယ်။ ငါ့နာမည်က

"ငရဲအိပ်မက်သခင်"ပါ။ ဒါပေမဲ့

ငါနင့်ကိုတော့မမှတ်မိဘူး"

သွေးကေရီ က ခေါင်းခါလိုက်ရင်း

ပြန်ပြောပါသည်

"အဆင်ပြေပါတယ်။ဖြည်းဖြည်းချင်း

စဉ်းစားလို့ရတယ်"

ခဏမျှငြိမ်သက်နေပြီးမှ

ငရဲအိပ်မက်သခင်

အစောပိုင်းကညွှန်ပြသော

လမ်းကြောင်းကို ငေးကြည့်ရင်း "ငါတို့

အဲဒီနေရာကို သွားကြည့်ချင်တယ်။

အဆင်ပြေနိုင်လောက်လား"ဟု

ဆက်မေးလိုက်သည်။

မဟုတ်ဘူး ။

ငရဲအိပ်မက်သခင်၏ မျက်နှာက

ချက်ချင်းပင် အေးခဲသွားကာ

"အဲဒီနေရာကို ဘယ်သူမှ မသွားနိုင်ဘူး။

ဘယ်သူမှ..."

သွေးကေရီ က "ဒါဆို ဆရာက ဒီနေရာကို ထာဝရစောင့်ရှောက်မှာလား" ဟူသောမေးခွန်းဖြင့် ပြန်မေးလိုက်သည်။

ကလေးမလေးက အနည်းငယ် အံ့အားသင့်သွားကာ တိတ်ဆိတ်သွားခဲ့သည်။ သူမက ရုတ်တရက် ပြန်ပြောခဲ့သည် "သူမရဲ့အမိန့်မပါဘဲ ငါထွက်သွားလို့မရဘူး"

ဘယ်လောက်တောင်

ရှိသေလေးစားနေလိုက်သလဲ။ ....

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က

ရုတ်တရက်ပြောလိုက်သည် "သူမက

မင်းကို ဒီနေရာမှာ

အချိန်အတိုင်းအတာတစ်ခုအထိ

ဒါမှမဟုတ်

ထာဝရမစောင့်ကြပ်နေရမယ်လို့

ဘယ်လိုသိနိုင်တာလဲ။ ဒါ့အပြင် သူမ

ထွက်သွားပြီးတဲ့နောက်မှာ

ပြန်ပေါ်မလာခဲ့ဘူးဆိုတော့

အပြီးထွက်သွားတာများလား။

ဒါမှမဟုတ် သူမ တစ်ခုခု

ဒုက္ခရောက်နေတာမျိုး

ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ သူမက.... "

"မဖြစ်နိုင်ဘူး" ငရဲအိပ်မက်သခင် က ခေါင်းခါပြီး အေးစက်စက်ပြောလိုက်သည် "သူမကို ဘယ်သူမှ မသတ်နိုင်ဘူး"

ယန်ယဲ့ က ငရဲအိပ်မက်သခင် ကို တစ်ချက်ကြည့်လိုက်ပြီး "သူမက အရမ်းကြောက်ဖို့ကောင်းသလား"ဟုမေး လိုက်ပါသည်။

ငရဲအိပ်မက်သခင် က ယန်ယဲ့ကို

ရုတ်တရက် လက်ညှိုးထိုးပြပြီး "သူမက

နင့်လို လူတစ်ရာကို

တိုက်ခိုက်နိုင်တယ်"ဟူ၍ ပြန်ဖြေခဲ့သည်။

ယန်ယဲ့ သည် ထိုစကားကြောင့်

ဘာဆက်ပြောရမှန်းမသိပေ။

ဤအချိန်တွင် အမှောင်ဧကရီ က

ရုတ်တရက် ပြောပါသည် "ဆရာ၊

ဆရာက တည်ထောင်သူဘိုးဘေး ကို

လုံး၀ သစ္စာစောင့်သိတယ်ဆိုတာ ငါတို့

နားလည်ပါတယ်။ ဒါပေမဲ့ သူမ

ပျောက်နေတာ

ဘယ်လောက်ကြာနေပြီလဲဆိုတာကို

တွေးကြည့်ဖူးလား။ ဒါ ပုံမှန်ဖြစ်နိုင်လား၊

တကယ်တော့ ဒါဟာ လုံး၀ကို ပုံမှန်တော့

မဟုတ်ပါဘူး။ မောင်ငယ်လေးယန်

ပြောသလိုပဲ၊ တည်ထောင်သူဘိုးဘေး

တစ်ခုခုဖြစ်တော့မှာမို့လို့

အဲဒီနေရာကိုမလာခိုင်းတာကောမထင်

ဘူးလား "

မောင်ငယ်လေးယန် လား။

သောက်ကျိုးနည်း....

ယန်ယွဲ့ သည် ပါးစပ်ထောင့်များ

လှုပ်ယမ်းသွားသည်။

တကယ်ပဲ သူမက ငါ့ကို
နာမည်ပြောင်ပေးလိုက်တယ်။

ငရဲအိပ်မက်သခင် က
တိတ်ဆိတ်သွားပြန်သည်။
အချိန်တော်တော်ကြာပြီးနောက်
ခေါင်းမော့ကာ အဝေးကို
လှမ်းကြည့်နေလေသည်။ ထိုနေရာသည်
ရှောင်စီးယောင်
ပျောက်ကွယ်သွားသောနေရာပင်။

ထိုလမ်းကြောင်းကို ငေးကြည့်နေရင်း
ငရဲအိပ်မက်သခင်၏ မျက်လုံးထဲမှ
အံ့သြမှုတစ်ခု ပေါ်လာခဲ့သည်။

ယန်ယဲ့ သည် ငရဲအိပ်မက်သခင်
တွေးနေသည့်အရာကို ချက်ချင်း
သဘောပေါက်သွားသည်။

.... သူမက ရှောင်စီးယောင်

ဘာဖြစ်သွားလဲဆိုတာကို

သိချင်နေတာပါ။

ယန်ယဲ့က ကမန်းကတန်းပြောလိုက်သည်

"ဒါကိုသေချာစဉ်းစားကြည့်ပါ။ သူမက

ငါတို့အကူအညီကို

လိုအပ်နေတာများလား။

ဒါမှမဟုတ် မထွက်ခွာခင်

အကြောင်းပြချက်တချို့ရှိလို့ ငါတို့ကို

မဆက်သွယ်နိုင်တာလား။ အဲလိုဖြစ်ခဲ့ရင်

မင်းဒီမှာ စောင့်နေတာက

အချိန်ဖြုန်းတာပဲ မဟုတ်ဘူးလား"

ငရဲအိပ်မက်သခင် က ယန်ယွဲ့ကို

လှည့်ကြည့်လိုက်ပြီး

ရုတ်တရက်ပြောပါသည် "နင်က ငါ့ကို

အဲဒီနေရာ သွားခိုင်းတယ်။ သူမက

တစ်ယောက်ယောက်ကို

အပြစ်ပေးချင်ရင် နင်ငါ့ကို

လုပ်ခိုင်းတာလို့ ငါပြောမယ်"

သောက်ကျိုးနည်း ငရဲအိပ်မက်သခင်...

ယန်ယွဲ့ သည် မထိန်းနိုင်ဘဲ

အသံထွက်ကျိန်ဆဲလိုက်ပါသည်။

.... ဒီကလေးမ

ဦးနှောက်ပျက်နေတာလားများ။

သူလည်း

သွားကြည့်ချင်နေတာမဟုတ်ဘူးလား။

ဒါကို ဘာလို့

ငါ့အပေါ်အပြစ်ပုံချချင်နေတာလဲ။

တစ်ချိန်တည်းမှာပဲ ငရဲအိပ်မက်သခင် က

ရုတ်တရက် ပြောခဲ့သည် "တကယ်တော့

ငါ အဲဒီနေရာကို မသွားချင်ပါဘူး။ ဒါပေမဲ့ နင်ပြောခဲ့တာတွေက အဓိပ္ပာယ်ရှိတယ်။ ဒါ့အပြင် နင်တို့အားလုံး အဲဒီကို သွားဖို့ ရည်ရွယ်ထားတာပဲ။ ငါ နင်တို့အားလုံးကို အနိုင်ယူလို့မရဘူး။ ဒါကြောင့် ရွေးချယ်စရာမှမရှိတာ၊ နင်တို့နဲ့လိုက်ရတော့မှာပေါ့။ ဒါဖြင့် ဒါ နင်တို့ရဲ့အကြံအစည်တွေပဲ မဟုတ်လား"

အားလုံး တော်တော်နှင့်

စကားမပြောနိုင်ကြပေ။

၁၅ မိနစ်ခန့်အကြာတွင် လူတိုင်း

တောင်တန်း၏ နောက်ဖက်ဆီသို့

ထွက်ခွာသွားကြသည် ။

ယန်ယဲ့ သည် သွေးကေရီ၏

နံဘေးမှာကပ်လိုက်လာရင်း

မေးလိုက်သည် "ဒုတိယအစ်မ၊

မင်းတို့ခန်းမသခင် က

သာမန်လူမဟုတ်ဘူးလို့ ဘာလို့

ခံစားမိလိုက်တာလဲ"

သွေးဧကရီ က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

"နင်ဘာပြောဖို့ကြိုးစားနေတာလဲ"

ဟူ ပြန်မေးလိုက်သည်။

ယန်ယဲ့ က ခေါင်းခါလိုက်သည်

"မသိဘူး၊ဒါဟာ

ငါ့ခံစားချက်တစ်ခုသက်သက်ပါ။ ဒါဆို

မင်းက သူ့ရဲ့ ပင်ကိုယ်စရိုက်နဲ့နောက်ခံကို

သိလား"

သွေးကေရီ က ခေါင်းခါလိုက်ပြီး "

တကယ်တော့ သူမက ငါတို့ငရဲခန်းမ

မှာရှိတုန်းကတောင်

လျှို့ဝှက်ဆန်းကြယ်တယ်။ ပြီးတော့

သူမရဲ့အတိတ်အကြောင်းကို

ဘယ်သူမှမသိသလို၊

သူမအကြောင်းကိုလည်း တစ်ခါမှ

မပြောဖူးဘူး"

"လျှို့ဝှက်ဆန်းကြယ်တယ်" ယန်ယဲ့ က

ဆက်ပြောရန် ပြင်လိုက်စဉ်

ငရဲအိပ်မက်သခင် ကို မြင်လိုက်သဖြင့်

ရပ်ထားလိုက်ရသည်။

သူ့မျက်နှာကလည်း

သတိအပြည့်ဖြစ်လာသည်။

ထိုကလေးမလေးက

အားနည်းသူမဟုတ်ချေ။

ငရဲအိပ်မက်သခင် က ယန်ယဲ့ကို

စိုက်ကြည့်ကာ ရုတ်တရက်မေးခဲ့သည်

"နင့်ရဲ့အသားအရေက အရမ်းထူတယ်။

နင်ဘယ်လိုလေ့ကျင့်ခဲ့တာလဲ"

ယန်ယဲ့ သည်

ဘာပြောရမှန်းမသိအောင်ဖြစ်သွားလေ

သည်။

ငရဲအိပ်မက်သခင် က ဆက်မေးပြန်သည်

"နင့်ရဲ့မီးတောက်က

အရမ်းကောင်းပါတယ်။

နင်ဒါကိုဘယ်ကယူလာတာလဲ"

ယန်ယဲ့ သည် ချက်ချင်းပင်

သတိအပြည့်ဖြစ်လာခဲ့သည်။

သူမက နတ်ယင်မီးတောက်ကို

လိုချင်နေတာလား။

ဤအချိန်တွင် သွေးကေရီ၏ အသံ

ရုတ်တရက်ထွက်ပေါ်လာသည်

"ငါတို့ရောက်ပြီ"

အားလုံး ရပ်သွားကြသည်။ သူတို့ရှေ့တွင်

အောက်ခြေမသိနိုင်သော

ချောက်နက်ကြီးတစ်ခုရှိနေခဲ့သည်။

ယန်ယွဲ့ သည် ရှေ့တိုးသွားကာ

အောက်ငုံ့ကြည့်လိုက်သည်။ သူ့အောက်

မီတာ ၃၀၀ အကွာဟာ

နို့နှစ်ရောင်မြူမှုန်များဖုံးလွှမ်းထားသော်

လည်း သူ၏ အမြင်အာရုံက

ထိုးဖောက်မြင်နိုင်ပါသည်။

သို့သော်လည်း သူ၏အမြင်အာရုံက

ချောက်နက်ကြမ်းပြင်အထိ

မရောက်နိုင်ခဲ့ပေ။

အောက်ခြေအနက်မသိနိုင်သော

ချောက်နက်ကြီးပါ။

ယန်ယဲ့က နောက်လှည့်ပြီး

ငရဲအိပ်မက်သခင် ကို စိုက်ကြည့်ရင်း

"သူမ ဒီကနေ

ဆင်းသွားတာလား"ဟုမေးလိုက်သည်။

ငရဲအိပ်မက်သခင် က

ခေါင်းညိတ်ပြသည်။

ယန်ယဲ့ က "ဘာလို့ ဆင်းသွားတာလဲလို့

သူမ မပြောခဲ့ဘူးလား"

ငရဲအိပ်မက်သခင် က

ခေါင်းယမ်းလိုက်သည်။

ယန်ယဲ့ က သွေးကောရီ ကို

စူးစိုက်ကြည့်လိုက်ရာ သူမက

ခေါင်းညိတ်ကာ "ကောင်းပြီ။

အောက်ကိုဆင်းရအောင်"

ထိုစကားပြောပြီးနောက် အမှောင်ဧကရီ

နှင့်အတူ တစ်ခါတည်း

ခုန်ဆင်းသွားကြသည်။

ဝက်စီးသောအမျိုးသမီးငယ် နှင့်

ငရဲဧကရီ ကတော့ မူလစေတီထဲသို့

ပြန်ဝင်သွားကြသည်။

ယန်ယဲ့ သည် မသွားခင်

ငရဲအိပ်မက်သခင် ကို ငုံ့ကြည့်ပြီးနောက်

သူလည်း ခုန်ဆင်းသွားသည်။

ငရဲအိပ်မက်သခင် က အတော်လေး

ချီတုံချတုံ ဖြစ်နေခဲ့သည်။

သေချာသည်မှာ သူမက ရှောင်စီးယောင်

ကို ကြောက်ရွံ့နေတာပါ။ သို့သော်လည်း

ခဏအကြာတွင်တော့ ချောက်ထဲကို

ခုန်ဆင်းသွားပါတော့သည်။

လူတိုင်း ခုန်ချသွားပြီးနောက် ၁၅ မိနစ်ခန့်အကြာတွင် ယန်ယွဲ့ မတ်တပ်ရပ်နေခဲ့သော နေရာမှ မျက်နှာဖုံးစွပ်အမျိုးသမီးတစ်ဦး ရုတ်တရက်ပေါ်လာသည်။

အမျိုးသမီးက တွင်းနက်ကြီးကို အချိန်အတော်ကြာ ငုံ့ကြည့်ကာ "အုပ်ထိန်းသူ ဒီမှာရှိဖို့တောင်

မမျှော်လင့်ထားဘူး... တကယ်ကို ပိုပိုပြီး
စိတ်ဝင်စားဖို့ ကောင်းလာတယ်"

ထို့နောက် အဝေးဆီသို့ ရှုတ်တရက်
လှမ်းကြည့်လိုက်ပြီး
"နင်ဒီကိုရောက်လာကတည်းက ဘာလို့
ဆက်ပုန်းနေမှာလဲ"ဟုပြောလိုက်သည်

သူစကားပြောပြီးသည်နှင့်
ခဏအကြာတွင် ထိုနေရာက

အနည်းငယ်တုန်ခါသွားပြီး

ဘီးတပ်ကုလားထိုင်နှင့်

အမျိုးသမီးတစ်ဦး ပေါ်လာသည်။

ထိုအမျိုးသမီးက

အင်မော်တယ်ဓားမြို့တော်သခင်

တစ်ဖြစ်လည်း ငရဲခန်းမ၏

သိုင်းသံတမန်ပါ။

မျက်နှာဖုံးစွပ်အမျိုးသမီးက သိုင်းသံတမန်ကို ခဏကြာထိ စိုက်ကြည့်ကာ "ငါတို့မတွေ့ရတာ တော်တော်ကြာပြီ။ နင့်ကြည့်ရတာ သိပ်ကောင်းပုံမပေါ်ဘူး"

"ငါ နေမကောင်းဘူးလား" သိုင်းသံတမန် က

ရယ်မောကာ "အမှန်ပဲ။ နင်နဲ့ယှဉ်ရင်
ငါတကယ်အဆင်မပြေလှဘူးလေ။ နင်က
ခန်းမသခင်တောင်ဖြစ်နေပြီ။ ဒါပေမဲ့
ရိုးရိုးသားသားပဲပြောပါရစေ၊ နင်က
ခန်းမသခင်ဖြစ်ဖို့ ဘာအခွင့်အရေးရှိလဲ"

မျက်နှာဖုံးစွပ်အမျိုးသမီးက
စိတ်ဆိုးဟန်မပြဘဲ
"ခန်းမသခင်ရှောင်စီးယောင်
ထွက်သွားပြီးတာနဲ့ ငရဲခန်းမက

ပြိုကွဲလာတယ်။ တကယ်လို့ ငါသာ

ခန်းမသေခင်နေရာကို မဆက်ခံဘူးဆိုရင်

ငါတို့ငရဲခန်းမက

သမိုင်းထဲမှာပဲရှိနေတော့မယ်။ ဒါကြောင့်

ငါက ငရဲခန်းမကို ပြန်စုစည်းပြီးတော့

အမွေအနှစ်တွေကို

ဆက်ပြီးအသက်သွင်းခဲ့တယ်။

အဲဒါငါမှားသလား"

သိုင်းသံတမန် က "ဆရာသခင် မရှိတဲ့
ငရဲခန်းမက ငရဲခန်းမ
မဟုတ်ဘူး"ဟုပြန်ပြောခဲ့သည်။

မျက်နှာဖုံးစွပ်အမျိုးသမီးက
သိုင်းသံတမန်အား အချိန်အကြာကြီး
စိုက်ကြည့်ကာ "ငါတို့ကြားမှာ နားလည်မှု
အတွက် ဘာအကြောင်းပြချက် မရှိဘူး"

သိုင်းသံတမန် က အနည်းငယ်
ခေါင်းညိတ်လိုက်သည် "နင်မှန်ပါတယ်"

ထို့နောက် ချောက်နက်ထဲကို
ခုန်ဆင်းသွားတော့သည်။

မျက်နှာဖုံးစွပ်အမျိုးသမီး က အောက်ကို
အချိန်အတော်ကြာ ငုံ့ကြည့်ပြီးနောက်
"တကယ်ကို ရှေးခေတ်ဦးရဲ့
လျှို့ဝှက်ဆန်းကြယ်တဲ့အရာကို

ဖော်ထုတ်ဖို့ အချိန်တန်ပြီ " ဟု

တိုးတိုးလေးပြောခဲ့သည်။

ထိုစကားပြောပြီးသည်နှင့် အောက်သို့

ခုန်ချလိုက်သည်။

ပတ်ဝန်းကျင်သည် ခဏမျှ

တိတ်ဆိတ်သွားသည်။

၁၅ မိနစ်လောက်အကြာတွင်တော့

ငရဲတောင်တန်းကြီးတစ်ခုလုံး

ရုတ်တရက် တုန်ခါသွားခဲ့လေသည်။

May Be:

၂၁၈၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၈၅ - ဉာဏ်အလင်းသခင်

ငရဲချောက်နက် ။

ချောက်နက်ထဲသို့
ဆင်းလာပြီးနောက်တွင် ယန်ယဲ့ သည်
ဟန်ချက်ပြတ်သွားပြီး မထိန်းနိုင်ဘဲ
ပြုတ်ကျလာသလို ခံစားလိုက်ရသည်။

ပတ်ဝန်းကျင်ကို
လှည့်ပတ်ကြည့်လိုက်ရာတွင်
သူ့နောက်ကွယ်ရှိ တောင်တန်းကြီးဟာ

လှုပ်ခါနေသည်ကို

သတိထားမိလိုက်လိုက်သည်။

ဤအချိန်တွင် သွေးကြောရှိ က

ရုတ်တရက်သတိပေးလာခဲ့သည်

"သတိထားပါ"

ယန်ယဲ့ ပြန်ပြောခါနီးတွင်

ငရဲအိပ်မက်သခင် က

ရုတ်တရက်ဝင်ပြောပါတော့သည်

“စိတ်မပူပါနဲ့။ သူ့အသားက
တော်တော်ထူတယ်။ ပြုတ်ကျရင် သူ့ကို
မသေစေနိုင်ဘူး”

ယန်ယဲ့၏ မျက်နှာက
အနည်းငယ်ရှုံ့မဲ့သွားသည်။

စကားပြောနေရင်းမှာပဲ သွေးကေရီ၏
အမူအရာက ရုတ်တရက်
ပြောင်းသွားသည် "သတိထား"

စကားပြောပြီးသည်နှင့်
ငရဲအိပ်မက်သခင်၏ ပတ်ပတ်လည်၌
နက်မှောင်နေသောအလင်းတန်းများစွာ
ပေါ်လာသည်။

ထို့နောက်တွင်တော့ သူတို့ပတ်လည်ကနေ
မီတာ ၃၀၀ ကျော်ရှည်လျားသော
သစ်ပင်အမြစ်တစ်ဒါဇင်ခန့်
ပေါ်လာသည်။ ထိုခဏလေးမှာပဲ

သစ်မြစ်များသည်

ပတ်ဝန်းကျင်တစ်ခုလုံးအား

လုံးဝဖုံးလွှမ်းသွားခဲ့သည်။

ဘမ်း....

ချောက်အနက်အတွင်းပိုင်းမှ

ပေါက်ကွဲသံများ အဆက်မပြတ်

ထွက်ပေါ်လာသည်။

ခဏအကြာတွင်တော့ ထိုနေရာသည်
ရုတ်တရက် တိတ်ဆိတ်သွား၏။

သူတို့ပတ်ဝန်းကျင်ရှိ သစ်မြစ်များ
ပျောက်ကွယ်သွားသော်လည်း
လူတိုင်း၏မျက်နှာက
လေးနက်သောအမူအရာအပြည့်ရှိနေကြ
သည်။

ယန်ယဲ့ က စိတ်ထဲက တုန်လှုပ်မှုကို

ထိန်းကာ မေးလိုက်သည် "အဲဒါဘာလဲ"

သွေးကေရီ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်

"ငါလည်းမသိဘူး" ထို့နောက်

မျက်မှောင်ကြုတ်ကာ “အရင်တုန်းက

ကန့်သတ်ခြင်းမိန်းမပျို

ဒီကိုရောက်လာသေးတယ်။ ဒါပေမဲ့

ဒီလိုမျိုးမကြုံဖူးဘူး"

ယန်ယဲ့က အံ့အားသင့်သွားသည်။ သူက "ဘယ်လိုလဲ၊ ကန့်သတ်ခြင်းမိန်းမပျို က ဒီကိုရောက်ဖူးပြီလား"

သွေးဧကရီ က ခေါင်းညိတ်လိုက်သည်

“သူမက အဲဒီမှာ နေရာအထိဆင်းသွားဖူးတယ်။ ဒါပေမဲ့ သူမရဲ့ကျင့်ကြံမှုအဆင့်က နိမ့်ကျနေသေးတော့

အရမ်းကြီးရှေ့မတိုးရဲဘူး။ ဒါ့အပြင်

အောက်ခြေမှာ

ချိတ်ပိတ်စည်းတစ်ခုရှိနေတာကိုပါ

သတိထားမိခဲ့တယ်။ ဒါဟာ

သူမအတွက်တင်မဟုတ်ဘူး၊ငါတို့ဆယ်

ယောက်စလုံးထက်တောင်မှ

အားကောင်းနေတယ်။ ဒါကြောင့်

နင့်ကိုအကူအညီတောင်းဖို့ရွေးချယ်လိုက်

ရတာပဲ”

"ဒါဆို တစ်ယောက်ယောက်က

ဒီနေရာကိုတကယ်ရောက်လာဖူးတာပေါ့"

တစ်ချိန်တည်းမှာပဲ ငရဲအိပ်မက်သခင် က

ရုတ်တရက် ပြောခဲ့သည် "အဲဒီနေ့က

တစ်ခုခုတော့ အဆင်မပြေဘူးလို့

ခံစားမိလိုက်တာပဲ။ ဒါပေမဲ့ ရှာတဲ့အခါ

ဘာမှမတွေ့ဘူး"

သွေးကောရီ က "ဒါ သူမအတွက်

ကံကောင်းသွားတာပါ။ ဆရာက

သေချာအာရုံမစိုက်လိုက်လို့"

ဟုပြောပါသည်။ အကြောင်းကတော့

ငရဲအိပ်မက်သခင် သာ

ကန့်သတ်ခြင်းမိန်းမပျိုကို

သတိထားမိခဲ့လျှင် သေချာပေါက်

အသတ်ခံရမှာဖြစ်လို့ပါ။

အမှောင်ဧကရီ က ပြောလိုက်သည် "ငါတို့

ဆက်ပြီး ဆင်းသွားရအောင်"

လူတိုင်း ခေါင်းတညိတ်ညိတ်နဲ့

သတိအပြည့်ထားကာ

ဆက်တိုက်ဆင်းလာကြသည်။

၁ နာရီခန့်အကြာတွင်တော့

အောက်ခြေသို့

ရောက်သွားခဲ့သည်။

သို့သော်လည်း ပတ်ဝန်းကျင်သည်

မြူခိုးများဖုံးလွှမ်းနေသည်။

ပတ်ဝန်းကျင်ကို

ရှင်းရှင်းလင်းလင်းမမြင်ရပေ။

ဤအချိန်တွင် ငရဲအိပ်မက်သခင် က

သူမ၏ညာလက်ကို ဝှေ့ယမ်းလိုက်သည်။

ထိုခဏလေးမှာပဲ ပတ်ဝန်းကျင်ရှိ

မြူခိုးများ ဝေ့ဝဲလာသည်။

ခဏအကြာတွင်တော့ တဖြည်းဖြည်းနှင့်

အပေါ်ကို လွင့်ပျံသွားသည်။

သိပ်မကြာလိုက်ပေ၊

သူတို့အမြင်အာရုံကနေ

ပျောက်ကွယ်သွားတော့သည်။

ဤအခိုက်အတန့်တွင် မြူခိုးထုများ

မရှိတော့သဖြင့် ပတ်ဝန်းကျင်သည်

ရှင်းလင်းသွားခဲ့သည်။

သို့သော်လည်း

သူတို့ရှေ့တောက်လျှောက်

ဘာကိုမှ မမြင်နိုင်ခဲ့ပေ။

ယန်ယဲ့ သည် သွေးဧကရီ

ကိုစိုက်ကြည့်နေသည်။

ဤအတောအတွင်း ၎ရဲအိပ်မက်သခင် က

ရုတ်တရက် ပြောခဲ့သည်

“ဖုံးကွယ်ခြင်းအစီအရင်တစ်ခုပဲ။

ဒီနေရာတစ်ခုလုံးကို

အစီအရင်တွေအထပ်ထပ်ကာကွယ်ထား

တယ်”

ဖုံးကွယ်ခြင်းအစီအရင်လား။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး

ငရဲအိပ်မက်သခင်ကို စိုက်ကြည့်ရင်း

“မင်း အဲဒါကို

ချိုးဖျက်လို့ရသလား”ဟုမေးပါသည်။

သွေးကေရီ နှင့် အမှောင်ကေရီ

တို့နှစ်ယောက်ပါ ငရဲအိပ်မက်သခင်ကို

စိုက်ကြည့်နေကြသည်။

ငရဲအိပ်မက်သခင် က

လက်ရှိသူတို့အထဲမှာ

အသန်မာဆုံးမဟုတ်ပါလား။

ငရဲအိပ်မက်သခင် က ရှေ့တည့်တည့်ကို

အချိန်အကြာကြီး စိုက်ကြည့်နေခဲ့သည်။ ထို့နောက် ခေါင်းယမ်းလိုက်သည်။ သူမက "တကယ်တော့ ငါဒါကိုမဖွင့်နိုင်ဘူး"ဟုပြောပါသည်။

သို့သော် သူမက ယန်ယွဲ့ကို ရုတ်တရက် စိုက်ကြည့်ရင်း ပြောလိုက်သည် "နင့်လက်ထဲက သစ်သားဓားနဲ့ မီးတောက်က အဲဒါကို လုပ်နိုင်လိမ့်မယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

သူ့လက်ထဲက သစ်သားဓားကို

တစ်ချက်ကြည့်လိုက်ပြီးနောက် ရှေ့သို့

လှမ်းထိုးလိုက်သည်။

ဘမ်း....

ပေါက်ကွဲသံကြီး

ရုတ်တရက်ထွက်ပေါ်လာပြီးနောက်

အနီးနားပတ်ဝန်းကျင်ဟာ

မြေလျှင်လှုပ်ခတ်သွားသလိုမျိုး
ပြင်းထန်စွာ လှုပ်ခါသွားခဲ့သည်။

ခဏအကြာမှာပဲ ပတ်ဝန်းကျင်သည်
တစ်ဖန်ပြန်ငြိမ်သွားပါတော့သည်။
သို့ရာတွင် သူတို့ရှေ့မှမြင်ကွင်းဟာ
ဗလာနယ်ကြီးသာရှိနေသေး၏။
ဘာကိုမှမမြင်ရသေးပါ။

သို့သော်လည်း

သစ်သားဓားထိပ်ဖျားနှင့်ကပ်လျက်

အာကာသပြင်၌

အပေါက်ငယ်လေးတစ်ခုရှိနေခဲ့သည်။

ထို့အပြင် ထိုနေရာသည်

ယခုလက်ရှိပတ်ဝန်းကျင်ကဲ့သို့ မတူပေ။

ထိုနေရာသည် အနည်းငယ်

မှုန်ဝါးနေခဲ့သည်။

"ဒါက အလုပ်ဖြစ်မှာပါ" သွေးကေရီ၏

မျက်နှာမှာ အပြုံးတစ်ခုပေါ်လာပါသည်။

ယန်ယဲ့ က သွေးကေရီ ကို

စူးစိုက်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

ဤအခိုက်အတန့်မှာ သူ၏ခန္ဓာကိုယ်ထဲမှ

ဆန်းကြယ်ချီစွမ်းအင်များ

မြင့်တက်လာကာ သစ်သားဓား ဆီသို့

ပို့လွှတ်လိုက်သည်။ ထို့နောက်

သစ်သားခွေးကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်

ရှေ့သို့ထိုးသွင်းလိုက်သည်။

ထိုအတိုင်းပင်၊ ယန်ယဲ့သည်

သစ်သားခွေးကိုမြှောက်ပြီး

အကြိမ်ကြိမ်ထိုးသွင်းပါတော့သည်။

၂ နာရီခန့်အကြာတွင်....

ဘောင်း....

ပေါက်ကွဲသံကြီးတစ်ချက်

ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့ သည်

တန်ပြန်အားလှိုင်းကြောင့် ကီလိုမီတာ

အတော်ဝေးဝေးထိပင်လွင့်ထွက်သွားခဲ့

သည်။ သို့သော် ပတ်ဝန်းကျင်ရှိ

မြင်ကွင်းသည် ရုတ်တရက်

ထူးဆန်းစွာပြောင်းလဲလာပါတော့သည်။

ခဏအကြာတွင် ဤနေရာသည်

ပုံမှန်ပြန်ဖြစ်သွား၏။ သို့သော်လည်း

သူတို့ရှေ့တွင် မီတာ ၃၀၀

ခန့်မြင့်မားသော

ရှေးဟောင်းသစ်ပင်ကြီးတစ်ပင်

ပေါ်လာသည်။

သစ်ပင်တစ်ပင်လား....

အားလုံး အံ့သြသွားကြသည်။

ဤအချိန်တွင် သွေးကေရီ က

ရုတ်တရက် ပြောလိုက်သည်

"သတိထားပါ"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ဤအခိုက်အတန့်တွင်

တစ်ခုခုလွဲနေကြောင်းကို

ကောင်းကောင်းခံစားမိနေလို့ပါ။

ထို့အပြင် သူ့စိတ်ထဲမှာပင် မဖော်ပြနိုင်သော ကြောက်ရွံ့မှုတစ်ခုခုလိုလိုခံစားနေရလေသည်။

ဤအချိန်တွင် သူတို့ရှေ့က ရှေးဟောင်းသစ်ပင်ကြီး ရုတ်တရက် လှုပ်ယမ်းလာသည်ကို သတိထားမိကြသည်။

ယန်ယဲ့ သည် သစ်သားဓားကို

တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်ပြီး

သတိအပြည့်ရှိနေခဲ့သည်။

ဤအတောအတွင်း သူ့စိတ်ထဲမှ

ဟိုချင်၏ သတိပေးသံ

ရုတ်တရက်ထွက်ပေါ်လာခဲ့သည်

"ကလေး၊ ဒီသစ်ပင်က

သာမန်မဟုတ်ဘူး"

ယန်ယဲ့ က လေးနက်စွာပြောခဲ့သည်

"အကြီးအကဲဟို၊ အဲဒါ သိသာပါတယ်။

ထူးထူးခြားခြား ဘာတွေရှိလဲ

ပြောပြပေးနိုင်မလား”

ဟိုချင် က "ကလေး၊

အမှန်တိုင်းပြောရရင် မင်းတော့

ကိုယ့်သေတွင်းကို

တူးလိုက်ပြီထင်တယ်"ဟုပြန်ပြောခဲ့သည်

။

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားသည် "အကြီးအကဲဟို၊

မင်းက

ငါ့မကြောက်ကြောက်အောင်တမင်ခြော

က်နေတာများလား”

"သူတမင်ပြောနေတာမဟုတ်ဘူး"

ချူန်းချီ၏ အသံက

ရုတ်တရက်ထွက်ပေါ်လာသည် "ကလေး၊

ဒီချိတ်ပိတ်စည်းကို ချိုးဖျက်လိုက်လို့

မင်းတော့ သေချာပေါက်

ဒုက္ခရောက်ပြီ"

ယန်ယဲ့ သည်

ဘာပြန်ပြောရမှန်းတောင်မသိတော့ပေ။

ဤအခိုက်အတန့်တွင်

ရှေးဟောင်းသစ်ပင်ကြီးမှ

လျှပ်စီးလက်သကဲ့သို့ အလင်းတန်းများ

လင်းလက်လာကာ အကိုင်းအခက်များစွာ ဖြာထွက်လာခဲ့သည်။ အလွန်ကို မြန်ဆန်လေရာ ယန်ယဲ့ပင်လျှင် ရှင်းရှင်းလင်းလင်း မမြင်လိုက်ရပေ။

တစ်ချိန်တည်းမှာပင် ငရဲအိပ်မက်သခင်က

သူမ၏လက်ချောင်းကို ပွတ်ဆွဲလိုက်ရာ
အနက်ရောင်အလင်းတန်းတစ်ခု
ပြေးထွက်သွားသည်။

ဘမ်း...

ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာသည်။ ယန်ယဲ့ နှင့်
သွေးကောရီ လည်း
အံ့ဩတုန်လှုပ်သွားခဲ့သည်။

အကြောင်းမှာ ငရဲအိပ်မက်သခင် က ၁

ကီလိုမီတာအကွာသို့ လွင့်ပျံသွားလို့ပါ။

ဤမြင်ကွင်းအား မြင်သောအခါ

ယန်ယဲ့၏နဖူးက

ချွေးစေးများစီးကျလာပါတော့သည်။

ငရဲအိပ်မက်သခင် က မည်သူနည်း။

သူမ၏ခွန်အားကို တိတိကျကျတော့

မသိခဲ့ပေ။ သူ့ထက် အများကြီး

ပိုသန်မာကြောင်း သိသာပါသည်။

သို့သော်လည်း ငရဲအိပ်မက်သခင် က

အမှုန်တကယ်ပင်

နောက်ပြန်လွင့်ထွက်လာခဲ့သည်။

ဤအခိုက်အတန့်တွင် ချုန်းချီ နှင့်

ဟိုချင်တို့သတိပေးခဲ့သည့်

အကြောင်းအရင်းကို

နားလည်သွားပါပြီ။

ယန်ယဲ့

တစ်ယောက်တည်းတော့မဟုတ်ချေ။

သွေးကြေရိ နှင့် အမှောင်ကြေရိလည်း

ထိတ်လန့်သွားခဲ့သည်။ သူတို့အတွက်

ငရဲအိပ်မက်သခင် ရှူးနိမ့်ဖို့

မမျှော်လင့်ထားတာသေချာပါသည်။

ငရဲအိပ်မက်သခင် က

ပြန်ထလာပြီးနောက်

ရှေးဟောင်းသစ်ပင်ကို မော့ကြည့်ပြီး

သူမ၏ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။သူမ၏လက်ထဲမှ

အနက်ရောင် အလင်းစက်ဝိုင်းတစ်ခု

ပြေးထွက်သွားကာ

ရှေးဟောင်းသစ်ပင်ကြီး

အထက်လေထဲမှ ပေါ်လာသည်။

ထိုခဏလေးမှာပဲ အလင်းစက်ဝိုင်းမှ

အလွန်ကြောက်စရာကောင်းသော

အနက်ရောင်စွမ်းအင်လှိုင်းကြီး
ထွက်ပေါ်လာသည်။

ရှေးဟောင်းသစ်ပင်ကြီးက
တစ်ချက်ယမ်းခါသွားသည်။ ထို့နောက်
သစ်ကိုင်းတစ်ချောင်းက လေထဲသို့
ရုတ်တရက် လွင့်ပျံလာပြီး
အနက်ရောင်အလင်းစက်ဝိုင်းကို
ရိုက်ချလိုက်သည်။

ဘမ်း…

အနက်ရောင်အလင်းစက်ဝိုင်းက

အပိုင်းအစများအဖြစ်

ပေါက်ကွဲသွားသည်။

ယန်ယွဲ့ သည် မျက်ခွံများ

လှုပ်ယမ်းသွားသည်။ သူသည်

သွေးကြောရှိ အနားကို တိုးကပ်သွားကာ

“ဒုတိယအစ်မ၊ အခု ငါတို့ နောက်ဆုတ်ဖို့ ဘယ်လိုလဲ” ဟု မေးလိုက်ပါသည်။

သွေးကေရီ က ယန်ယဲ့ကို ငုံ့ကြည့်ကာ ခေါင်းခါလိုက်သည် "ဘာဖြစ်သွားမှန်း မသိမချင်း ငါတို့ ထွက်သွားလို့မရဘူး" စကားခဏရပ်ကာ “ဒါပေမဲ့ နင်ထွက်သွားလို့ရပြီ။နင့်ကို ဒီထဲကို ဆွဲသွင်းမိတာ ငါ စိတ်မကောင်းပါဘူး။

အခု ချိတ်ပိတ်စည်း မရှိတော့တဲ့အတွက်
နင်ဒီမှာဆက်နေစရာ မလိုတော့ဘူး”

ယန်ယဲ့ သည် ခါးသက်သက်
ရယ်မောလိုက်သည်။

သူထွက်သွားချင်ရင်တောင်
အခုချက်ချင်း ထွက်သွားလို့မရတော့ပေ။

ဤအချိန်တွင် ရှေးဟောင်းသစ်ပင်ကြီးမှ

အနက်ရောင် အမြစ်တစ်ချောင်း ပေါက်ထွက်လာသည်။ အမြစ်က အထူ ၃ မီတာကျော်ရှိသည်။ တစ်ချောင်းတည်းမဟုတ်ပါ၊ အမြစ်ပွား တစ်ဒါဇင်ကျော်ပါရှိသည်။အမြစ်အားလုံးက ငရဲအိပ်မက်သခင် ကို ဦးတည်ကာ ရိုက်ချလိုက်သည်။

ငရဲအိပ်မက်သခင်၏ မျက်နှာက အေးခဲသွားသည်။ သူမ၏ညာလက်ကို

ငွေ့ယမ်းလိုက်ရာ လက်ဝါးအလယ်မှ
အနက်ရောင်အလင်းတန်း
တစ်ဒါဇင်ကျော် ပြေးထွက်သွားသည်။

"ငရဲချိန်းကြိုးများ...." သွေးကေရီက
ရှုတ်တရက်ပြောလိုက်သည်
“ငါ့ငရဲခန်းမရဲ့
အမြင့်မြတ်ဆုံးနည်းစနစ်တွေထဲမှာ
အဆင့် ၃ ချိတ်တယ်။ ဒါဟာ
ခန်းမသခင်ရှောင်စီးယောင် နဲ့အတူ

ပျောက်ကွယ်သွားခဲ့တာပဲ။ထပ်တွေ့ဖို့
မမျှော်လင့်ထားဘူး”

ငရဲချိန်းကြိုးများ....

ယန်ယွဲ့ သည် ငရဲအိပ်မက်သခင်ကို
စိုက်ကြည့်နေသည်။ သူသည်
ထိုအနက်ရောင်အလင်းစက်ဝိုင်း၏စွမ်း
အားကို ကောင်းကောင်းခံစားဖူးလို့ပါ။

အခိုက်ကာတော့ သူ၏ ဥက္ကာအလင်းပွင့်

စိတ်ဆန္ဒ ၂ ခုအား ဖိနှိပ်ထားလို့ပါပဲ။

ငရဲအိပ်မက်သခင် က သူမ၏

ညာဖက်လက်သီးကို ရုတ်တရက်

ဆုပ်လိုက်ပြီး ရှေ့ကို

လှမ်းထိုးလိုက်သည်။

ထိုခဏလေးမှာပဲ အနက်ရောင်

အလင်းစက်ဝိုင်းများ ထွက်လာကာ

သစ်မြစ်များဆီသို့ တိုးဝင်သွားသည်။

အလင်းစက်ဝိုင်းများ ဖြတ်သွားတိုင်း

အာကာသပြင်ဟာ စက်ဝိုင်းပုံသဏ္ဍာန်

ကွဲထွက်သွားခဲ့သည်။ အတော်လေးကို

ထူးဆန်းသော

မြင်ကွင်းတစ်ခုလိုပင်ထင်ရစေသည်။

ဘမ်း...

ပေါက်ကွဲသံများ အဆက်မပြတ်
ပွဲတင်ထပ်နေကာ
အထက်အာကာသပြင်သည်
လှိုင်းဂယက်များ ထလာခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်မှသာ
ပတ်ဝန်းကျင်သည်
ပုံမှန်အတိုင်းပြန်ဖြစ်သွားသည်။

အနက်ရောင်သစ်မြစ်များ မရှိတော့ပေ။

သို့သော်

အနက်ရောင်အလင်းစက်ဝိုင်းများဟာ

သဲလွန်စမရှိဘဲ

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ သည်

သက်ပြင်းတစ်ချက်ချလိုက်သည်။

ကံကောင်းထောက်မစွာပင် အမည်မသိ

ရှေးဟောင်းသစ်ပင်ကြီးက

မရှုံးနိမ့်တာမျိုးမဟုတ်ပေ။ မဟုတ်လျှင်

သူတို့အားလုံး

အကုန်ထွက်ပြေးရပေမည်။

ဤအချိန်တွင် သူ့စိတ်ထဲမှ ချုန်းချီ၏

အသံ ထွက်ပေါ်လာသဖြင့်

မျက်လုံးပြူးသွားလေသည် "ကလေး၊

မင်း အခုချက်ချင်း ပြေးရင်

အကောင်းဆုံးပဲ။ မဟုတ်ရင်

မင်းထွက်သွားချင်နေရင်တောင်

ဘယ်တော့မှ ထွက်သွားနိုင်မှာ

မဟုတ်ဘူး”

ထွက်ပြေးရမလား ။

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

အမှန်တိုင်းပြောရလျှင် သူ

ထွက်ပြေးချင်နေခဲ့သည်။ သို့သော်

သွေးကောရီ နှင့်အခြားသူများကို

စွန့်ပစ်ကာ ထွက်မပြေးလိုပေ။

......

ဤအခိုက်အတန့်တွင်

ပတ်ဝန်းကျင်တစ်ခုလုံးသည် ရုတ်တရက်

ပြင်းထန်စွာလှုပ်သွားခဲ့သည်။

မြေပြင်တစ်ခုလုံး တုန်ခါလာပြီး

ကမ္ဘာပျက်သည့်အတိုင်း ဖြစ်လာသလိုပင်

ခံစားရသည်။

မီတာ ၃၀၀ ကျော်မြင့်မားသော

ရှေးဟောင်းသစ်ပင်ကြီးက

သူတို့မျက်စိရှေ့တွင်

ရုတ်တရက်ကျုံ့ဝင်သွားသည် ။

တဖြည်းဖြည်းနှင့် သေးငယ်သည်ထက်

သေးငယ်လာသည်။ ၁၅

မိနစ်ခန့်အကြာတွင်တော့ သူတို့ရှေ့မှာ ၆

မီတာလောက်မြင့်မားသော တဲအိမ်တစ်ခု

ပေါ်လာသည်။

ဘုန်း....

တဲအိမ် ဆီမှ
အလွန်ကြောက်စရာကောင်းသော
အငွေ့အသက်တစ်ခု ပျံ့လွင့်လာခဲ့သည်။
ယန်ယဲ့ အပါအဝင် အခြားလူတိုင်းလည်း
မမြင်နိုင်သောဖိအားကြောင့်
နောက်ပြန်ဆုတ်သွားလိုက်ရသည်။

ဤအချိန်တွင် ယန်ယဲ့၏စိတ်ထဲမှ

ချုန်းချီ၏ စိုးရိမ်တကြီးသတိပေးသံ

ရုတ်တရက်ထွက်ပေါ်လာခဲ့သည်

"ကလေး၊ ငါပြောချင်တာက အဲဒီလူဟာ

အနည်းဆုံးတော့

ညဏ်အလင်းသခင်အဆင့်မှာရှိတယ်။

ပြေးတော့”

May Be:

၂၁၈၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၈၆ - ခြေသံများ

ညာဏ်အလင်းသခင်အဆင့်....

ယန်ယဲ့ သည် အံ့သြသွားသည်။

ညာဏ်အလင်းသခင် က

မူလနတ်ဘုရားအထက်ဆင့် ပါ။

ဒါပေမဲ့ ဒီလောကမှာ
ညကျအလင်းသခင်တွေ
မရှိသင့်ဘူးလား။

ဘာတွေဖြစ်နေတာလဲ။

ဤအချိန်တွင် တဲအိမ်ထဲမှ
အလင်းရောင်တစ်ချက် လက်သွားပြီး

အနက်ရောင်အမြစ်တစ်ချောင်း

ဆန့်ထွက်လာသည်။

အုန်း...

ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီးနောက်

ငရဲအိပ်မက်သခင် က ၃

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

တဲအိမ် က ထပ်မံတိုက်ခိုက်ခါနီးပါ။

တစ်ချိန်တည်းတွင်

သွေးနီရောင်အလင်းတန်းမြောက်များစွာ

က အာကာသပြင်ကို ဆုတ်ဖြဲကာ

ၚင်းရှေ့တွင် ပေါ်လာသည်။ သို့သော်

တဲအိမ်အတွင်းပိုင်းမှ ပြင်းထန်သော

အော်ရာတစ်ခု

ရုတ်ချည်းပျံ့လွင့်လာသည်။

ထို့နောက်တွင်တော့ သွေးနီရောင်

အလင်းတန်းများစွာဟာ

အရိပ်အယောင်ပင်မကျန်ခဲ့ဘဲ

ပျောက်ကွယ်သွားသည် ။

ဤမြင်ကွင်းကြောင့် သွေးကေရီ လည်း

မျက်နှာပျက်သွား၏။

ရှေးဟောင်းသစ်ပင်ကြီး၏ စွမ်းအားက

ထင်ထားသည်ထက်ပင် ကျော်လွန်နေမှန်း

သတိပြုမိလိုက်လို့ပါ။

ဤအချိန်တွင် ယန်ယဲ့ သည် သွေးကေရီ

နံဘေးမှ ပေါ်လာပြီး “ဒုတိယအစ်မ၊

သတိထားပါ။ အဲဒီသတ္တဝါက

ညဏ်အလင်းသခင် နဲ့

အဆင့်တူတယ်"ဟုပြောလိုက်ပါသည်။

"ညဏ်အလင်းသခင်...." သွေးကေရီ က

ချက်ချင်း မျက်မှောင်ကြုတ်လိုက်သည်။

စကားပြန်ပြောခါနီးမှာပဲ တဲအိမ်က
ရုတ်တရက်ပျောက်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ အပါအဝင်
လူတိုင်း၏အမူအရာများသည်
သိသိသာသာ ပြောင်းလဲသွားသည်။

ခဏအကြာတွင်တော့ သူတို့အပေါ်
အလွန်ကြောက်စရာကောင်းသော
ဖိအားလှိုင်းကြီး ကျဆင်းလာသည်ကို

ခံစားလိုက်ရသည်။
အသက်ရှူကြပ်သွားမတတ်ပင်။

ယန်ယဲ့ သည် တွန့်ဆုတ်မနေဘဲ
သူ့လက်ကောက်ဝတ်ကို လိမ်လိုက်သည်
သစ်သားဓားမှ ဓားအလင်းတန်းများ
တလက်လက်ထွက်လာသည်။
ဤအချိန်တွင်

သူ့ပတ်ဝန်းကျင်ရှိ ဖိအားများ

ချက်ချင်းလျော့ကျသွားသည်။

သို့သော်လည်း

အနက်ရောင်အမြစ်တစ်ချောင်းက

သူ့ရှေ့ကိုရောက်လာခဲ့သည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ တုံ့ဆိုင်းမနေဘဲ

သစ်သားဓားကို မြှောက်ပြီး

ခုတ်ချလိုက်သည်။

ဆူး...

ဘမ်း...

ယန်ယွဲ့ သည် တုံ့ပြန်ချိန်ပင်မရလိုက်ဘဲ ၃ ကီလိုမီတာအကွာကို လွင့်ထွက်သွားခဲ့သည်။ သို့သော် ယခင်က သူရပ်နေခဲ့သောနေရာမှာ သစ်မြစ်အပိုင်းတစ်ပိုင်းကျန်နေခဲ့သည်။

ဘုန်း...ဘုန်း...

ဤအချိန်တွင် သေွးကေရှိ နှင့်

အခြားနှစ်ယောက်ပါ တိုက်ခိုက်ခံရသည်။

ခဏအကြာတွင်တော့

သူတို့၏ပူးပေါင်းတိုက်ခိုက်မှုဟာ

ဖိအားများကို ချေဖျက်ပစ်နိုင်ခဲ့သည်။

ပတ်ဝန်းကျင်သည် တဖြည်းဖြည်းနှင့်

ပုံမှန်အတိုင်း ပြန်ဖြစ်လာခဲ့သည်။

သို့သော် လူတိုင်း ယန်ယဲ့ကို စိုက်ကြည့်နေသည်။ သို့မဟုတ် အတိအကျပြောရလျှင် ယန်ယဲ့၏လက်ထဲမှ သစ်သားဓား ကို စိုက်ကြည့်နေတာပါ။

တစ်ချိန်တည်းတွင် ငရဲအိပ်မက်သခင်ကရုတ်တရက်ပြောခဲ့သည် “အဲဒီသစ်ပင်ရဲ့

အကာအကွယ်စွမ်းအားက နင့်ထက်

အားကောင်းတယ်။ နင်ကိုယ်တိုင်

တိုက်ခိုက်ကြည့်လိုက်။ ဘယ်သူက

ပိုသန်မာလဲ ကြည့်ရအောင်"

ယန်ယဲ့ သည် ပါးစပ်ထောင့်များ

လှုပ်ယမ်းသွားသည်။

သွေးကေရီ ကလည်း

ထပ်ပြောလိုက်သည်

"နင့်ရဲ့ သစ်သားဓားက

ဒီသစ်ပင်ရဲ့အကာအကွယ်စွမ်းအားကို

ထိုးဖောက်နိုင်တယ်"

ယန်ယွဲ့ သည်

ခါးသက်သက်ရယ်မောလိုက်သည်။

သူလုပ်နိုင်ကိုတော့

ကောင်းကောင်းသိပါသည်။ သို့ရာတွင်

သူသည် တဲအိမ် နှင့် မယှဉ်သာပေ။

ဤအခိုက်အတန့်တွင် တဲအိမ်က

သူ့ဖက်လှည့်လာကြောင်းသတိထားမိလို

က်လေသည်။

ယန်ယဲ့၏အမူအရာက

ချက်ချင်းပြောင်းလဲသွားသည်။

ထိုခဏလေးမှာပဲ သူ့အထက်

အာကာသထဲကနေ

အနက်ရောင်သစ်မြစ်ကြီးတစ်ချောင်း
ရုတ်တရက် ထွက်ပေါ်လာသည်။
ယန်ယဲ့ သည် တွန့်ဆုတ်မနေဘဲ
သစ်သားဓားကို မြှောက်၍ အပေါ်သို့
ပင့်ခုတ်လိုက်သည်။ တစ်ချိန်တည်းမှာပင်
သူ၏ညာဖက်လက်မောင်းကနေ
သားရဲပုံရိပ်ကြီးတစ်ခု ပေါ်လာသည်။

ရှေးဟောင်းစပါးအုံးဝိညာဉ် ....

ယန်ယွဲ့ သည် သစ်သားဓား

တစ်ခုတည်းဖြင့် ရင်မဆိုင်ဝံ့ပေ။

စပြီးတိုက်ခိုက်သည်နှင့်

တစ်ချိန်တည်းမှာပဲ

စစ်နတ်ဘုရား၏ညာဖက်လက်မောင်း

တော် နှင့် ရှေးဟောင်းစပါးအုံးဝိညာဉ် ကို

တစ်ခါတည်း

အသက်သွင်းထားလိုက်သည်။

ဤအချိန်တွင် သူ၏ခွန်အားက

အကန့်အသတ်ထိပင် ရောက်နေလေပြီ။

ဆူး....

သစ်မြစ်ကြီးက

အပိုင်းပိုင်းကွဲထွက်သွားသည်။

သစ်သားအပိုင်းအစများ

ပတ်ဝန်းကျင်ဆီသို့ ကျဆင်းလာသည်။

ဤအချိန်တွင် ယန်ယဲ့ သည် မီတာ ၃၀၀ ကျော်အကွာထိပင် လွင့်ပျံသွားခဲ့သည်။

သို့သော် ထိုခဏလေးမှာပဲ ယခင်ထက် နှစ်ဆမကပိုကြီးမားသော သစ်မြစ်ကြီးတစ်ချောင်းက ယန်ယဲ့ရှေ့တွင် ထပ်ပေါ်လာပြန်သည်။

အရှိန်က အတော်ကိုမြန်ဆန်ပါသည်။ အချိန်မှီ

တုံ့ပြန်နိုင်ခြင်းမရှိလောက်အောင်ကို
မြန်ဆန်လှသည်။

အုန်း...

ယန်ယွဲ့ သည် ခုခံချိန်ပင်မရလိုက်ဘဲ
နောက်တစ်ကြိမ် လွင့်ထွက်သွားသည်။
ဤတစ်ကြိမ်တော့ ယခင်ထက်
ပိုပြင်းထန်ပုံပါ။

ယန်ယဲ့ သည် ၆ ကီလိုမီတာနီးပါးအထိပင်

လွင့်ပျံထွက်သွားခဲ့သည်။ သူ့ကိုယ်သူ

ထိန်းပြီး

မြေပြင်ပေါ်ဆင်းလာသည်နှင့်တစ်ဆက်

တည်းပင် နောက်ထပ် ၁

ကီလိုမီတာအကွာလောက်ထိကို

ပြန်ဆုတ်သွားလိုက်ရသည်။

ထို့နောက် သူ့ရှေ့ကို မျှော်ကြည့်လိုက်ရာ

တဲအိမ်က ထပ်မံတိုက်ခိုက်တော့မည်ကို

သတိထားမိလိုက်သည်။ ယန်ယွဲ့ သည်

သူ့လက်နှစ်ဖက်ကို ရုတ်တရက်

မြှောက်လိုက်ပြီး "အစ်ကို၊

ငါလက်မြှောက်အရှုံးပေးတယ်"

ဤမြင်ကွင်းကြောင့် သွေးကေရီနှင့်

အခြားနှစ်ယောက်လည်း

အံ့သြသွားကြသည်။

တဲအိမ်က လှုပ်ရှားမှု

ခဏရပ်သွားသည်။ငင်းသည် ယန်ယဲ့၏

ဤလုပ်ရပ်ကို မမျှော်လင့်ထားပုံပါ။

ယန်ယဲ့က ရပ်မနေဘဲ

ကမန်းကတန်းဆက်ပြောလိုက်သည်

"အစ်ကို၊ ငါတို့က ဒီကို

မကောင်းတဲ့ရည်ရွယ်ချက်နဲ့

လာတာမဟုတ်ဘူး။ ငါတို့က

တစ်စုံတစ်ယောက်ကို ရှာဖို့

ဒီကိုရောက်နေတာ"

တဲအိမ်က လှုပ်ရှားမှု မရှိသေးပါ။

သို့သော်လည်း ယန်ယဲ့ သည်

သတိအပြည့်ထားနေခဲ့သည်၊ သူသည်

အချိန်မရွေးတိုက်ခိုက်ရန်

အသင့်ပြင်ထားပါသည်။

အားလုံးက အတူတူပါ။

သတိအပြည့်ထားကာ အခြေအနေကို

စောင့်ကြည့်နေခဲ့သည်။

ပတ်ဝန်းကျင်သည် ရုတ်တရက်

တိတ်ဆိတ်သွား၏။

"ဒီမှာ လူသားတွေ မရှိဘူး"

စကားပြောနိုင်တယ် ။

အကယ်၍ တုံ့ပြန်မှုမရှိရင်တော့
အခြေအနေဟာ ပိုဆိုးလာနိုင်သဖြင့်
ယန်ယွဲ့ သည် သက်ပြင်းချရင်း
စိတ်သက်သာရာရသွားသည်။

ယန်ယွဲ့က ခဏမျှစဉ်းစားပြီး
"ငါတို့ရှာနေတဲ့လူက လွန်ခဲ့တဲ့နှစ်တွေမှာ
ဒီကိုလာခဲ့တယ်။ မှန်တယ်၊ အဲဒါ

အမျိုးသမီးတစ်ယောက်ပဲ၊

မင်းသူ့ကိုသိလား"

တဲအိမ်က ခဏမျှ

တိတ်ဆိတ်သွားပြီးနောက် ရုတ်တရက်

ပြင်းထန်စွာ တုန်လှုပ်သွားတော့သည်။

ယန်ယွဲ့ သည် ဤမြင်ကွင်းကို

မြင်သောအခါ မျက်ခွံများ

လှုပ်ယမ်းသွားသည်။

ဒီသတ်တဝါက ဘာလုပျနတောလဲ။

"ယုတ်မာတဲ့မိန်းမ" ဤအချိန်တွင်

တဲအိမ်ဆီမှ ဒေါသတကြီးအော်ဟစ်သံ

ရုတ်တရက်ထွက်ပေါ်လာပါတော့သည်။

တစ်ချိန်တည်းတွင်

အနက်ရောင်သစ်မြစ်များ အများအပြား

ဖြာထွက်လာကာ ယန်ယဲ့ နှင့်အဖွဲ့ ထံ

ပြေးဝင်လာသည်။

ဝေါ....ဝေါ....ဝေါ.

ထိုခဏလေးမှာပဲ မရေမတွက်နိုင်သော သစ်မြစ်များဟာ ယန်ယဲ့ နှင့် အခြားလူများဆီသို့ မုန်တိုင်းတစ်ခုလို ကျရောက်လာပါတော့သည်။

ဘာလဲဟ....

ယန်ယဲ့ သည်

အတော်လေးအံ့အားသင့်သွားသည်။

တဲအိမ်က ဘာလို့ရုတ်တရက်ကြီး

တိုက်ခိုက်နေတာလဲ။

အမှောင်ကောရီ နှင့် သွေးကောရီ

တို့နှစ်ယောက်ပေါင်း

တိုက်ခိုက်ရန်ပြင်လိုက်စဉ်

ငရဲအိပ်မက်သခင် က သူတို့ရှေ့မှာ ပေါ်လာခဲ့သည်။ ငရဲအိပ်မက်သခင် က လက်နှစ်ဖက်ကို ရှေ့သို့ဆန့်ကာ အသာအယာ ဝှေ့ယမ်းလိုက်သည်။ လက်ဝါးနှစ်ဖက်အလယ်ကနေ အနက်ရောင်စွမ်းအင်လုံးကြီးတစ်လုံး ထွက်ပေါ်လာသည်။ ထို့နောက် လျှပ်စီးလက်သကဲ့သို့ပင် ရှေ့ကို

တောက်လျှောက်ပြေးထွက်သွားလေသ
ည်။

အုန်း....

အနက်ရောင်အလင်းလုံးကြီးဟာ
လေထဲမှာပင် ရုတ်တရက်
ပေါက်ကွဲသွား၏။ ထို့နောက်
အလင်းလုံးထဲမှ မရေမတွက်နိုင်သော
အနက်ရောင်အလင်းတန်းများ

ဖြာထွက်လာသည်။

အနက်ရောင်အလင်းတန်းများက

အနက်ရောင်သစ်မြစ်များဆီသို့

အဆက်မပြတ် ပစ်ခတ်လိုက်သည်။

သစ်မြစ်များကိုတော့

မဖြတ်တောက်နိုင်ချေ။ သို့သော်

ရှေ့ဆက်မတိုးလာအောင်

တားဆီးထား၏။

ငရဲအိပ်မက်သခင်က သွေးကေရီ နှင့်

အမှောင်ကေရီ ကို စူးစိုက်ကြည့်ပြီး

ပြောခဲ့သည် “ဒီသစ်ပင်ကို

ငါမသတ်နိုင်ဘူး။ ငါတို့

ထွက်သွားမှာလား ၊ နေမလား "

သွေးကေရီ က အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီး သစ်မြစ်များကို

စိုက်ကြည့်ရင်း “ခန်းမသခင်အကြောင်း

တစ်ခုခုတော့ သေချာပေါက်

သိထားလောက်တယ်။ မဟုတ်ရင်
ဒီအတိုင်း တုံ့ပြန်မှာ မဟုတ်ဘူး”
ထို့နောက် ငရဲအိပ်မက်သခင် ကို
တစ်ချက်စိုက်ကြည့်ကာ “ဆရာ၊
ခန်းမသခင်ရှောင်စီးယောင်
ဘယ်ရောက်နေသလဲဆိုတာ
မသိချင်ဘူးလား” ဟု ဆက်ပြောသည်။

ငရဲအိပ်မက်သခင် လည်း
တိတ်ဆိတ်သွားသည်။

အမှန်တော့ သူမကိုယ်တိုင်လည်း

ရှောင်စီးယောင်၏ အခြေအနေကို

အတော်လေးသိချင်နေခဲ့သည်။

အကြောင်းကတော့ ရှောင်စီးယောင် ဟာ

ဤနေရာကိုဝင်သွားပြီးနောက်တွင်

ပြန်ထွက်မလာတော့လို့ပါ။

ငရဲအိပ်မက်သခင်(သူမ)ကတော့

နှစ်ပေါင်းများစွာတိုင်

စောင့်ကြပ်နေခဲ့သည်။ နဂိုကတော့

သူမ၏စိတ်ထဲမှာ ရှောင်စီးယောင်

ဤနေရာတွင် ရှိနေမည်ဟုသာ

ထင်ထားခဲ့သည်။ သို့သော်လည်း

ဤအခိုက်အတန့်တွင် သူမ၏အမြင်က

မှားသွားပုံပါ။

ခန်းမသခင် ဒီမှာမရှိရင်

ဘယ်ရောက်နေတာလဲ။

ဤအချိန်တွင် ငရဲအိပ်မက်သခင် က
ရုတ်တရက် ပြောခဲ့သည်
"အတူတူတိုက်ခိုက်ရမယ်"
တစ်ချိန်တည်းတွင် ယန်ယွဲ့ ကို
စိုက်ကြည့်ကာ "နင့်ရဲ့ဓားနဲ့ခုတ်လိုက်"

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင်
ပျောက်သွားသည်။ ထိုခဏလေးမှာပဲ
ကောင်းကင်ပြင်အထက်၌
လျှို့ဝှက်ဆန်းကြယ်သော

အနက်ရောင်ခြေဖဝါးရာများ

ပေါ်လာခဲ့သည်။

ငရဲတစ္ဆေခြေလှမ်း....

သွေးကောရီ က

သွေးနီရောင်အလင်းတန်းအသွင်ပြောင်း

ကာ တဲအိမ် ဆီသို့ ခုန်ဝင်လိုက်သည်။

တစ်ချိန်တည်းတွင် အမှောင်ကောရီက

တစ်ကိုယ်လုံး

ကြောက်မက်ဖွယ်ရာအငွေ့အသက်များ
ထွက်ပေါ်နေလျက် ရှေ့သို့
ခုန်ထွက်သွားသည်။

ယန်ယဲ့ တစ်ယောက်တည်းသာ
ဤနေရာတွင် ကျန်ခဲ့သည်။

ယန်ယဲ့ သည် ခဏမျှ နှုတ်ဆိတ်နေပြီးမှ
ညာခြေကို တစ်ချက်ဆောင့်လိုက်သည်
။ထို့နောက် သူသည်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

တဲအိမ်

ဆီကိုတည့်တည့်ပြေးဝင်သွားသည်။

ယန်ယဲ့ သည် တဲအိမ် နှင့် ၁၅

မီတာအကွာကို ရောက်လာချိန်တွင်

ရုတ်တရက်ရပ်တန့်သွားသည်။

အကြောင်းမှာ တဲအိမ်က သူ့အား

စိုက်ကြည့်နေသလိုခံစားရလို့ပါ။

ထိုခဏလေးမှာပဲ သူ့ရှေ့မြေကြီးထဲကနေ

သစ်မြစ်ကြီးတစ်ချောင်း

ထွက်ပေါ်လာသည်ကို

သတိပြုမိလိုက်သည်။ ယန်ယဲ့ သည်

အံ့အားသင့်သွားသော်လည်း

တုံ့ဆိုင်းမနေဘဲ သစ်သားစားကို

အမြန်ခုတ်ချလိုက်သည်။

ဆူး....

သစ်မြစ်ကြီး နှစ်ခြမ်းကွဲထွက်သွားသည်။

သို့သော်လည်း ယန်ယဲ့ သည်

နောက်အတော်ဝေးဝေးထိ

လွင့်ထွက်သွားသည်။

သူရပ်လိုက်သည်နှင့် တပြိုင်နက်

သူ့ရှေ့မှာ နောက်ထပ်

သစ်မြစ်တစ်ချောင်း ပေါ်လာသည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းလာသည်။

တစ်ချိန်တည်းတွင် သစ်သားဓားကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ

အောက်သို့ပိုင်းချလိုက်သည်။

ဖောင်း....

သူ့ရှေ့ ရောက်လာသော သစ်မြစ်ကြီးက

အပိုင်းအပိုင်း ကွဲကြေသွားသည်။ ယန်ယဲ

ကတော့ တန်ပြန်ရိုက်ခတ်မှုကြောင့် ၁

ကီလိုမီတာ အကွာကို

လွင့်ထွက်လာခဲ့သည်။

ယန်ယွဲ့ သည် ရပ်လိုက်သည်နှင့်

အခြားတစ်ဖက်ကို

လှည့်ကြည့်လိုက်သည်။ ထိုအခါ

သွေးကောရီ နှင့်အခြားနှစ်ယောက်၏

အခြေအနေကို မြင်လိုက်သည်နှင့်

သူ့စိတ်ထဲ တုန်လှုပ်သွားခဲ့သည်။

လူတိုင်း၏ တိုက်ခိုက်မှုဟာ

သစ်မြစ်များကို

ဖျက်ဆီးပစ်နိုင်သော်လည်း

ဘာမှထူးခြားမလာပေ။

ဆန့်ကျင်ဖက်အနေဖြင့် သုံးယောက်စလုံး

ကိုယ့်ကိုကိုယ်ပင် အသည်းအသန်

ခုခံကာကွယ်နေရလေသည်။

ငရဲအိပ်မက်သခင် က

တန်ပြန်တိုက်ခိုက်နေသော်လည်း

သူမ၏တိုက်ခိုက်မှုတိုင်းက

အရာမရောက်ပေ။

ဒီအတိုင်း ဆက်ထားလို့မရတော့ဘူး ။

ယန်ယွဲ့ သည် တဲအိမ်ကို

စိုက်ကြည့်ပြီးနောက် နေရာတွင်ပင်

ပျောက်သွားခဲ့သည်။

သူသည် မဟာပေါ်တယ်နည်းစနစ် နှင့် ဒုတိယဓားချက် ကို ပေါင်းစပ်လိုက်ပြီး တိုက်ခိုက်လိုက်သည်။

ထိုခဏလေးမှာပဲ ယန်ယဲ့ သည် တဲအိမ်ရှေ့မှာ ပေါ်လာသည်။ သူ့လက်ထဲမှ သစ်သားဓားက တဲအိမ်၏အဝင်ဝတည့်တည့်ကိုထိုးသွင်း လိုက်သည်။

ပတ်ဝန်းကျင် သည်

ခဏမျှတိတ်ဆိတ်သွားသည်။

ယန်ယဲ့ သည် တဲအိမ်ကို စိုက်ကြည့်ရင်း

သက်ပြင်းတစ်ချက်ချလိုက်သည်။

နောက်ဆုံးတော့ ပြီးသွားပြီလား။

သို့သော် "ကလေး၊ သတိထားပါ"

သူ့စိတ်ထဲမှ ဟိုချင်၏ သတိပေးသံ

ရုတ်တရက် ထွက်ပေါ်လာသည်။

ဟိုချင်၏ အသံဆုံးသည်နှင့် တဲအိမ်ထဲမှ

အရိပ်တစ်ခု ရုတ်တရက်

ထွက်ပေါ်လာသည်။ ထို့နောက်

လက်သီးတစ်လုံးက

ယန်ယွဲ့၏ဝမ်းဗိုက်တည့်တည့်

ပြေးဝင်လာသည်။

ဘုန်း...

ယန်ယဲ့ သည် ဤအချိန်ထိ

အုံ့အားသင့်နေတုန်းပါ။

သတိဝင်လာပြီးနောက်

တိုက်ခိုက်ရန်ပြင်လိုက်သော်လည်း

နောက်ကျသွားပါပြီ။

ခုခံချိန်တောင်မရလိုက်ပေ၊

ယန်ယဲ့၏ပုံရိပ်က ၆ ကီလိုမီတာအကွာသို့ လွင့်ထွက်သွားသည် ။

သူ ပြန်ရပ်လိုက်သည်နှင့် ယန်ယဲ့၏မျက်လုံးများက ပဟေဠိဆန်သော အမူအရာဖြင့် တဲအိမ်ကို လှမ်းမျှော်ကြည့်လိုက်သည်။ သစ်သားဓားက တဲအိမ်မျက်နှာကို ဖောက်ဝင်သွားတာပါ။ သို့သော်လည်း ၎င်းက တိုက်ခိုက်နိုင်သေး၏။

ဤအချိန်တွင် ငရဲအိပ်မက်သခင် က ရုတ်တရက် ပြောခဲ့သည် "ဒါက သေစေလောက်တဲ့အချက်မဟုတ်ဘူး"

ယန်ယဲ့ သည် တဲအိမ်၏ နဖူးနေရာလောက်ကို မှန်းကြ ည့်လိုက်သည်။ မှန်သည်၊ ဘာအကျိုးအပဲ့မှ မရှိခဲ့ပေ။

ယန်ယွဲ့၏မျက်နှာက

ချက်ချင်းပင်မည်းမှောင်သွားသည်။

ခဏမျှငြိမ်သက်နေပြီးနောက် ယန်ယွဲ့

သည် အသက်ပြင်းပြင်းရှူပြီး

တဲအိမ်ဆီသို့ လျှောက်သွားလိုက်သည်။

သူ၏ခန္ဓာကိုယ်ကနေ မမြင်နိုင်သော

အငွေ့အသက်များပင်

ထွက်ပေါ်လာပါတော့သည်။

ဤအတောအတွင်း တဲအိမ်က

ရုတ်တရက် အေးခဲသွားသကဲ့သို့

နောက်ပြန်ဆုတ်သွားခဲ့သည်။

ယန်ယဲ့ သည် ဤမြင်ကွင်းကို

မြင်သောအခါ ခဏမျှ

အံ့အားသင့်သွားပြီးနောက်

ဝမ်းသာသွားသည် ။

ငါ့ကိုကြောက်သွားတာများလား။

သို့သော် ထိုအကြောင်းကို

ဆက်မတွေးတော့ပေ။

ရှေ့ဆက်တိုးလာခဲ့သည်။

တစ်ချိန်တည်းတွင် သူ၏ခန္ဓာကိုယ်ထဲမှ

ဉာဏ်အလင်းပွင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ထွက်ပေါ်လာခဲ့သည်။

ဤအခိုက်အတန့်တွင် တဲအိမ်က
တဖြည်းဖြည်းနှင့်
မြန်မြန်လေးနောက်ပြန်ဆုတ်နေခဲ့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ သည်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကို
အကန့်အသတ်ထိ ထုတ်ဖော်လျက်
ရှေ့ဆက်လျှောက်လာသည်။

ယန်ယဲ့ သည် မျက်လုံးထဲ

ကျေနပ်အားရစွာဖြင့် ခပ်ဝေးဝေးမှ

အမှောင်ဧကရီ နှင့် သွေးဧကရီ ကို

လှမ်းကြည့်လိုက်၏။ သို့သော်လည်း

ထိုနှစ်ယောက်က သူ့အားဂရုမစိုက်ဘဲ

သူ့နောက်ကို ကြည့်နေကြမှန်း

သတိပြုမိသွားခဲ့သည်။ ထို့အပြင်

ငရဲအိပ်မက်သခင်၏ မျက်လုံးများက

ကြောက်ရွံ့မှုများ ရှိနေသည်။

ယန်ယဲ့ သည် နေရာတွင်

တုံ့ခနဲရပ်နေလိုက်သည်။

ဤအခိုက်အတန့်တွင်

တစ်စုံတစ်ခုမှားနေကြောင်း

သဘောပေါက်လိုက်သည်။

ဖပ်....ဖပ်...

ဤအချိန်တွင် သူ့နောက်ကွယ်မှ
ခြေသံများ ထွက်ပေါ်လာသည်ကို
ကြားလိုက်ရလေသည်။

ယန်ယဲ့ သည် အံ့အားသင့်သွားကာ
တော်တော်နှင့် စကားမပြောနိုင်တော့ပေ။

May Be:

၂၁၈၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၈၇ - တစ်နေရာရာမှာ

တွေ့ဖူးတယ်ထင်တယ်

ခြေသံတွေ...

ယန်ယဲ့၏ ကျောက်ရိုးတစ်လျှောက်

အေးစက်သွားပါတော့သည်။

တစ်စုံတစ်ယောက်က
အသံတစ်သံမျှပင်မထွက်ဘဲ
သူ့နောက်ကွယ်တွင် ရုတ်တရက်
ပေါ်လာခဲ့သည်။

သို့သော် သူသည် ဤအချိန်အထိ
ထိုလူ၏ တည်ရှိမှုကို
သတိမပြုမိသေးပေ။

တစ်ချိန်တည်းမှာပင် တဲအိမ်က
သူ့ကိုကြောက်နေတာမဟုတ်ဘဲ
သူ့နောက်ကွယ်မှလူကိုသာ ဖြစ်ကြောင်း
နားလည်လိုက်သည်။

ငါ့နောက်မှာ ဘယ်သူလဲ။ ယန်ယွဲ့ သည်
ဆတ်ခနဲ နောက်လှည့်ကြည့်လိုက်သည်။

သူမြင်လိုက်ရသည်မှာကား
ရွှေရောင်ကိုယ်ကျပ်ဝတ်စုံဝတ်အမျိုးသ
မီးတစ်ဦးပါ။

ထို့အပြင် ရွှေရောင်ဝတ်ရုံက
အတော်ကိုရှည်ပါသည်။ မြေပေါ်ကိုပင်
ပုံကျနေ၏။ ဝတ်ရုံတစ်ခုလုံးမှာလည်း
ပန်းပွင့်များစီခြယ်ထားသေးသည်။

ယန်ယဲ့ သည်

အမျိုးသမီး၏ရွှေရောင်ဝတ်ရုံပေါ်ရှိ

ပန်းပွင့်များကို ချက်ချင်း

မှတ်မိသွားသည် ။

ပရမတ္ထပန်း (သေဆုံးခြင်းပန်းပွင့်)

ဝင်ရိုးစွန်းကြယ်မှ ချင်

ဟူသောအမျိုးသမီးငယ် သုံးဖူးသော

ယင်ဝိညာဉ်ပန်း ပါ။

အမျိုးသမီးက ခါးအလယ်ကို
ခရမ်းရောင်ခါးပတ်ဖြင့်
ရစ်ပတ်ထားသည်။ ထိုအရာက
သူမ၏ခန္ဓာကိုယ်ကို ပို၍ပင်
သွယ်လျစေသည်။

ယန်ယွဲ့ သည်
ထိုအမျိုးသမီး၏မျက်နှာကို
စိုက်ကြည့်လိုက်သော်လည်း

ဘာကိုမှမမြင်ရပေ။

မျက်နှာဖုံးစွပ်ထားလို့တော့မဟုတ်ပါ။

သူမ၏မျက်နှာတစ်ဝိုက်က

ထူးဆန်းသောအငွေ့အသက်များဖုံးကွယ်

ထားလို့ပါ။

ဤအချိန်တွင် အမျိုးသမီးက

ရှေ့တိုးမလာသေးဘဲ ရပ်နေခဲ့သည်။

ယန်ယဲ့က

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးကို

လေးလေးနက်နက်စိုက်ကြည့်လိုက်ပြီး

"မင်းကဘယ်သူလဲ" ဟုမေးလိုက်သည်။

အမျိုးသမီးက စကားမပြန်မပြောပေ။

ရှေ့ အတော်ဝေးဝေးမှ တဲအိမ်ကို

စိုက်ကြည့်ပြီးနောက်

သူမ၏သွယ်လျသောညာဖက်လက်ကို

ရှေ့ဆန့်ထုတ်လိုက်သည်။

ထိုခဏလေးမှာပဲ တဲအိမ်အထက်၌ ရွှေရောင်အလင်းတန်းတစ်ခု ပေါ်လာပြီးနောက် အိမ်တစ်လုံးလုံးအား ရစ်ပတ်သွားခဲ့သည်။

ထို့နောက်တွင်တော့ ချက်ချင်းပင် ချုပ်နှောင်ထားလိုက်သည်။

တဲအိမ်က

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးကို

ပြန်ပြီးတိုက်ခိုက်နိုင်ခဲ့ခြင်းတောင်မရှိပေ။

ဤအခိုက်အတန့်တွင် လူတိုင်း၏

အမူအရာများသည် သိသိသာသာပင်

ပြောင်းလဲသွားသည်။

ယန်ယဲ့ သည် ဟိုချင် နှင့် ချုန်းချီ ကို

အမြန်ဆက်သွယ်ကြည့်လိုက်သည်။

သို့သော်

သူ၏အပေါင်းအပါနှစ်ယောက်စလုံး

စကားပြန်မတောင်မလာသဖြင့်

အံ့အားသင့်သွားခဲ့ရသည်။

ထိုနှစ်ယောက်သာမဟုတ်ဘဲ

မူလစေတီပင် တိတ်ဆိတ်နေလေသည်။

ယန်ယဲ့၏ နှလုံးသားက ချက်ချင်းပင်

နစ်မြုပ်သွားသည်။

ဤအချိန်တွင်

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးက

ဘောတစ်ဖက်ကို ရုတ်တရက်

လှမ်းကြည့်ကာ ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။ ထိုနေရာသည်

တုန်ခါသွားပြီးနောက်

မျက်နှာဖုံးစွပ်အမျိုးသမီးတစ်ဦး နှင့်

ဘီးတပ်ကုလားထိုင်ပေါ်မှာထိုင်လျက်

သားအမျိုးသမီးတစ်ဦး

ပေါ်လာကြသည်။

သွေးကောရီ က

မျက်နှာဖုံးစွပ်အမျိုးသမီးကို

စူးစိုက်ကြည့်ပြီး အနည်းငယ်

အံ့သြသွားသည် "ခန်းမသခင် လား"

ယန်ယွဲ့ လည်း

တော်တော်လေးအံ့သြသွားသည်။

သိုင်းသံတမန် လည်း ရောက်လာမည်ဟု

မမျှော်လင့်ထားပေ။

သိုင်းသံတမန်က ယန်ယဲ့ ကို

ခေါင်းညိတ်ပြပြီး

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးကို

စိုက်ကြည့်လိုက်သည်။

ဤအချိန်မှာ လူတိုင်းက
ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးကို
ကြည့်နေကြသည်။

သို့သော်လည်း သူမက အခြားသူများကို
ဂရုမစိုက်ဘဲ ယန်ယွဲ့ကိုသာ
စိုက်ကြည့်နေသည်။

ယန်ယွဲ့ သည် မျက်ခွံများ
လှုပ်ယမ်းသွားသည်။

သူမ ဘာလိုချင်တာလဲ။

ဤအချိန်တွင်
ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးက
ယန်ယဲ့ရှေ့မှာ ရုတ်တရက် ပေါ်လာသည်။

ယန်ယဲ့၏ အမူအရာသည် ချက်ချင်း
ပြောင်းသွားပြီး နောက်ပြန်ဆုတ်ဖို့
ပြင်လိုက်၏။ သို့သော်

သွယ်လျသောလက်တစ်ဖက်က

သူ့ပခုံးပေါ် ပုတ်ချလိုက်သဖြင့်

မလှုပ်ရှားနိုင်တော့ပေ။

ဤအတောအတွင်း သွေးကေရီ နှင့်

အမှောင်ကေရီက

ရှေ့တိုးလာကာတိုက်ခိုက်လိုက်ကြသည်။

သို့သော်လည်း

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးက

ညာလက်ကို ရုတ်တရက်

ငှေ့ယမ်းလိုက်ရုံသာ။ အမှောင်ဧကရီ နှင့် သွေးဧကရီ၏

ပတ်ပတ်လည်မှမမြင်နိုင်သော

စည်းတစ်ခုပေါ်လာပြီး

ပိတ်လှောင်သွားခဲ့သည်။

ဤအခိုက်အတန့်တွင် သိုင်းသံတမန် က

လက်ညှိုးနှင့်လက်ခလယ်ကို ပူးကပ်ကာ

ရှေ့သို့ ဆတ်ခနဲပုတ်လိုက်သည်။ သူမ၏

လက်ချောင်းထိပ်မှ အနက်ရောင်

ပေတံတစ်ချောင်း ထွက်ပေါ်လာသည်။

အနက်ရောင်ပေတံက

အလင်းတန်းများများ

တလက်လက်တောက်ပလျက်

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးရှေ့တွင်

ပေါ်လာခဲ့သည်။

သို့သော်လည်း အမျိုးသမီးက

တုန်လှုပ်သွားဟန်မပြပေ။ သူမ၏

ဘယ်လက်ကို ဆန့်ထုတ်ကာ ရှေ့သို့

ပေါ့ပေါ့ပါးပါး ပုတ်လိုက်သည်။

အနက်ရောင်ပေတံမှ ဖြာထွက်နေသော

အလင်းတန်းများ ချက်ချင်း

ပြန့်ကျဲသွားသည်။  ထို့နောက်

သွယ်လျသော လက်နှစ်ချောင်းက

သိုင်းသံတမန်၏ အနက်ရောင်ပေတံကို
ညှပ်ထားလိုက်လေသည်။

ဤမြင်ကွင်းအား မြင်လိုက်သောအခါ
သိုင်းသံတမန်၏ မျက်နှာက
တော်တော်လေးကို
လေးနက်လာပါတော့သည်။

ဤအတောအတွင်း
ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးက

သူမ၏ လက်ချောင်းများကို ရှေ့သို့

ပုတ်လိုက်လိုက်သည်။

အနက်ရောင်ပေတံက

အလင်းတန်းများများအဖြစ်ပြောင်းလဲ

ကာ

သူမ၏လက်ချောင်းများကြားမှာပင်ပျော

က်ကွယ်သွားသည်။ ထို့နောက်

သူမ၏လက်ကိုနောက်တစ်ကြိမ်ဝှေ့ယမ်း

လိုက်လေသည်။ ထိုခဏလေးမှာပဲ

အနက်ရောင်ပေတံက သိုင်းသံတမန်၏

နဖူးရှေ့ ရောက်နေခဲ့သည်။

သိုင်းသံတမန် ကလည်း

နှေးကွေးခြင်းမရှိပေ။ သူမ၏အောက်ရှိ

ဘီးတပ်ကုလားထိုင်ဖြင့် မီတာ ၃၀၀

အကွာသို့ ပြန်ရွေ့သွားသည်။ သို့သော်

ထိုနေရာသို့ရောက်သည့်တိုင်

အနက်ရောင်ပေတံက သူမ၏နဖူးရှေ့မှ

ရှိနေဆဲပင်။

ခဏအကြာတွင် သိုင်းသံတမန် က

ဆက်ပြီးမတိုက်ခိုက်တော့ပေ။

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးကို

တစ်ချက်ကြည့်လိုက်ပြီး

"နင်ကဘယ်သူလဲ"

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးက

အဖြေမပေးဘဲ ဖုံးအုပ်ထားတဲ့

အမျိုးသမီးကို စိုက်ကြည့်နေသည်။

ဤအခိုက်အတန့်တွင် မျက်နှာဖုံးစွပ်
အမျိုးသမီးက လက်နှစ်ဖက်ကို
လေထဲသို့မြှောက်ကာ အနည်းငယ်
လိမ်လိုက်သည်။ထိုခဏလေးမှာပဲ
ယန်ယွဲ့ နှင့်
ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး၏
ပတ်ပတ်လည်ရှိ အာကာသပြင်ဟာ
ပွက်ပွက်ဆူနေသောချော်ရည်ပူများကဲ့သို့
ပြင်းထန်စွာ တုန်ခါသွားပါတော့သည်။

တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်၌

အလွန်တရာအေးစက်သော

အငွေ့အသက်များ ထွက်ပေါ်လာသည်။

သို့သော်လည်း

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးက

ထူးခြားဟန်တောင်မပြပေ။

သူမ၏ ညာခြေကို မြှောက်ပြီး

အောက်မြေပြင်သို့ ပုတ်လိုက်သည်။

တဝုန်းဝုန်း တုန်ခါနေသော
အာကာသပြင်သည် ချက်ချင်းပင်
ငြိမ်သက်သွားသည်။

မျက်နှာဖုံးစွပ်အမျိုးသမီး က
မျက်လုံးများ အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သူမက
တုံ့ဆိုင်းမနေဘဲ ညာဖက်လက်ကို
လှုပ်လိုက်သည်။ သူမ၏ လက်ထဲမှ
အနက်ရောင်တံဆိပ်ပြားတစ်ခုပေါ်လာသ

ည်။ တစ်ချိန်တည်းတွင်

သိပ်သည်းသောဆန်းကြယ်ချီစွမ်းအင်

များက အနက်ရောင်တံဆိပ်ပြားထဲကို

စီးဝက်လာသည်။

ငရဲနတ်ဘုရားတံဆိပ်တော်…

အနက်ရောင်တံဆိပ်ပြားက

ငရဲခန်းမ၏ခန်းမသခင် ကိုင်ဆောင်သော

အမိန့်တံဆိပ်တော် ပါ။

ခဏအကြာတွင်

မျက်နှာဖုံးစွပ်အမျိုးသမီးက

ငရဲတံဆိပ်တော်ကို

ရှေ့သို့ပစ်လိုက်သည်။

ငရဲတံဆိပ်တော်က

လေထုအလယ်တွင်ပေါ်လာပြီး

စွမ်းအင်မြှားပေါင်းမြောက်များစွာ

ဖြာထွက်လာသည်။

ဤအခိုက်အတန့်တွင်

မျက်နှာဖုံးစွပ်အမျိုးသမီးက

လက်နှစ်ဖက်ကို ပူးကပ်ကာ

ရှေ့သို့ ပုတ်လိုက်သည်။

အလင်းမြှားများစွာက

လေထုကိုထိုးခွဲကာ

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး ထံ

ဆင်းသက်လာပါတော့သည်။

ရွှေရောင်ဝတ်စုံဝတ် အမျိုးသမီးက

အလင်းမြှားများကို မော့ကြည့်ကာ

လေးလေးနက်နက် စဉ်းစားနေသည်။

ထို့နောက် သူမ၏လက်တစ်ဖက်ကို

အပေါ် မြှောက်လိုက်သည်။

အမျိုးသမီး၏

အထက်အာကာသပြင်ဟာ

ချက်ချင်းပင်ခိုင်မာတော့သည်။

ဤအချိန်တွင် အလင်းမြှားများက

ချက်ချင်း နှေးကွေးသွားသည်။

……

ဤအချိန်တွင်

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး၏

လက်ချောင်းများက

အလင်းမြှားတစ်စင်းကို

ဖိချလိုက်လေသည်။

ခွမ်း...

အလင်းမြှားများ
ပေါက်ကွဲထွက်သွားသည်။

တစ်ချိန်တည်းတွင်
သူမ၏ညာဖက်လက်ကို
အနည်းငယ်ယမ်းလိုက်သည်။
ငရဲတံဆိပ်တော်က
ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး၏လက်

ထဲကို ချက်ချင်းကျသွားသည်။ ထို့နောက်

သူမ၏ညာလက်ကိုမြှောက်ကာ

ငရဲတံဆိပ်တော်ကို

ရှေ့သို့ပစ်လွှတ်လိုက်သည်။

ထိုခဏလေးမှာပဲ ငရဲတံဆိပ်တော်က

မျက်နှာဖုံးစွပ်အမျိုးသမီး၏

နဖူးရှေ့ဖိကပ်ထားခဲ့သည်။

မျက်နှာဖုံးစွပ်အမျိုးသမီး၏

ခန္ဓာကိုယ်သည် ချက်ချင်းပင်

တောင့်တင်းလာသည်။ အနည်းငယ်မျှပင်

ပြီး မလှုပ်ရှားဝံ့တော့ပေ။

အခြားလူတိုင်း

စကားပင်မပြောနိုင်လောက်အောင် ကို

အံ့သြတုန်လှုပ်နေကြသည်။

အထူးသဖြင့် ယန်ယဲ့ ပါ။

ဤအခိုက်အတန့်တွင် သူသည်

ဒုက္ခိတတစ်ယောက်လိုပင်ဖြစ်နေသည်၊

လုံးဝမလှုပ်နိုင်တော့ပေ။

သွယ်လျသောလက်တစ်ဖက်က

သူ့ပခုံးပေါ်မှာရှိနေလို့ပါ။ သူ့ကိုယ်ပေါ်

တောင်ပေါင်း တစ်သန်းလောက်

ဖိနေသလိုပင်။

ဤအတောအတွင်း ယန်ယဲ့သည် ချူန်းချီ

နှင့် ဟိုချင်ကို

ဆက်သွယ်ရန်ကြိုးစားလိုက်သေးသည်။

သို့သော်လည်း ဘာမှထူးခြားမလာပေ။

ဤအချိန်တွင်

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးက

ငရဲအိပ်မက်သခင်ကို

စူးစိုက်ကြည့်နေသည်။

ငရဲအိပ်မက်သခင် က

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးကို

အေးစက်စွာ စိုက်ကြည့်ပြီးနောက်

နေရာတွင်ပင်

ပျောက်သွားခဲ့သည်။ထို့နောက်

ခဏအကြာမှာပဲ

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး ရှေ့တွင်

အနက်ရောင်ခြေဖဝါးရာတစ်စုံ

ပေါ်လာသည်။

ငရဲတစ္ဆေခြေလှမ်း...

ဤအတောအတွင်း

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

သူမ၏ လက်ချောင်းကို ရှေ့သို့

ဆတ်ခနဲပုတ်လိုက်သည်။

သူမ ရှေ့ရှိ အာကာသပြင်က

ရေကန်မျက်နှာပြင်ကဲ့သို့

တုန်ခါသွားသည်။ ထို့နောက်

စွမ်းအင်လှိုင်းများက ငရဲအိပ်မက်သခင်

ဆီသို့ တိုးဝင်လာသည်။

ဘုန်း....

ပေါက်ကွဲသံများ အဆက်မပြတ်

ထွက်ပေါ်လာသည်။

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး ရှေ့မှ

အာကာသပြင်ထဲ၌ ပုံရိပ်များစွာ

ထွက်ပေါ်လာလေသည်။ ပုံရိပ်များက

အခြားမဟုတ်ဘဲ ငရဲအိပ်မက်သခင်၏

ပုံရိပ်ယောင်များပင်။

ဤအခိုက်အတန့်တွင်

ငရဲအိပ်မက်သခင်၏ ပုံရိပ်ယောင်များက

လျင်မြန်စွာ ပျောက်ကွယ်သွားသည်။

အချိန်သိပ်မကြာလိုက်ဘဲ

ပုံရိပ်များအားလုံး

လုံးလုံးလျားလျားပျောက်ကွယ်သွားလေ

တော့သည်။

အုန်း....

ထိုနေရာရှိ အာကာသပြင်ထဲမှ ပုံရိပ်တစ်ခု ထိုးကျလာသည်။ ထိုပုံရိပ်က ငရဲအိပ်မက်သခင် ပါ။

သူမ ရှုံးသွားပြီလား။

သွေးကေရီ နှင့် အခြားလူတိုင်းလည်း မျက်နှာပျက်သွားကြသည်။

ငရဲအိပ်မက်သခင်၏ ငရဲတစ္ဆေခြေလှမ်း

က ချိုးဖျက်ခံလိုက်ရလိမ့်မည်ဟု သူတို့

မမျှော်လင့်ထားခဲ့ကြပေ။

အားလုံးက

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး ကို

စိုက်ကြည့်နေကြသည်။

.... သူမဘယ်သူလဲ။

ဤအခိုက်အတန့်တွင် ငရဲအိပ်မက်သခင်

က လေထဲသို့ ပျံတက်သွားသည်။

ထို့နောက်တွင်

သူမ၏ပတ်ပတ်လည်ကနေ

အနက်ရောင်အလင်းစက်ဝိုင်းများ

ပေါ်လာသည်။ အလင်းစက်ဝိုင်းများ

တဖြည်းဖြည်းများပြားလာကာ

အသက်ရှူချိန် ၁၀၀ ခန့်အကြာမှာတော့

မရေမတွက်နိုင်အောင်ပေါ်လာပါတော့သ

ည်။

ထို့နောက် ငရဲအိပ်မက်သခင်က

လက်ချောင်းတစ်ချောင်းကို

ရှေ့သို့ဆန့်ကာ

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး ထံ

ပုတ်လိုက်သည်။

ရှီ.....

အနက်ရောင်အလင်းစက်ဝိုင်းများက အနက်ရောင်အလင်းတိုင်များအဖြစ်ပြော င်းလဲကာ ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး ထံ ဆင်းသက်လာသည်။

အလင်းတိုင်များ ဖြတ်သွားတိုင်း

အာကာသပြင်သည်

တောက်လျှောက်ပွင့်ထွက်သွားသည်။

ဤအတောအတွင်း

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးက

သူမ၏ ဘယ်လက်ကို ရုတ်တရက် ရှေ့သို့

ပုတ်လိုက်သည်။ သူမရှေ့က

အာကာသပြင်ဟာ ချက်ချင်း

ကွဲအက်သွားသည်။ အလင်းတိုင်များဟာ

အာကာသအက်ကြောင်းနှင့်အတူ

တန်းလန်းရပ်နေခဲ့သည်။

အရေးကြီးဆုံးမှာ

အလင်းစက်ဝိုင်းများဟာ

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးနှင့် ၁၀

မီတာအကွာကို ရောက်လာသည်

နှင့်တစ်ပြိုင်နက်

ရှေ့ဆက်မတိုးနိုင်တော့ပေ။

တစ်ချိန်တည်းတွင်

အလင်းစက်ဝိုင်းများသည် ပြင်းထန်စွာ

တုန်ခါလာသည်။

အမျိုးသမီးက ဘယ်ဖက်လက်ကို

ထပ်မံတွေ့ယမ်းလိုက်ရာ

အနက်ရောင်အလင်းတန်းများ

တဖြည်းဖြည်း

ပျောက်ကွယ်သွားခဲ့သည်။ အသက်ရှူချိန်

၂ ရှိုက်စာအကြာမှာပဲ

အလင်းစက်ဝိုင်းအားလုံး

တစ်ခါမှပေါ်မလာခဲ့သလိုပင်။

ဤအချိန်တွင်

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

ငရဲအိပ်မက်သခင် ရပ်နေရာသို့

လက်ကိုဆန့်ကာ

"ငရဲဝိညာဉ်ချုပ်နှောင်ခြင်း...."

ထိုခဏလေးမှာပဲ ငရဲအိပ်မက်သခင်၏

အနီးဆုံးအာကာသထဲမှ

ရွှေရောင်အလင်းတန်းတစ်ခု ပေါ်လာပြီး

သူမကိုဖုံးလွှမ်းပါတော့သည်။

ငရဲအိပ်မက်သခင်၏ ခန္ဓာကိုယ်က

တောင့်တင်းသွားသည်။

အနည်းငယ်မျှပင် မလှုပ်ရှားနိုင်တော့ပေ။

ငရဲအိပ်မက်သခင်ကို

ချုပ်နှောင်ပြီးနောက်တွင်

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

ယန်ယဲ့ ကိုလှည့်ကြည့်လာသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့က

ကမန်းကတန်း ပြောလိုက်လေသည်

“အင်း... အစ်မကြီး၊ တိုက်ခိုက်တာက

ဘာမှဖြေရှင်းလို့မရဘူးလို့

ငါထင်ပါတယ်။ပြဿနာတွေကို

ဖြေရှင်းဖို့ အကောင်းဆုံးနည်းလမ်းက

ဆွေးနွေးတာပါ။မင်းဘယ်လိုထင်လဲ"

ဤအတောအတွင်း

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

ယန်ယဲ့ကို စိုက်ကြည့်ရင်း ရုတ်တရက်

ပြောခဲ့သည် "ငါ နင့်ကို တစ်နေရာရာမှာ

တွေ့ဖူးတယ်ထင်တယ်"

ယန်ယဲ့ သည် အံ့အားသင့်သွားကာ

စကားပင် ပြန်မပြောနိုင်တော့ပေ။

May Be:

၂၁၈၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၈၈ - ခန်းမသခင်

ရှောင်စီးယောင်

သူမ ငါ့ကို အရင်က မြင်ဖူးလား ။....

ယန်ယဲ သည် အံ့အားသင့်သွားသည်။

အခြားလူများကလည်း

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးကို

စိုက်ကြည့်နေကြသည်။

အမျိုးသမီးက ခေါင်းကို ရှုတ်တရက်ခါယမ်းလိုက်ပြီး "ခဏလေး၊ နင်ကသူမဟုတ်ဘူး"

ယန်ယွဲ့ သည် ဘာပြောရမှန်းမသိအောင်ခံစားလိုက်ရသည်။

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးက

ဘာမှထပ်မပြောဘဲ လက်ညိုးကိုဆန့်ကာ

ယန်ယွဲ့နဖူးကို ဆတ်ခနဲပုတ်လိုက်သည်။

ယန်ယဲ သည် သူ၏ခန္ဓာကိုယ်အနှံ့

စိတ်အာရုံအသိများ ပြန့်နှံ့နေကြောင်း

သတိပြုမိသဖြင့် မျက်လုံးများ

ပြူးကျယ်သွားသည်။

တစ်ချိန်တည်းမှာပင် မူလစေတီက လုံးဝ

ငြိမ်သွားသည်ကိုပင်

သတိပြုမိလိုက်သည်။

ဤအခိုက်အတန့်တွင် မူလစေတီ

ရှိနေကြောင်းပင် အာရုံမခံနိုင်တော့ပေ။

အသက်ရှူချိန် ၂

ရှိုက်စာလောက်အကြာတွင်

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

သူမ၏လက်ကို ရုတ်တရက်

ဖယ်လိုက်သည်။ ထို့နောက် ယန်ယဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်ရင်း ပြောလိုက်ပါသည် “နင့်ရဲ့ ကံကြမ္မာကို အနည်းဆုံး လူသုံးယောက်က ပြောင်းထားပြီ။ အခု နင့်ရဲ့ ကံကြမ္မာလမ်းကြောင်းက ကမောက်ကမ ဖြစ်နေတယ်"

"ငါ့ရဲ့ ကံကြမ္မာလမ်းကြောင်းက ပြောင်းလဲသွားပြီလား" ယန်ယဲ့ သည်

အနည်းငယ် ထိတ်လန့်သွားပြီး “ဘယ်လို ကံတရားလဲ” ဟုပြန်မေးလိုက်သည်။

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က လက်ကိုဝှေ့ယမ်းပြီး "ဆက်သွားရမယ့်လမ်းတွေ။ လူတိုင်းဟာ သူ့လမ်းကြောင်းနဲ့သူ မွေးဖွားလာကြတယ်။ အဲဒီလမ်းကြောင်းဟာ အဲဒီလူရဲ့ ကံကြမ္မာလမ်းပဲ”

ယန်ယဲ့ က ထပ်မေးလိုက်သည်

"မင်းပြောသမျှကို အခြေခံရင်

လူတစ်ယောက်ရဲ့ အောင်မြင်မှုတွေဟာ

မွေးဖွားလာကတည်းက

ကျောက်တုံးပေါ်မှာ

မှတ်သားထားတာများလား"

“မဟုတ်ဘူး”

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်

“ကျင့်ကြံတာပါ။ ကျင့်ကြံတာက

ကိုယ့်ကိုယ်ကို

အမြဲတမ်းတိုးတက်နေအောင်လုပ်နိုင်တ

ယ်။ တစ်စုံတစ်ယောက်ရဲ့ ခွန်အားက

အဆင့်တစ်ခုကို ရောက်သွားရင်

အဲဒီလူဟာ ကိုယ်ပိုင်ကံကြမ္မာကို

မြင်နိုင်တယ်။ ဒါ့အပြင်

ပြောင်းလဲပစ်နိုင်တယ်။ ဒါပေမဲ့

ဒီလိုပြောင်းလဲလိုက်တာဟာ

မှုလလမ်းကြောင်းမဟုတ်တော့ဘူး။

လူတစ်ယောက်က လမ်းဟောင်းကို

စွန့်ခွာပြီးတော့

လမ်းအသစ်ဖောက်လိုက်တာပဲ။

ငါဆိုလိုတာကို နင်နားလည်လား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သညလ

"မင်းဆိုလိုတာက လမ်းကြောင်းဟာ

လုံး၀မပြောင်းလဲဘူး၊ အဲဒီလူက

စက်ဝိုင်းတစ်ခုကနေ နောက်တစ်ခုဆီကို ခုန်ဆင်းလိုက်တာပဲ"

"နှင်မှန်တယ်၊ ဒါပါပဲ...." သူမက ဆက်ပြောပါသည် “ဒါဟာ သာမန်လူတစ်ယောက်ရဲ့ ကံကြမ္မာပဲ။ ဒါပေမဲ့ နောက်ထပ် အမျိုးအစား ၂ မျိုးရှိသေးတယ်။ အဲဒီထဲက တစ်ခုက အတင်းအကြပ်လုပ်ယူထားတဲ့ ကံကြမ္မာပဲ”

"အတင်းအကြပ်လုပ်ယူထားတာလား"

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး

"မင်းဘာကိုဆိုလိုတာလဲ"

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

သွေးကေရီ နှင့် အခြားသူများကို

လှည့်ကြည့်ကာ ပြောလိုက်သည်

"သူတို့ရဲ့ ကံကြမ္မာက

အစပိုင်းမှာကတည်းက

အတင်းအကြပ်လုပ်ယူခံရလို့
ပြောင်းလဲသွားတယ်"

သွေးကေရီ နှင့် အခြားသူများက
ဆိုလိုရင်းကို နားမလည်သောကြောင့်
မျက်မှောင်ကြုတ်လိုက်ကြသည်။

ဤအတောအတွင်း
ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က
ယန်ယဲ့ကို စိုက်ကြည့်ကာ

ဆက်ပြောခဲ့သည်

“အတင်းအကြပ်ကံကြမ္မာလမ်းကြောင်း

က တစ်စုံတစ်ယောက်အတွက်

လမ်းကြောင်းတစ်ခု

ကြိုခြင်းပေးထားတာလို့ပြောလို့ရတယ်။

အဲဒီလူဟာ စီစဉ်ပေးထားတဲ့အတိုင်း

မဖြစ်မနေ လျှောက်လှမ်းရမယ်။

ဥပမာအနေနဲ့ ပြောရရင်

စစ်တုရင်ခုံပေါ်ကနယ်ရုပ်

(ရုပ်သေးရုပ်)လိုပဲ။ ပိုင်ရှင်ရဲ့ ဆန္ဒအတိုင်း ရွေ့လျားရတယ်။ အဲဒါ အတင်းအကြပ်စေခိုင်းနေတဲ့ ကံကြမ္မာလမ်းပဲ”

ဤအချိန်တွင် သူမက ယန်ယဲ့ကို လေးလေးနက်နက် စိုက်ကြည့်ပြီး "နင်လည်း တစ်ချိန်တုန်းက နယ်ရုပ်ပဲ"ဟုပြောလိုက်သည်။

ယန်ယဲ့ က မျက်မှောင်ကြုတ်ကာ

"တစ်စုံတစ်ယောက်က ငါ့အတွက်

ဆက်လျှောက်ရမယ့်လမ်းတစ်ခုကို

ကြိုပြီးစီစဉ်ထားတယ်လို့

မင်းပြောနေတာလား။ ငါက

အဲဒီလမ်းကိုပဲ လျှောက်နိုင်မှာလား"

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

ခေါင်းညိတ်ပြသည် "ဒါပေမဲ့

တစ်စုံတစ်ယောက်က နင့်ရဲ့ကံကြမ္မာကို

နောက်ပြန်လှည့်ထားတယ်။

တစ်စုံတစ်ယောက်က

တန်ကြေးတစ်ခုပေးဆပ်ပြီးတော့

နင့်ရဲ့မူလကံကြမ္မာလမ်းကြောင်းကို

ပြန်သွားအောင် လုပ်ဆောင်ခဲ့တယ်။

ဒါမှမဟုတ်

ပိုတိကျအောင်ပြောရမယ်ဆိုရင်

အတိတ်တစ်ချိန်မှာ နင်က

နယ်ရုပ်သက်သက်ပဲ။ ဒါပေမဲ့

နင်ကိုယ်တိုင်က

ပြီးပြည့်စုံတဲ့လူတစ်ယောက်ပါ။

နင့်ကိုယ်ပိုင်ကံကြမ္မာကိုပိုင်ဆိုင်ထားတဲ့

အချိန်တစ်ခုတော့ရှိခဲ့တယ်"

"အချိန်ကာလတစ်ခုအထိလား" ယန်ယွဲ့

ကရွှေရောင်ဝတ်စုံဝတ်အမျိုးသမီးကို

စိုက်ကြည့်ပြီး "မင်းပြောနေတာ အခုက

အဲ့လိုမဟုတ်တော့ဘူးလို့ ဆိုလိုတာလား"

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်နေသည်။ ထို့နောက် သူမက ဆက်ပြောပါသည် “နင့်ရဲ့ မူလကံကြမ္မာလမ်းက ကြီးမြတ်တဲ့ ကံတရားတွေနဲ့ ဆက်စပ်နေတယ်။ ဒါကြောင့် နင်လျှောက်ရမယ့်လမ်းကို ငါမမြင်နိုင်တော့ဘူး။ အဲဒါ

တတိယမြောက်ကံကြမ္မာလမ်း၊

မှုန်ဝါးနေတဲ့ ကံကြမ္မာပဲ”

ယန်ယဲ့ သည်

ချက်ချင်းငြိမ်ကျသွားသည်။

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

ရုတ်တရက် မေးလိုက်သည် "ဘာလဲ။

နင်ငါ့ကိုမယုံဘူးလား"

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

ပြန်ပြောခဲ့ဘသည်

“ငါယုံတယ်လို့ပြောရမှာပေါ့။

ဘာလို့လဲဆိုတော့ မင်းငါ့ကို လိမ်ညာဖို့

အကြောင်းပြချက် မရှိဘူးလေ။ ဒါပေမဲ့

ငါ့မှာ မေးစရာရှိတယ်။ အခုချက်ချင်း

ကိုယ့်ကိုယ်ကို သတ်သေလိုက်ရင်

ငါ့ကံကြမ္မာက ဘယ်လိုဖြစ်သွားမလဲ”

ထိုစကားကြားသောအခါ

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

ငြိမ်သက်သွားသည်။

ယန်ယဲ့ က အနည်းငယ် ရယ်မောလိုက်ပြီး

ဆက်ပြောခဲ့သည် "ငါ့မှာ

ဘယ်လိုကံကြမ္မာလမ်းပဲရှိရှိ

ငါဂရုမစိုက်ဘူး၊ အဲဒါနဲ့

ပတ်သက်ပြီးတော့လည်း ဘာမှမသိဘူး။

ငါသိတာတစ်ခုက ငါတို့မှာ

ဘယ်လိုလမ်းကြောင်းမျိုးပဲရှိရှိ
လမ်းကြောင်းပေါ်ရောက်နေပြီ။
ငါတို့ကိုယ်တိုင်က အရာအားလုံးကို
ပြောင်းလဲနိုင်စွမ်းရှိတယ်။ဟုတ်တယ်မ
လား"

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က
“လူတစ်ယောက်က
သူ့ရဲ့ကံကြမ္မာလမ်းကို

ဆုံးဖြတ်နိုင်တယ်လို့

နှင်ထင်နေတာလား”ဟုပြန်မေးပါသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်

“ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ငါ

အခုမလုပ်နိုင်ဘူး၊ ဒါပေမဲ့

ငါကြိုးစားရမယ်။ ငါ့ရဲ့ခွန်အားက

ကိုယ့်ကံကြမ္မာကို မထိန်းချုပ်နိုင်မချင်း

ကြိုးစားမယ်။ ဒါကြောင့် ငါတို့မှာ

ဘယ်လိုကံကြမ္မာမျိုးရှိတယ်ဆိုတာ

ဂရုမစိုက်ဘူး။ ငါတို့ဟာ

အမြဲတမ်းသန်မာနေရင်

ကိုယ်ပိုင်ကံကြမ္မာကိုပြောင်းလဲလို့ရတာပဲ

လေ”

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

အချိန်အတော်ကြာအောင်

တိတ်ဆိတ်သွားပြီးမှ

ခေါင်းညိတ်လိုက်သည်

“နှင်မှန်တယ်။အားနည်းတဲ့သူတွေပဲ

ကံကြမ္မာကိုယုံကြတယ်။ ဒါပေမဲ့
နင်သိလား၊ ဒါဟာ ပြောင်းလဲပစ်ဖို့
အရမ်းခက်ခဲတဲ့ လမ်းကြောင်းပါ”

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည် "ဒါက
ခက်ခဲနိုင်ပေမယ့် ငါလုပ်နိုင်ရမယ်"

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က
ယန်ယွဲ့ကို ကြည့်ကာ
"ကံကောင်းပါစေ...."ဟုပြောပါသည်။

ဤအချိန်တွင် ယန်ယဲ့က တစ်ခုခုကို

တွေးမိသွားပုံဖြင့်

သူမကိုစိုက်ကြည့်ကာမေးလိုက်၏

"လူသုံးယောက်က ငါ့ရဲ့ကံကြမ္မာလမ်းကို

ပြောင်းလဲပစ်တယ်လို့ မင်းပြောခဲ့တယ်။

သူတို့က ဘယ်သူတွေလဲ"

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

ခေါင်းကို အနည်းငယ်ခါယမ်းကာ

“ငါမသိဘူး။ ဒါပေမဲ့ သူတို့က
အရမ်းသန်မာတယ်။
အရမ်းကြောက်စရာကောင်းတယ်။
အထူးသဖြင့်တော့ နောက်ဆုံးလူ...”
သူမက ခေါင်းယမ်းပြီး
ဆက်မပြောတော့ပေ။

ယန်ယဲ့ က ခေါင်းညိတ်ပြလိုက်သည်။
ဆက်မမေးတော့ပါ။ အကြောင်းကတော့
အခုမေးလို့သိသွားရင်တောင်

ထူးခြားမှုမရှိလို့ပါ။

သူ၏ကံကြမ္မာလမ်းကို

ကြိုးကိုင်နေသူများဟာ

အနန္တတန်ခိုးရှင်များဖြစ်နေသည်မဟုတ်

ပါလား။ ထိုအဆင့်က လက်ရှိ

သူရင်ဆိုင်နိုင်သောအရာမဟုတ်ချေ။

ယန်ယဲ့ က

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး ကို

တစ်ချက်ကြည့်လိုက်ပြီး

"မင်းကဘယ်သူလဲ"ဟုမေးလိုက်သည်

သူမက ပြန်ဖြေခဲ့ပေ။ မလှမ်းမကမ်းရှိ

ရှေး

ဟောင်းသစ်ပင်ကြီး တစ်ဖြစ်လည်း

တဲအိမ် ကို လှည့်ကြည့်လိုက်ရင်း "ဒါက

ဘာလဲဆိုတာ နင်သိလား။ ဒါဟာ

အလယ်စကြာဝဠာရဲ့ မြေကမ္ဘာဝိညာဉ် ပဲ"

"အလယ်စကြာဝဠာရဲ့ဝိညာဉ်လား"

ယန်ယဲ့ သည် အံ့အားသင့်သွားသည်။

တဲအိမ်ကို လှည့်ကြည့်လိုက်ပြီး "ဒါက

စကြာဝဠာရဲ့ ဝိညာဉ်လား"

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က

အနည်းငယ် ခေါင်းညိတ်ကာ

"နင်တို့ရဲ့တိုက်ခိုက်မှုတွေအကုန်

မထိခိုက်နိုင်တာက

ဒီစကြာဝဠာရဲ့ဝိညာဉ်ဖြစ်နေလို့ပဲ။

မြေကြီးရဲ့

အကာအကွယ်စွမ်းအားနဲ့ဆိုတော့

နင်တို့တွေ ဘယ်လိုပဲတိုက်ခိုက်နေနေ

ဘာမှဖြစ်လာမှာမဟုတ်ဘူး"

ယန်ယွဲ့ က ရုတ်တရက်ပြောလိုက်သည်

"ငါ့ဓားက ဒီအရာရဲ့

အကာအကွယ်စွမ်းအားကိုချိုးဖျက်နိုင်တ

ယ်"

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး က ယန်ယဲ့၏ လက်ထဲမှ သစ်သားဓားကို တစ်ချက်ကြည့်လိုက်ပြီး "ဒီဓားက ထူးခြားတယ်။ ဒါကြောင့် အဲဒီရှေးဟောင်းသစ်ပင်ရဲ့ အကာအကွယ်စွမ်းရည်ကို ထိုးဖောက်နိုင်တာ အံ့သြစရာတော့ မဟုတ်ဘူး"

ထိုစကားပြောပြီးသည်နှင့် သွေးကေရီ

နှင့်အခြားသူများကို လှည့်ကြည့်ကာ

"နင်တို့အားလုံး ငါဘယ်သူလဲဆိုတာ

တကယ်သိချင်နေကြပြီမဟုတ်လား"

စကားပြောနေစဉ် သူမ၏လက်ကို

မြှောက်လိုက်ပြီး မျက်နှာဖုံးကို

ဖြည်းညှင်းစွာ ဖယ်ရှားလိုက်သည်။

ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး၏

မျက်နှာကို မြင်သည်နှင့် တပြိုင်နက်

သေွးကြောရှိ အပါအဝင် အခြားလူတိုင်း

မျက်လုံးများပြူးကျယ်လာသည်။

“ခန်းမသခင်” အားလုံးက

တညီတညွတ်တည်း

ဦးညွှတ်လိုက်ကြသည်။

ဤအချိန်တွင် ယန်ယဲ့ သည်

အံ့အားသင့်သွားသည်။

ရှောင်စီးယောင် ....

သူ့ရှေ့မှ ရွှေရောင်ဝတ်စုံဝတ်အမျိုးသမီး

က အမှန်ပင် ငရဲခန်းမ၏တည်ထောင်သူ

ရှောင်စီးယောင် ပါ။

ထိတ်လန့်တုန်လှုပ်သွားသည့်
တစ်ချိန်တည်းမှာပင် သူ့စိတ်ထဲမှာ
သက်သာရာရသွားသည်။ အကြောင်းမှာ
ရှောင်စီးယောင် က သူတို့အပေါ်
မကောင်းကြံလိုသောရည်ရွယ်ချက်မရှိ
ကြောင်း သတိပြုမိလို့ပါ။

တစ်နည်းအားဖြင့် ဤအခိုက်အတန့်တွင်
သူတို့က ဘာအန္တာရာယ်မှ မရှိတော့ပေ။

ထို့အပြင် အစွမ်းထက်တည်ရှိမှုတစ်ခု၏

အကာအကွယ်ကိုပင် ရရှိထားလေသည်။

ယန်ယဲ့ သည် ရှောင်စီးယောင်၏

မျက်နှာကိုကြည့်ရန်ပြင်လိုက်စဉ်

မျက်နှာဖုံးပြန်တပ်သွားသဖြင့်မမြင်လိုက်

ရတော့ပေ။

ဤအချိန်တွင် ရှောင်စီးယောင် က

ရုတ်တရက် ပြောခဲ့သည် "ဒါက

ငါ့ရဲ့ပင်မခန္ဓာကိုယ်မဟုတ်ဘူး"

....ဒါက သူမရဲ့ ပင်မခန္ဓာကိုယ်

မဟုတ်ဘူးလား ။

အားလုံးက ရှောင်စီးယောင် ကို

မော့ကြည့်လိုက်သည်။ ဒီအချိန်မှာ

လူတိုင်း၏ မျက်နှာက

မယုံကြည်နိုင်စရာများ ရှိနေသည်။
အကြောင်းကတော့ သူတို့အမြင်ရ
အခုရှိနေသော ရှောင်စီးယောင် ဟာ
ဝိညာဉ်ခန္ဓာကိုယ်တစ်ခု မဟုတ်ချေ။

ဤအချိန်တွင် ရှောင်စီးယောင် က
ထပ်ပြောပါသည် "နင်တို့မြင်ရတာက
ငါ့ရဲ့ပုံတူတစ်ခုပဲ။ ဟိုအရင်တုန်းက
ဒီနေရာမှာ ချန်ထားခဲ့တဲ့ ပုံတူတစ်ခုပါ။
ဉာဏ်အလင်းသခင်

အဆင့်ကိုရောက်ပြီးတာနဲ့

နားလည်လာလိမ့်မယ်"

ထိုစကားပြောပြီးနောက် သွေးဧကရီ နှင့်

အခြားသူများကို ငုံ့ကြည့်ကာ "ငါ

ဒီခန့်မှန်းချက်ကို ချန်ထားခဲ့လို့ အားလုံး

ငါ့ကိုလိုက်ရှာမယ်ဆိုတာ ငါသိတယ်"

ဤအချိန်တွင် သွေးကေရီ က ရုတ်တရက်ပြောလိုက်သည် "ငါတို့ကို အလင်းပြပေးပါ"

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည် သူ့ရှေ့က ဖြစ်ပျက်နေသည့်အရာကို လုံးလုံး နားမလည်ခဲ့ပေ။ သို့တည်းမဟုတ် တော်တော်လေး ပဟေဠိဆန်သွားသည်ဟု ဆိုရပေမည်။

ရှောင်စီးယောင် က အနည်းငယ်
ခေါင်းညိတ်ပြပြီး “တကယ်တော့
လွန်ခဲ့တဲ့ နှစ်တွေမှာကတည်းက
အားလုံးကို ငါပြောခဲ့သင့်တယ်။ ဒါပေမဲ့
ငါအမြန်ထွက်သွားရလို့ နင်တို့တွေကို
နှစ်တွေအကြာကြီးစိုးရိမ်နေစေတယ်။
အခုတော့ အားလုံး အမှန်တရားကို သိဖို့
အချိန်ရောက်ပြီ"

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က

ရုတ်တရက် မေးလိုက်လိုက်သည်

"ဘာအမှန်တရားလဲ"

သွေးကောရီက ချက်ချင်း ပြန်ဖြေပါသည်

“ငါတို့အသိစိတ်ပင်လယ်ထဲမှာ

ပျောက်ကွယ်နေတဲ့အပိုင်းတစ်ပိုင်း

ရှိတယ်။ အဲဒီမှာ ဘာမှမရှိဘူး။

အဲဒီမှတ်ဉာဏ်တွေကို မမှတ်မိနိုင်ရင်

မူလနတ်ဘုရားအဆင့် ၆ ကို ဘယ်တော့မှ မရောက်နိုင်တော့ဘူး။ စဉ်းစားကြည့်ပါ၊ လူတစ်ယောက်က တစ်ခန်းလွတ်နေလို့ ကိုယ့်အကြောင်းကို အကုန်မသိရင် ဘယ်လိုလုပ်ပြီး ဉာဏ်အလင်းပွင့်တော့မှာလဲ"

"အတိတ်ဘဝမှတ်ဉာဏ်တွေလား"

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်

"ဘာကြောင့်လဲ..."

သွေးကေရီ က ရှောင်စီးယောင် ကို

စူးစိုက်ကြည့်ပြီး ပြန်ပြောခဲ့သည် "ဒါကို

ခန်းမသခင် သိသင့်တယ်"

ရှောင်စီးယောင် က ခဏမျှ

ငြိမ်သက်သွားပြီးမှ

ရုတ်တရက်ပြန်ပြောသည်

“ငါ့ခွန်အားတွေ ပိုတိုးလာအောင်

ငါ့ရဲ့အသိစိတ်အပိုင်းအစတွေကို

မျိုးစေ့တွေလိုဖန်တီးလိုက်တယ်၊

ပြီးတော့ မွေးဖွားမလာသေးတဲ့

သန္တေသားလောင်းလို

ကျင့်ကြံဖို့ဆုံးဖြတ်လိုက်တယ်။

သူတို့တွေ ကြီးပြင်းလာတာနဲ့အမျှ

သူတို့ဟာ ဘဝမျိုးစုံ၊

နားလည်နိုင်စွမ်းတွေ၊

ထူးချွန်ထက်မြက်တဲ့ ခွန်အားတွေ

ပိုင်ဆိုင်ကြလိမ့်မယ်။ အဲဒီအချိန်မှာ ငါက

သူတို့အထဲမှာရှိတဲ့

မှတ်ဉာဏ်မျိုးစေ့တွေကို

အသက်သွင်းလိုက်ရုံပဲ။ ဒါဆိုရင် ငါက

သူတို့ရဲ့ ဘဝအဆက်ဆက်

နားလည်နိုင်စွမ်းတွေ၊

ခွန်အားတွေကိုဝါးမျိုနိုင်ပြီ”

သွေးကေရီ နှင့်

အခြားအဖွဲ့ဝင်များအားလုံး

ငယ်ထိပ်တည့်တည့်

မိုးကြိုးပစ်ချလိုက်သလိုပင်ခံစားလိုက်ရလေသည်။

ဤအခိုက်တွင် အားလုံးက အံ့အားသင့်သွားကြသည်။

မှတ်ဉာဏ်မျိုးစေ့...

သူတို့၏ အသိစိတ်ပင်လယ်ထဲ၌ ရှောင်စီးယောင်၏

မှတ်ဉာဏ်မျိုးစေ့သည် ရှိနေခဲ့သည်။

ထိုအရာက အဓိကအချက်မဟုတ်ပါ။

အဓိကကတော့ သူတို့

အလေးစားရဆုံးသော ခန်းမသခင် ဟာ

သူတို့ကို အသုံးပြုဖို့

ရည်ရွယ်ထားခဲ့သည်လေ။

ဒီအချိန်မှာ သူတို့ကမ္ဘာကြီး

ပြောင်းပြန်လန်သွားသလိုပါ။

ရှောင်စီးယောင် ပြန်ပေါ်လာခြင်းဟာ

သူတို့၏ ကမ္ဘာကြီးကို

ဇောက်ထိုးပြောင်းသွားခဲ့ရသည်။

အားလုံးတင်မက ယန်ယဲ့လည်း

တော်တော်လေးကို ထိတ်လန့်သွားသည်။

အမှန်တရားက ထိုအတိုင်းဖြစ်နေမည်ဟု

သူပင် မမျှော်လင့်ထားပေ။

တစ်ချိန်တည်းမှာပင် ရှောင်စီးယောင် က ဆက်ပြောပါသည် “နင်တို့အားလုံး တစ်နေ့ထက်တစ်နေ့ ကြီးပြင်းလာတာကို ငါကြည့်နေတယ်။ တစ်နေ့ထက်တစ်နေ့ ပိုသန်မာလာတာကို ကြည့်ပြီး နင်တို့အားလုံးထက်တောင် ပိုပျော်လာတယ်။ ဒါပေမဲ့ နောက်ဆုံးကျတော့ ငါ့ရဲ့ ဆုံးဖြတ်ချက်ကို ပြောင်းလိုက်တယ်”

သွေးကောရီ က “ဘာလို့လဲ” ဟု မေးလိုက်သည်။

ရှောင်စီးယောင် က သွေးကောရီ ကို စူးစိုက်ကြည့်ကာ "တစ်ယောက်ယောက်က စိတ်ခံစားချက်ကင်းမဲ့နေမှာလား။ နင်တို့အားလုံးကို နေ့တိုင်း နေ့တိုင်း ငါကြည့်တယ်၊ ဒါကြောင့် နင်တို့အားလုံးကို ဝါးမျိုဖို့

အချိန်ရောက်လာတဲ့အခါ

ငါတကယ်ဖြစ်ချင်တာမဟုတ်ဘူးဆိုတာ

ကို သဘောပေါက်သွားတယ်။ ဒီတော့ ငါ

စွန့်လွှတ်လိုက်တယ်။ ဒါပေမဲ့

အဲဒီတုန်းက မှတ်ဉာဏ်မျိုးစေ့ကို

ချန်ထားခဲ့လို့

နင်တို့ကိုထိခိုက်စေလိမ့်မယ်လို့

ငါမထင်ထားခဲ့မိဘူး"

သူမက ခဏရပ်ပြီး “အဲဒီတုန်းက

အကြောင်းပြချက်အချို့ရှိနေလို့

ဝင်ရိုးစွန်းကြယ်ကို ပြန်မလာနိုင်ခဲ့ဘူး။

ဒါကြောင့် ဒီခန့်မှန်းချက်ကို

ချန်ထားရုံပဲတတ်နိုင်တယ်။ ကောင်းပြီ။

အခု

မှတ်ဉာဏ်မျိုးစေ့ကိုဖယ်ရှားပြီးတာနဲ့

လူတိုင်း က ပြီးပြည့်စုံတဲ့အသိစိတ်တွေနဲ့

ပါရမီရှင်တွေဖြစ်လာလိမ့်မယ်။

ညာဏ်အလင်းသခင်အဆင့် ကို

ချိုးဖျက်ရင်တောင် ဘာအတားအဆီးမှ

ကြုံမှာမဟုတ်ဘူး”

လူတိုင်း တိတ်ဆိတ်သွားကြသည်။

ဤအခိုက်အတန့်တွင် သွေးကေရီ နှင့်

အခြားသူများ၏ နှလုံးသားထဲ၌ကား

ရှုပ်ထွေးသောခံစားချက်များ ရှိနေသည်။

အတော်ကိုရှုပ်ထွေးသော

စိတ်ခံစားချက်တွေပါ။

အစပိုင်းတွင်တော့ အားလုံးက

မျှော်လင့်ချက်အပြည့်နှင့်ရောက်လာခဲ့သ

ည်။ သို့သော်လည်း

လက်တွေ့ကျတော့စိတ်ပျက်စရာပင်။

ဒီအချိန်မှာ သူတို့စိတ်ထဲက

စိတ်ခံစားချက်များဟာ စကားဖြင့်ပင်

ဖော်ပြရခက်ပါသည်။

ဤအတောအတွင်း ရှောင်စီးယောင် က ယန်ယဲ့ကို ရုတ်တရက် စိုက်ကြည့်ရင်း "ကလေး၊ နင့်ရဲ့ ဦးနှောက်ထဲမှာ မှတ်ဉာဏ်မျိုးစေ့တစ်ခု ရှိတယ်"ဟုပြောလိုက်သည်။

ယန်ယဲ့ က ချက်ချင်းပင် အံ့အားသင့်သွားသည် "ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"

May Be:

၂၁၈၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၈၉ - အမှောင်ဧကရာဇ်

မှတ်ဉာဏ်မျိုးစေ့လား။

ငါ့အသိစိတ်ထဲမှတ်ဉာဏ်မျိုးစေ့

ရှိနေတာလား။

ယန်ယဲ့ သည် မယုံနိုင်အောင်ဖြစ်သွား၏။

အကြောင်းကတော့

သူ့ဘဝတစ်လျှောက်လုံး

အမှတ်ရစရာတစ်ခုမှ မရှိလို့ပါ။

မွေးလာတတည်းက

မှတ်ဉာဏ်အပြည့်ရှိနေခဲ့သည်။

ဤအချိန်တွင် ရှောင်စီးယောင် က ဆက်ပြောပါသည် "နင့်အထဲမှာ တစ်ခုရှိတယ်။ ဒါပေမဲ့ ပျက်စီးသွားပြီ"

"ဖျက်ဆီးပစ်တာလား" ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး "မင်းဘာကိုဆိုလိုတာလဲ"

ရှောင်စီးယောင် က "လူသုံးယောက်က နင့်ရဲ့ကံကြမ္မာလမ်းကို

ပြောင်းလဲပစ်တယ်လို့ ငါပြောခဲ့တယ်။

ပထမလူက နင့်ရဲ့အသိစိတ်အထဲမှာ

မှတ်ဉာဏ်မျိုးစေ့ကို

ထည့်ထားပေးတဲ့သူ။ အဲဒီလူက

နင့်ကိုတစ်ခုခုပြီးမြောက်ဖို့

ရည်ရွယ်ထားတယ်။ဒုတိယလူက

နင့်အတွက် မှတ်ဉာဏ်မျိုးစေ့ကို

ဖျက်စီးခဲ့တဲ့သူပဲ။ အဲဒီလူက

နင့်ကံကြမ္မာရဲ့ မူလလမ်းကြောင်းကို

ပြန်သွားခွင့်ပြုထားတယ်။
တတိယလူအနေနဲ့ကတော့.... ငါတောင်
အဲဒါကို မမြင်ရဘူး”

ယန်ယဲ့ သည် သူ၏လက်သီးများကို
ဖြည်းညှင်းစွာ ဆုပ်ထားလိုက်သည်။

ရှောင်စီးယောင် က သူ့အား
လိမ်ညာစရာအကြောင်းမရှိသဖြင့်
တမင်သက်သက်ပြောနေသည်ဟု

မထင်မိပေ။ တစ်နည်းဆိုရသော် သူ၏ကံကြမ္မာကို ပြောင်းလဲထားသူ ၃ ဦးပင်ရှိခဲ့သည်။

.....ဒါဆို သူတို့က ဘယ်သူတွေလဲ။

ဤအချိန်တွင် ရှောင်စီးယောင် က သွေးကောရီ နှင့် အခြားလူများကို ရုတ်တရက် စူးစိုက်ကြည့်ပြီး "နင်တို့အားလုံးကို

စွမ်းအားနည်းစနစ်တစ်ခု ပေးမယ်။

အဲဒါကို အောင်မြင်သွားတာနဲ့

နင်တို့အသိစိတ်ထဲမှာရှိတဲ့

မှတ်ဉာဏ်မျိုးစေ့က သူ့အလိုလို

ပျောက်ကွယ်သွားလိမ့်မယ်”

စကားပြောပြီးသည်နှင့်

ရှောင်စီးယောင်က

လက်ညိုးကိုဆန့်ထုတ်လိုက်ရာ

အဖြူရောင်အလင်းတန်းများ

လင်းလက်လာပြီး လူတိုင်း၏
နှဖူးအလယ်သို့ ဝင်ရောက်သွားသည်။

ထို့နောက်တွင်တော့ ရှောင်စီးယောင်၏
ခန္ဓာကိုယ်ဟာ
တဖြည်းဖြည်းဝေဝါးလာပါသည်။

ဤမြင်ကွင်းကြောင့် သွေးကေရီ နှင့်
အခြားလူတိုင်းလည်း
ထိတ်လန့်သွားကြသည်။

ရှောင်စီးယောင် က

လုံးလုံးပျောက်ကွယ်မသွားခင်

ရုတ်တရက်ပြောခဲ့သည်

"ငါ့ရဲ့ပုံတူက

ချန်ထားခဲ့တဲ့တာဝန်ပြီးသွားပြီ။

ဒါကြောင့် သွားရမယ့် အချိန်ရောက်ပြီ"

ထို့နောက် တဲအိမ်ကို စိုက်ကြည့်ကာ

“ငါဒဏ်တစ်ခုရနေလို့ လွန်ခဲ့တဲ့

နှစ်တွေမှာ ဒီကို ရောက်လာတယ်။

ပြန်ကောင်းလာဖို့ အကူအညီလိုတယ်။

အတိတ်က ငါ့ကို ကူညီပေးခဲ့တယ်၊

ဒါကြောင့် ခက်ခဲတဲ့အရာတွေကို

မလုပ်ပါနဲ့"

ထိုစကားပြောပြီးသည်နှင့်

သူမ၏ညာလက်ကို မြှောက်ယမ်းလိုက်သည်။

တဲအိမ်၏ ပတ်ပတ်လည်ကို

ရစ်ပတ်ထားသည့်

ရွှေရောင်အလင်းတန်းများ
ချက်ချင်းပျောက်ကွယ်သွားသည်။

ထို့နောက် ငရဲအိပ်မက်သခင် ကို
စိုက်ကြည့်ရင်း "အိမ်မက်ကလေးငယ်၊
အခု နင်လည်း လွတ်လပ်သွားပြီ။
နင်လုပ်ချင်တာမှန်သမျှ လုပ်နိုင်တယ်"
ဟုပြောခဲ့သည်။ တစ်ဆက်တည်း
ငရဲကေရီနှင့် အခြားလူများကို
တစ်ချက်ကြည့်လိုက်ပြီး

“နင်တို့အားလုံးအတွက်လည်း
အတူတူပါပဲ”

စကားပြောနေစဉ် သူမ၏ခန္ဓာကိုယ်က
ပို၍ပင် မှုန်ဝါးလာသည်။

ဤအခိုက်အတန့်တွင် ယန်ယွဲ့ က
ကမန်းကတန်း မေးလိုက်၏
"အကြီးအကဲ၊ မင်း ဒဏ်ရာရနေတယ်

လို့ပြောခဲ့တာ။ ဒါဆို

မင်းကိုဘယ်သူကဒဏ်ရာရစေတာလဲ"

ရှောင်စီးယောင် က ယန်ယဲ့ကို

ငုံ့ကြည့်လိုက်ပြီး "နင့်လိုပဲ

ဓားသမားတစ်ယောက်

"ဟုသာပြန်ဖြေခဲ့သည်။

ထိုစကားပြောပြီးသည်နှင့်
သူမ၏ခန္ဓာကိုယ်က လေထဲမှာပင်
ပျောက်ကွယ်သွားသည်။

ဓားသမားတစ်ယောက်....

ယန်ယွဲ့ သည်
မျက်မှောင်ကြုတ်လိုက်သည်။

ဘယ်သူဖြစ်နိုင်မလဲ။

ပတ်ဝန်းကျင်သည် တစ်ဖန်တိတ်ဆိတ်
သွားသည်။

သာမန်တိတ်ဆိတ်နေပုံမဟုတ်ဘဲ
တစ်စုံတစ်ခုပျောက်ဆုံးနေသလိုပါ။

ဤအခိုက်အတန့်တွင် သွေးကောရီ နှင့်
အခြားအဖွဲ့ဝင်များဟာ တစ်ခုခုကို
ဆုံးရှုံးသွားသလို ခံစားလိုက်ရသည်။

အရင်ကတော့ ရှောင်စီးယောင် ကို
စိုးရိမ်စိတ်ဖြင့် တွေ့ချင်နေကြသည်။
သို့သော်လည်း
တကယ်တမ်းပြန်တွေ့ခဲ့ရာတွင်တော့
အဖြစ်အပျက်ဟာ
လူတိုင်းမျှော်လင့်ထားသည်နှင့်
ဆန့်ကျင်နေခဲ့သည်။

ငါတို့ အခုကစပြီး ဘာလုပ်သင့်လဲ။

အချိန်အတော်ကြာအောင်

တိတ်ဆိတ်နေပြီးနောက်

မျက်နှာဖုံးစွပ်အမျိုးသမီး က ရုတ်တရက်

ပြောခဲ့သည် "အားလုံးက ဘယ်လိုထင်လဲ

ငါဂရုမစိုက်ပါဘူး။ ဒါပေမဲ့ ငါကတော့

ငရဲခန်းမက ထွက်သွားမှာ မဟုတ်ဘူး။

အဲဒါကို ပြန်ဖွဲ့စည်းမယ်၊ ပြီးတော့

အလယ်စကြာဝဠာရဲ့

ထိပ်သီးအင်အားစုကြီးဖြစ်လာအောင်လု
ပ်မယ်”

ထိုစကားပြောပြီးသည်နှင့်
ကောင်းကင်ထက်သို့
ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် သိုင်းသံတမန်က
ယန်ယွဲ့ကို ရှုတ်တရက် စူးစိုက်ကြည့်ကာ
မေးလိုက်သည် "အစ်ကိုယန်၊ နင်က

လောကသုံးပါး

ကိုသွားတော့မယ်ထင်တယ်"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

အောက်ဘုံ (အလယ်စကြာဝဠာ)ရှိ

ကိစ္စများအားလုံး ပြီးပြတ်သွားခဲ့ပါပြီ။

ထို့ကြောင့် သူ၏တာဝန်တစ်ခုကို

ကြေအောင်လုပ်ဆောင်ရန်

လောကသုံးပါးကိုသွားကပေမည်။

သိုင်းသံတမန် က ပြုံးပြီး "ငါတို့ အတူတူ သွားလို့ရပြီ"ဟုထပ်ပြောလိုက်သည်။

ယန်ယဲ့ က ပြုံးပြီး "ဒါပေါ့"

သိုင်းသံတမန် က ဆက်ပြောခဲ့သည်
“ကောင်းကင်တိုင်တောင်တန်းရဲ့ ချိတ်ပိတ်စည်း အားပျော့လာဖို့ဆိုရင် အချိန်တော်တော်ကြာဦးမယ်။ တချို့အရာတွေကို စီမံခန့်ခွဲဖို့

အင်မော်တယ်စားမြို့တော်ကို

ခဏတော့ပြန်သွားရလိမ့်မယ်။ ဒါဆို

အစ်ကိုယန်၊ အခု နှုတ်ဆက်လိုက်တယ်”

ထို့နောက် ထွက်သွားရန်ပြင်လိုက်၏။

သို့သော်လည်း တစ်ခုခုကို

တွေးမိသည့်အလား “အစ်ကို ယန်၊

နင့်လက်ထဲမှာရှိတဲ့ အဲဒီသစ်သားဓားက

လောကသုံးပါးရဲ့ နတ်လက်နက်တစ်ခုလို့

ငါကြားမိတယ်။ ဒါကြောင့် ရှေ့ဆက်

နင်ရင်ဆိုင်မှာက အဆုံးမရှိနိုင်တဲ့

ပြဿနာတွေပဲဖြစ်လိမ့်မယ်။

ငါရရှိထားတဲ့

အချက်အလက်တွေအရဆိုရင်

ကောင်းကင်တိုင်တောင်တန်းရဲ့

ထိပ်သီးအင်အားစုတွေပါ

ဆင်းလာကြပြီ။ကံကောင်းပါစေ"

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင်

ပျောက်သွားခဲ့သည်။

သိုင်းသံတမန် ထွက်သွားပြီးနောက်တွင်

ယန်ယွဲ့ သည် ငရဲအိပ်မက်သခင် ကို

စိုက်ကြည့်ရင်း "အိပ်မက်ကလေး၊

မင်းကော။မင်းဘာလုပ်ဖို့စီစဉ်ထားလဲ

စဉ်းစားပြီးပြီလား"ဟုမေးလိုက်သည်။

ငရဲအိပ်မက်သခင် က ယန်ယွဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

"ငါမသိဘူး"ဟုသာပြန်ဖြေသည်။

ယန်ယွဲ့ က ခဏမျှစဉ်းစားလိုက်ပြီး "အဲ...
မင်းက လောကသုံးပါးကို
ကြည့်ချင်သလား"

ငရဲအိပ်မက်သခင် က
"ဘာလို့အဲဒီကိုသွားရမှာလဲ"

ယန်ယွဲ့က "ဘာလို့လဲဆိုတော့
လောကသုံးပါး မှာက

ပိုကောင်းတဲ့နည်းစနစ်တွေ၊ဝိညာဉ်စွမ်းအ
င်တွေရှိတယ်။
စွမ်းအားရှင်တွေလည်းအများကြီး...
ဟုတ်တယ်၊ ပိုပျော်ဖို့ကောင်းတယ်"

ငရဲအိပ်မက်သခင် က
"ပိုပျော်စရာကောင်းလား"
ဟုမေးလိုက်သည်။

ယန်ယဲ့ က အလျင်စလို

ခေါင်းညိတ်လိုက်သည်

“အရမ်းပျော်ဖို့ကောင်းတယ်။

လောကသုံးပါးက

ငါတို့အလယ်စကြာဝဠာထက်

အများကြီးကြီးမားတယ်။ ဒီတော့

ပိုပျော်စရာကောင်းမှာသေချာပါတယ်။

အိပ်မက်ကလေး၊ မင်း ငါတို့နဲ့အတူ

အဲဒီကို သွားချင်သလား။

အနည်းဆုံးတော့ လောကသုံးပါး

ကိုရောက်ရင် မင်းမှာ

အသိမိတ်ဆွေရှိမယ်"

ငရဲအိပ်မက်သခင် က သွေးကေရီကို

လှမ်းကြည့်ကာ

"ဒါအမှန်ပဲလား"ဟုမေးလိုက်သည်။

ယန်ယွဲ့ သည်

ဘာပြောရမှန်းမသိတော့သလိုပင်။

သွေးကေရီ က ခဏာမျှစဉ်းစားပြီး
"အရမ်းပျော်ဖို့ကောင်းတယ်"ဟူ၍
ပြန်ဖြေပါသည်။ သူမက
ယန်ယဲ့၏ရည်ရွယ်ချက်ကို
သဘာဝကျကျ နားလည်ထားလို့ပါ။
ယန်ယဲ့ သည် ငရဲအိပ်မက်သခင်ကို
အနားမှာခေါ်ထားချင်နေတာမဟုတ်ပါ
လား။ အကြောင်းကတော့
ငရဲအိပ်မက်သခင် ဟာ

အထွတ်အထိပ်စွမ်းအားရှင်တစ်ဦးဖြစ်နေလို့ပါ။

သွေးကေရီ၏စကားကို ကြားပြီးနောက်ငရဲအိပ်မက်သခင် က ယန်ယွဲ့ကို လှည့်ကြည့်ကာ "ငါတို့အဲဒီကို ဘယ်လိုသွားကြမလဲ"ဟုမေးပါသည်။

ယန်ယွဲ့က ကောင်းကင်ကို ညွှန်ပြပြီး “ဒါကို မြင်လား။ အဲ့ဒီမှာ

ကောင်းကင်တိုင်တောင်တန်းလို့ ခေါ်တဲ့ တောင်တစ်လုံးရှိတယ်။ အဲဒီကနေ ငါတို့တက်သွားရမှာ”

ငရဲအိပ်မက်သခင်သည ကောင်းကင်တိုင်တောင်တန်း ကို မျှော်ကြည့်လိုက်သည်။ ထို့နောက် သူမ၏မျက်နှာသေးသေးလေးပေါ်တွင်

အလွန်လေးနက်သောအမူအရာတစ်ခု ပေါ်လာပြီး "ငါတို့အဲဒီကိုမသွားနိုင်ဘူး"ဟူ၍ ပြန်ပြောခဲ့သည်။

ယန်ယဲ့ က အံ့သြသွားပြီး "ဘာလို့လဲ"

သူမက “အဲဒီမှာ အန္တရာယ်များတယ်၊ အရမ်းအန္တရာယ်များတယ်။ ပြီးတော့

သူတို့ထဲက

တစ်ယောက်ထက်မကပိုရှိတယ်”

ယန်ယဲ့၏မျက်နှာက တဖြည်းဖြည်း

တင်းမာလာသည်။

အန္တရာယ်ရှိတဲ့ အရာတွေ.....

ငရဲအိပ်မက်သခင်က မည်သူနည်း။

ငရဲခန်းမ၏အုပ်ထိန်းသူ၊

အလယ်စကြာဝဠာ၏

အထွတ်အမြတ်ပညာရှင်

ဟုဆိုနိုင်ပါသည်။ ဉာဏ်အလင်းသခင်

မဟုတ်သည့်တိုင်

ငရဲအိပ်မက်သခင်၏ခွန်အားက

ဉာဏ်အလင်းသခင်များကို

တိုက်ခိုက်နိုင်သည်။ အလယ်စကြာဝဠာမှ

မျိုးဆက်ဟောင်းအနည်းငယ်သာလျှင်

ငရဲအိပ်မက်သခင်ကို

ပခုံးချင်းယှဉ်နိုင်စွမ်းရှိ၏။

သို့သော် ငရဲအိပ်မက်သခင် က

ကောင်းကင်တိုင်တောင်တန်း ဟာ

အလွန်အန္တရာယ်များသည်ဟု

ပြောနေခဲ့သည်။

ယန်ယွဲ့ သည်

ကောင်းကင်တိုင်တောင်တန်းသို့

မရောက်ခင်က သူ့ကိုယ်သူ

ပြိုင်ဖက်ကင်းလုနီးပါးဟု ခံစားမိခဲ့သည်။

သို့သော်လည်း

လက်တွေ့ရောက်လာမှသာ သူသည်

အားနည်းနေသေးမှန်းသဘောပေါက်သွား

သည်။ ကောင်းကင်တိုင်တောင်တန်းရှိ

ကျင့်ကြံသူများဟာ လုံးဝကို

ကြောက်စရာကောင်းလှသည်။

သူ့ခွန်အားက ထိုကျင့်ကြံသူများကို ယှဉ်ဖို့ လုံးဝမလုံလောက်ပေ။

ဤအတောအတွင်း ငရဲအိပ်မက်သခင် က ထပ်ပြောပါသည် “အဲဒီနေရာကို မတက်ပါနဲ့။ နင်သေလိမ့်မယ်"

ယန်ယွဲ့က “အဆင်ပြေပါတယ်။ လူတော်တော်များများလည်း သွားမှာပါ။ တကယ်အန္တရာယ်များရင် ငါတို့

ထွက်ပြေးရုံပဲလေ။ ဒါကို
မင်းဘယ်လိုထင်လဲ"

ငရဲအိပ်မက်သခင် က ခဏမျှစဉ်းစားပြီး
“သူမ အဲဒီကို တက်သွားတာ
မဟုတ်လား” ဟု မေးလိုက်သည်။

ယန်ယွဲ့ က သူမပြောနေသည့်လူကို
သဘာဝကျကျသိနေသောကြောင့်
ခေါင်းညိတ်လိုက်သည်။

ငရဲအိပ်မက်သခင် က အနည်းငယ် ခေါင်းညိတ်ပြပြီး “ငါ တစ်ခုခုကို ဖြေရှင်းလိုက်ဦးမယ်။ အချိန်တန်ရင် နင့်ကို ငါလာရှာမယ်"

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

ယန်ယဲ့၏ ပါးစပ်ထောင့်မှ အပြုံးတစ်ခု

ရစ်ဝဲလာသည်။ ငရဲအိပ်မက်သခင်က

အစွမ်းထက်ကျင့်ကြံသူတစ်ယောက်ပါ။

သူ့ဘေးနား ခေါ်ထားနိုင်သရွေ့တော့

ကောင်းကင်တိုင်တောင်တန်းမှ

ဆင်းလာသူများကို

အနည်းနှင့်အများဖြေရှင်းနိုင်ပေမည်။

ပူး..... ပူး....

မြေပြင်သည် ရုတ်တရက်
တုန်ခါလာသည်။

ယန်ယဲ့ နှင့်
သွေးဧကရီတို့အဖွဲ့၏အမှုအရာများက
ချက်ချင်းပြောင်းလဲသွားသည်။

သို့သော်လည်း တဲအိမ်က မြေကြီးထဲကို
ဖြည်းညှင်းစွာ နစ်မြုပ်သွားခဲ့သည်။
ထိုမြင်ကွင်းအား မြင်လိုက်မှသာ

လူတိုင်း၏ အမူအရာများက
အနည်းငယ်သက်သာလာသည်။

စကြာဝဠာ၏ဝိညာဉ်က ထွက်သွားပါပြီ။

ယန်ယွဲ့ သည်
ခဏကြာငြိမ်သက်သွားသည်။
အမှန်တော့ သူသည် စကြာဝဠာဝိညာဉ်ကို
မူလစေတီထဲသို့ ဆွဲသွင်းချင်နေတာပါ။
သို့ရာတွင် ၎င်းက သူ့အပေါ်

အလွန်ရန်လိုနေကြောင်း

သတိပြုမိလိုက်သည်။ နောက်ဆုံးတွင်

သူသည် စကြာဝဠာ၏ဝိညာဉ်အား

သိမ်းသွင်းရန်အတွေးကိုစွန့်လွှတ်လိုက်

တော့သည်။

အမှန်တော့ လက်ရှိသူတို့အဖွဲ့ဟာ

ညဏ်အလင်းသခင် နှင့်

ရင်ဆိုင်နိုင်စွမ်းမရှိပေ။

ဒါနဲ့ နှင်းပွင့်လေးက....

ယန်ယဲ့ သည် နှင်းပွင့်အကြောင်းကို

ရုတ်တရက် တွေးမိလိုက်သည်။

သို့သော်လည်း

သူ၏ခေါင်းမှဆံပင်များဟာအဆုံးမဲ့ထော

င်မတ်သွားလေတော့သည်။

အကြောင်းမှာ သူသည် မူလစေတီ ကို

အာရုံခံလို့မရသေးလို့ပါ။

ချုန်းချီ နှင့် ဟိုချင်

တို့နှစ်ယောက်စလုံးပင်

တိတ်ဆိတ်နေခဲ့သည်။

တစ်နည်းအားဖြင့် ဤနေရာတွင်

မမြင်နိုင်သော အန္တရာယ်ရှိနေသေး၏။

ဒီအနားတစ်ဝိုက်မှာ

အစွမ်းထက်ကျင့်ကြံသူတစ်ယောက်

ရှိနေတာလား။

ယန်ယဲ့ သည် သွေးကေရီ နှင့်

အမှောင်ကေရီ ကို အမြန်ကြည့်ကာ

"ဒုတိယအစ်မ နဲ့ တတိယအစ်မ၊

သတိထားကြ...."

သူပြောပြီးသည်နှင့် တပြိုင်နက်

အသံတစ်သံ

ရုတ်တရက်ထွက်ပေါ်လာသည် “မင်းဟာ

ငါရှိနေတာကို တကယ်ပဲ

သတိထားမိတာလား။

စိတ်ဝင်စားစရာပဲ....”

စကားသံ ထွက်ပေါ်လာသည်နှင့်

မရှေးမနှောင်းပင် မလှမ်းမကမ်း၌

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားက အသက်

၄၀ ဝန်းကျင်သာရှိနေသေး၏။ ၎င်းက

တိမ်ဖြူရောင်ဝတ်ရုံကိုဝတ်ဆင်ထားသ
ည်။ ထို့အပြင် သူ၏ခန္ဓာကိုယ်မှ
အမည်းရောင်အခိုးအငွေ့များ
ထွက်ပေါ်နေခဲ့သည်။

ယန်ယွဲ့ နှင့် အခြားနှစ်ယောက်၏
အမူအရာများ က သိသိသာသာပင်
လေးနက်လာသည်။

သက်လတ်ပိုင်းအမျိုးသား၏ ခွန်အားကို ခန့်မှန်းကြည့်လို့ပင်မရနိုင်သောကြောင့်ပါ ။

သက်လတ်ပိုင်းအမျိုးသား က ယန်ယဲ့ကို စိုက်ကြည့်ရင်း ရုတ်တရက်ပြောလိုက်သည် “တကယ်ကို ထူးချွန်တဲ့ ပါရမီရှင်ပါ။ ငါ့လက်အောက်ငယ်သားတွေ

မင်းလက်ထဲမှာသေသွားတာ

အံ့သြစရာမဟုတ်တော့ဘူးပဲ”

လက်အောက်ငယ်သားတွေ။.... ယန်ယွဲ့

က

"မင်းက အမှောင်ခန်းမထဲက...ယ"

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းညိတ်ပြသည် “ငါက

အမှောင်ခန်းမရဲ့ ခေါင်းဆောင်ပါ။

သူတို့က ငါ့ကို အမှောင်စောရာဇ်လို့
ခေါ်ကြတယ်”

ယန်ယွဲ့က သူ၏လက်ထဲမှ
သစ်သားဓားကို စိုက်ကြည့်ရင်း “ဘာလဲ။
မင်းလိုလူတောင် ဒီဓားကို
လိုချင်တာလား"

သက်လတ်ပိုင်းအဘိုးအိုက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်

“အဓိကကတော့ ဒီမှာ

လူသတ်ချင်နေတာ။ ဓားက

ဒုတိယဦးစားပေးပေါ့။ အမျောင်ခန်းမ က

ကောင်းကင်တိုင်တောင်တန်းရဲ့

ထိပ်သီးအင်အားစုကြီး ၅

ခုထဲမှာမပါပေမယ်လို့ သူတို့က

ငါ့ကိုမျက်နှာသာပေးကြတယ်။

ဒုတိယရည်မှန်းချက်ဖြစ်သည်"

အမှောင်ဧကရာဇ် က ယန်ယဲ့ကို
စိုက်ကြည့်ရင်း “ဒါပေမဲ့
ငါ့အမှောင်ခန်းမရဲ့
လုပ်ကြံသတ်ဖြတ်သူတွေက
မင်းလက်လက်ချက်နဲ့အသတ်ခံလိုက်ရ
တယ်။ ငါ့အမှောင်ခန်းမက မင်းကြောင့်
ကောင်းကင်တိုင်တောင်တန်းရဲ့
ရယ်မောစရာ
ဖြစ်လာတယ်။ဒီအရှက်တရားကို သွေးနဲ့

ဆေးကြောရမယ်။ ဒါဆို မင်းနဲ့
ဒီအမျိုးသမီးတွေ သေရမယ်"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်
သူ၏လက်ညှိုးကို ရှေ့သို့
ပုတ်လိုက်သည်။

ဂျုန်း....

သူတို့ပတ်ဝန်းကျင်ရှိ အာကာသပြင်ဟာ ပြင်းထန်စွာ တုန်ခါသွားသည်။

ဝုန်း....

ခဏအကြာတွင်

ကြားကွက်လပ်အလွှာများပါ

ပြိုကျခဲ့သည်။ တန်ပြန်အားလှိုင်းကြောင့်

သုံးယောက်စလုံး

နောက်ပြန်လွင့်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင်
မမြင်နိုင်သောဖိအားများက
သူတို့သုံးယောက်ပေါ်သို့
ကျရောက်လာသည်။

ထိုခဏလေးမှာပဲ ယန်ယွဲ့ သည်
မျက်လုံးများ ပြူးကျယ်သွားသည်။
အကြောင်းမှာ သူ၏ခန္ဓာကိုယ်က
ကွဲအက်လုနီးနီး ဖြစ်နေသောကြောင့်ပါ။

ဘမ်း...ဘမ်း....

ယန်ယဲ့ ထံမှ ညာဏ်အလင်းပွင့် စိတ်ဆန္ဒ ၂ ခု ရုတ်တရက် ထွက်ပေါ်လာပြီးနောက် သူ့အပေါ်ကျရောက်နေသော ဖိအားများ ပျောက်ကွယ်သွားသည်။

သို့သော် အမှောင်ဧကရာဇ်က သူ့လက်ချောင်းကို ရှေ့သို့ ထပ်ပုတ်ကာ

“မြေကမ္ဘာချုပ်နှောင်ခြင်း....”

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့၏

အောက်ရှိ မြေပြင်သည်

တုန်ခါသွားသည်။ ထိုခဏလေးမှာပဲ

လျှို့ဝှက်ဆန်းကြယ်သော

အဝါရောင်စွမ်းအင်လှိုင်းများ လေထဲသို့

လွင့်ပျံလာပြီး

သူတို့သုံးယောက်စလုံးအား

ချုပ်နှောင်ထားခဲ့သည်။

ဤအခိုက်အတန့်တွင် သုံးယောက်လုံး မလှုပ်နိုင်တော့ပေ။

ခလွပ်...

ဤအချိန်တွင် ရှင်းလင်းပြတ်သားသော အက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်။

တစ်ကိုယ်လုံး ကွဲအက်နေတဲ့ အသံပါ။

ယန်ယဲ့၏ခန္ဓာကိုယ်က အက်ကွဲသွားကာ သွေးများ ပန်းထွက်လာသည်။

အမှောင်ဧကရာဇ်က "မင်းအခု ဘယ်လောက်အားနည်းနေပြီလဲ သိလား"

ယန်ယဲ့ သည် ရုတ်တရက် ဒေါသတကြီး အော်ဟစ်လိုက်သည်။
သူ့ပတ်ပတ်လည်၌ လျှို့ဝှက်ဆန်းကြယ်

သော စွမ်းအင်လှိုင်းများ ရုတ်ချည်း

ပျံ့လွင့်လာပါတော့သည်။

ဓားနယ်မြေ....

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

ရွေးချယ်စရာမရှိတော့ပေ။

အချိန်တော်တော်ကြာအောင်

မသုံးဘဲထားသော ဓားနယ်မြေကို

ချက်ချင်းအသက်သွင်းလိုက်ပါတော့သ

ည်။

May Be:

၂၁၉၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၉၀ - သွေးယဇ်ပူဇော်ခြင်း

(ပေးဆပ်ရတာထိုက်တန်ရဲ့လား)

ဓားနယ်မြေ....

သူသည် ဓားနယ်မြေကို
အချိန်တော်တော်ကြာသည်ထိ
မေ့လျော့ထားခဲ့သည်။
(မေ့ပစ်တာမဟုတ်ပါဘူး၊မသုံးဘဲဓားသ
က်သက်ပဲသုံးတာကိုပြောတာပါ)

ဓားနယ်မြေက
အသုံးမဝင်လို့တော့မဟုတ်ပါ။ သူသည်

ဓားနယ်မြေ၏

နက်နဲသောသဘောတရားကို

ဆုပ်ကိုင်ထားခြင်းမရှိလို့သာ။ ထို့အပြင်

အနှောင်အဖွဲ့ကင်းမဲ့သူ နှင့် လီတိုင်ဘော

တို့စကားဝိုင်းမှ စကားများကြောင့်

ဓားနယ်မြေကို

ယာယီမေ့ဖျောက်ထားလိုက်သည်။

ဓားနယ်မြေ နှင့်ပတ်သက်၍

သူ၏ဓားစိတ်ဆန္ဒ နှင့် ဓားတာအိုဟာ

နိမ့်ကျလွန်းနေခဲ့သည်။

ဆက်ပြီးနားလည်ဆင်ခြင်းဟာ

လက်လှမ်းမမှီနိုင်သောအရာတစ်ခုကို

လိုချင်တောင့်တနေသလိုပါ။

နောက်ဆုံးတွင် သူသည်

ဓားနယ်မြေကိုမေ့လျော့ထားကာ

ဓားတာအို၏ အနှစ်သာရနှင့်

ဓားစိတ်ဆန္ဒကိုသာ လိုက်စားခဲ့သည်။

ထို့အပြင် သူသည် ဓားနယ်မြေကို

အသုံးမပြုသည့်

အကြောင်းရင်းတစ်ခုတော့ ရှိနေသေး၏။

တိုက်ပွဲအတွင်း ဓားနယ်မြေကို

အသုံးပြုခြင်းသည်

အန္တရာယ်များသောကြောင့်ပင်။ပြိုင်ဖက်

၏ ခွန်အားက သူ့ထက်

ကျော်လွန်နေလျှင် ဓားနယ်မြေဟာ

တန်ပြန်ဖိနှိပ်နိုင်မှာမဟုတ်ချေ။

သူကိုယ်တိုင်ပင်

ပြန်ပြီးပေးဆပ်လိုက်ရပေမည်။

တစ်နည်းအားဖြင့် ဓားနယ်မြေ သည်

အစွန်းနှစ်ဖက်ရှိသော

စွမ်းရည်တစ်ခုဟုဆိုရပါမည်။

သို့သော်လည်း ဤအခိုက်အတန့်တွင်

သူသည် ဓားနယ်မြေကို

အသက်သွင်းဖို့သာရွေးချယ်ရတော့သည်

။ အဓိကကတော့

အခြားရွေးချယ်စရာမရှိတော့လို့ပါ။

ဓားနယ်မြေကို

အသက်သွင်းလိုက်သည်နှင့် တပြိုင်နက်

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းများက ပတ်ဝန်းကျင်ကို

လွှမ်းခြုံသွားခဲ့လေသည်။ ထို့နောက်တွင်

ယန်ယဲ့၏စိတ်အာရုံအသိက

ပတ်ဝန်းကျင်ဆီသို့ ဖြန့်ကျက်သွားသည်။

ဒီအချိန်မှာ  ပုရွက်ဆိတ်များ၏

အသက်ရှူသံကိုပင် ရှင်းရှင်းလင်းလင်း

ခံစားမိနိုင်သည်။

တစ်ချိန်တည်းတွင် ယန်ယဲ့ သည်

တန်ပြန်တိုက်ခိုက်ဖို့

အသင့်ပြင်ထားလိုက်သည်။

ဓားနယ်မြေကို

အသက်သွင်းလိုက်သည်နှင့်

အမှောင်ကောရာဇ်၏ တိုက်ခိုက်မှုဟာ

ချက်ချင်းပင်ဖိနှိပ်ခံလိုက်ရသည်။

တစ်ချိန်တည်းတွင်

သူတို့သုံးယောက်အပေါ်ဖိနှိပ်ထားသော

ဖိအားများဟာ

တဖြည်းဖြည်းပျောက်ကွယ်သွားပါတော့

သည်။

အမှောင်ဧကရာဇ်က

မျက်မှောင်ကြုတ်ကာ

“နယ်မြေစွမ်းအား....

ဘယ်လောက်တောင်

အံ့ဩစရာကောင်းလိုက်လဲ"

ဘမ်း....

ဓားနယ်မြေလွှမ်းခြုံထားသော

အာကာသပြင်ထဲမှ ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာသည်။ ထို့နောက်တွင်
ယန်ယွဲ့ သည် ခေါင်းမော့ကာ
အမှောင်ဧကရာဇ်ကို
စိုက်ကြည့်လိုက်သည်။

ဤအချိန်တွင် ဓားနယ်မြေ က
အမှောင်ဧကရာဇ်၏ စွမ်းအင်ကို
ချေဖျက်ပစ်လိုက်သည်။

ခဏအကြာတွင် ယန်ယဲ့ သည်
ဖျတ်ခနဲပျောက်ကွယ်သွားပြီး
အမှောင်ဇကရာဇ်ရှေ့မှာ
ပြန်ပေါ်လာခဲ့သည်။

တစ်ချိန်တည်းမှာပဲ အမှောင်ဇကရာဇ်၏
နဖူးရှေ့၌ အေးစက်စက်
အလင်းတန်းတစ်ခု လက်လာသည်။

ယန်ယဲ့၏ သစ်သားဓားက

လျှပ်စီးလက်သကဲ့သို့

ထိုးသွင်းလိုက်သည်။

အမှောင်ဧကရာဇ်က တုန်လှုပ်မသွားဘဲ

သူ၏လက်ကို

ရုတ်တရက်ဆန့်ထုတ်လိုက်သည်။

လက်ဝါးအလယ်မှ အေးစက်သော

အလင်းတန်းများ လင်းလက်သွားသည်။

ဘုန်း...

ဓားနှင့် လက်ဝါး ရိုက်ချလိုက်သည်နှင့်
တပြိုင်နက် နှစ်ယောက်စလုံး
နောက်ပြန်ဆုတ်သွားကြသည်။ ယန်ယဲ့
သည် ဓားနယ်မြေကို
အသက်သွင်းထားသောကြောင့် မီတာ ၃၀
လောက်သာဆုတ်သွားရသည်။
အမှောင်ဧကရာဇ် ကတော့ မီတာ ၁၅၀
လောက်အထိ ဆုတ်သွားခဲ့သည်။

ပထမဆုံးတိုက်ခိုက်ရာတွင် ယန်ယဲ့သည်

အသာစီးရယူနိုင်ခဲ့သည်။ သို့သော်

သူသည်

ဓားနယ်မြေကို အသုံးပြုထားလို့ပါ။

ဤအခိုက်အတန့်တွင်

ယန်ယဲ့၏ခေါင်းထက်မှ

နဂိုအနက်ရောင်ဆံပင်များဟာ

နှင်းဖြူရောင်သမ်းနေခဲ့သည်။

ဓားနယ်မြေကို

အတင်းအကြပ်ထုတ်သုံးလိုက်သဖြင့်

သူပြန်ပေးဆပ်ရသော တန်ကြေးပါ။

ဘဝသက်တမ်း....

လူတစ်ယောက်ဟာ

အကန့်အသတ်ထက်ကျော်လွန်သော

အင်အားကိုထုတ်သုံးလျှင်

ကြီးမားသောတန်ကြေးတစ်ခုပေးဆပ်ရမ

ည်မှာသဘာဝပါ။

အမှောင်ဧကရာဇ် က ယန်ယဲ့ကို

စိုက်ကြည့်ရင်း

တဟားဟားရယ်မောလိုက်သည်

"နယ်မြေစွမ်းအားတစ်ခုက

မျှော်လင့်ထားသလိုပဲ။

ဘယ်လိုစိတ်ဆန္ဒထက်မဆို

ပိုပြီးအားကောင်းတယ်။

ကံမကောင်းစွာပဲ၊ မင်းက ငါ့ထက်စာရင်

အားနည်းလွန်းတယ်။ ဒီတော့

မင်းဘာမှမတတ်နိုင်ပါဘူး"

စကားပြောပြီးသည်နှင့်

သူ့လက်ချောင်းကို ရှေ့ဆန့်ကာ

ယန်ယွဲ့ရပ်နေသောနေရာကို

ပုတ်လိုက်သည်။

ခွမ်း...

အမှောင်ကြေရာဇ်၏ လက်ချောင်းထိပ်မှ

အေးစက်စက် အလင်းတန်းတစ်ခု ရှေ့သို့

ပြေးထွက်လာသည်။

လျှပ်စီးလက်သကဲ့သို့ မြန်ဆန်လှသည်။

ယန်ယွဲ့ ပင်လျှင် အလင်းတန်းကို

ရှင်းရှင်းလင်းလင်း မမြင်လိုက်ပေ။

သို့သော်လည်း သူ့ရှေ့ မီတာ ၃၀

အကွာကိုရောက်လာသည်နှင့်

အလင်းတန်းက

ရုတ်တရက်နွေးကွေးသွားသည်။

အေးစက်စက်အလင်းတန်းဟာ

လိပ်တစ်ကောင်

တွားသွားနေသလိုပင်ထင်ရလေသည်။

ဖိနှိပ်ခြင်း....

ဓားနယ်မြေ သည် အရာခပ်သိမ်းကို ဖိနှိပ်ထားနိုင်သည်။

ဤမြင်ကွင်းကြောင့် အမှောင်ကောရာဇ်၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းလာသည်။ ထို့အပြင် သိသိသာသာလေးနက်သော အရိပ်အယောင်များပင် ရှိနေခဲ့သည်။

ယန်ယဲ့ သည် သူ၏တိုက်ခိုက်မှုကို
ထိုကဲ့သို့ချေဖျက်ပစ်လိမ့်မည်ဟု
မမျှော်လင့်ထားခဲ့ပေ။

ဤအချိန်တွင် ယန်ယဲ့ သည်
အသက်ပြင်းပြင်းရှူပြီး
အမှောင်ဧကရာဇ်ကို
စိုက်ကြည့်လိုက်ပြီးနောက် နေရာတွင်ပင်
ဖျတ်ခနဲပျောက်ကွယ်သွားခဲ့သည်။

သူသည် မဟာပေါ်တယ်နည်းစနစ် နှင့်
ဒုတိယဓားချက်ကို အကန့်အသတ်ထိ
ပေါင်းစပ်လိုက်သည်။

ထို့အပြင် ဓားနယ်မြေဖြင့်ပါ
ထပ်မံပေါင်းစပ်လိုက်၏။

သို့သော်လည်း ဒုတိယဓားချက်ကို
ထုတ်ဖော်လိုက်သည်နှင့်

ယန်ယဲ့၏ခေါင်းထက်မှ ဆံပင်များဟာ
နှင်းဖြူရောင်ပြောင်းသွားခဲ့သည်။

ယန်ယဲ့၏ ဒုတိယစားချက်ကို
မြင်သောအခါ အမှောင်ဧကရာဇ်ပင်လျှင်
အနည်းငယ်မျက်နှာပျက်သွားခဲ့သည်။

သူက အန္တရာယ်ကို
ကောက်းကောင်းကြီးခံစားလိုက်ရလို့ပါ။

ဤအချိန်တွင် အမှောင်ဧကရာဇ် က

တုံ့ဆိုင်းမနေဘဲ

သူ၏လက်နှစ်ဖက်ကိုဆန့်ထုတ်ပြီး

"ကာကွယ်စမ်း...."

ထို့နောက်တွင် သူ၏နောက်ကွယ်မှ

အနက်ရောင်စွမ်းအင်တိုင်လုံးကြီးတစ်ခု

ပေါ်လာသည်။ ၎င်းက

ယန်ယဲ့၏သစ်သားဓားကို

တည့်တည့်ထောင်းချလိုက်သည်။

အုန်း...

ကျယ်လောင်သော ပေါက်ကွဲသံကြီး

ထွက်ပေါ်လာပြီးနောက် ၎င်းအနီးရှိ

မီတာရာချီကျယ်သော အာကာသပြင်ဟာ

ချက်ချင်း

ပြိုကျခဲ့သည်။ ထို့အပြင်

အာကာသအက်ကြောင်းများ

အဆက်မပြတ် ပြန့်လာခဲ့သည်။

သို့သော် ယန်ယဲ့ နှင့် အမှောင်ဧကရာဇ် က

နေရာမှာပင် မလှုပ်မယှက်

ရပ်နေခဲ့ကြသည် ။

ယန်ယဲ့၏ သစ်သားဓားက

အနက်ရောင်ဝဲကတော့ကြီးကို

ထိုးသွင်းထားဆဲပါ။

ယန်ယဲ့က ညာဖက်လက်ကို

ရုတ်တရက်ဆန့်ထုတ်ကာ

သစ်သားဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်ပြီး လှည့်ချလိုက်သည်။

ဘုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး

အမှောင်ကေရာဇ်၏ပုံရိပ်က ၁

ကီလိုမီတာအကွာသို့ လွင့်ပျံသွားခဲ့သည်။

အမှောင်ဧကရာဇ်ကို

ဖိနှိပ်နိုင်လိုက်သော်လည်း ယန်ယဲ့၏

ခေါင်းထက်ရှိ ဆံပင်များဟာ

နှင်းခဲတုံးကြီးလိုပင်ဖြစ်သွားခဲ့လေပြီ။

သူသည် ဓားနယ်မြေကို အတင်းအကြပ်

အသက်သွင်းထားသောကြောင့်ပါ။

အမှောင်ဧကရာဇ်၏ ခွန်အားက သူ့ထက်

အဆင့်ကြီးနှစ်ဆင့်ပင်မကပေ။

ထို့အတွက် ဓားနယ်မြေကို
အသက်သွင်းထားသော်လည်း
တစ်ကြိမ်တိုက်ခိုက်လိုက်တိုင်း
သ်က်တမ်းအပိုင်းအခြားတစ်ခုစီ
ကုန်ဆုံးနေခဲ့သည်။

ဒီအတိုင်း ဆက်သွားနေလို့တော့မရဘူး။

ယန်ယဲ့ က စိတ်ပိုင်းဖြတ်ထားပုံဖြင့်
ပြောလိုက်သည်။

ဤ၍တစ်ကြိမ်မှာ သူ၏ပြိုင်ဖက်က

အချိန်ဆွဲတိုက်ခိုက်သင့်သောလူမျိုး

မဟုတ်ချေ။ မတတ်နိုင်လို့ပါ။

အမှောင်ဧကရာဇ် က ယန်ယဲ့ ကို

လှည့်ကြည့်ကာ “ငါ

နှစ်ပေါင်းထောင်နဲ့ချီပြီးနေလာတာကြာပြီ

။ ဒီနှစ်တွေမှာ မရေမတွက်နိုင်တဲ့

ညာဏ်ကြီးရှင်တွေနဲ့

ခဏခဏကြုံတွေ့ခဲ့တယ်။

တစ်စုံတစ်ယောက်က ငါ့ကို

အဆင့်ကျော်တိုက်ခိုက်နိုင်ရယ်လို့

တစ်ခါမှ မကြုံဖူးဘူး။

ပြောစရာတောင်မလိုပါဘူး၊ ငါတောင်

တကယ်ကိုအံ့သြသွားတယ်"

စကားပြောပြီးနောက် သူ့လက်ကိုဆန့်ပြီး

ပေါ့ပေါ့ပါးပါး ဝှေ့ယမ်းလိုက်သည် ။

ထိုခဏလေးမှာပဲ ယန်ယဲ့၏

ပတ်ပတ်လည်ရှိ အာကာသပြင်သည်

လှိုင်းတွန့်များထလာသည်။

"ဖိနှိပ်လိုက်စမ်း...." ဤအချိန်တွင်

ယန်ယဲ့၏ အေးစက်စက်အသံ

ပဲ့တင်ထပ်လာပြီးနောက်

လှိုင်းတွန့်များထနေသော

အာကာသပြင်သည် တဖြည်းဖြည်း

ငြိမ်သက်သွားသည်။

"ပြန်လာခြင်း...." အမှောင်ကောရာဇ် က လက်နှစ်ဖက်ကို ရှေ့ဆန့်ကာ အေးစက်စက်အော်ဟစ်လိုက်သည်။

ထိုခဏလေးမှာပဲ ငြိမ်သက်သွားသည့် အာကာသပြင်ဟာ ရုတ်တရက် တုန်ခါလာသည်။ တစ်ချိန်တည်းမှာပင် ထိုနေရာမှ ကြောက်မက်ဖွယ်ရာ စွမ်းအင်လှိုင်းများ ရုတ်တရက်

ထွက်ပေါ်လာသည်။

အောက်ဖက်မြေပြင်သည်

တဝုန်းဝုန်းတုန်ခါလာပြီး အဆုံးမရှိ

ပြိုကျသွားသည်။

ယန်ယဲ့၏မျက်လုံးထဲမှ ဆိုးရွားသော

အလင်းတန်းတစ်ခု လင်းလက်လာပြီး

ညာခြေကို မြှောက်ကာ

ဆောင့်ချလိုက်သည်

“ဖျက်ဆီးလိုက်စမ်း....”

ဘောင်း...

ထိုစကားသံ နှင့်အတူ

မီတာရာချီကျယ်သော အာကာသပြင်မှ

ပျက်သုဉ်းခြင်းအငွေ့အသက်များ

ပျံ့လွင့်လာကာ ပြိုကျသွားခဲ့သည်။

မီတာရာချီသော အာကာသပြင်ဟာ

ရောမအာကာသတွင်းနက်ကြီးအဖြစ်

ပြောင်းလဲသွားခဲ့သည်။ သို့သော်

နှစ်ယောက်စလုံးကို

ထိခိုက်စေနိုင်ခြင်းမရှိပေ။

ခဏအကြာတွင်တော့ ပတ်ဝန်းကျင်သည်

ပုံမှန်အတိုင်း ပြန်ဖြစ်သွားခဲ့သည်။

အမှောင်ဧကရာဇ်က မတိုက်ခိုက်သေးဘဲ

ယန်ယွဲ့ကို စိုက်ကြည့်နေသည်။ ထို့နောက်

သူ၏ညာဖက်လက်သီးကို ဆုပ်ပြီး

ယန်ယွဲ့ကို ဆတ်ခနဲထိုးချလိုက်သည်။

ဆူး....

စွမ်းအင်လက်သီးတစ်လုံးက ရှေ့သို့

တောက်လျှောက်

ပြေးထွက်လာပြီးယန်ယွဲ့၏မျက်နှာတည့်

တည့်ဝင်လာခဲ့သည်။

စွမ်းအင်လက်သီး ဖြတ်သွားရာ

အာကာသပြင်ဟာ ချက်ချင်းပင်

တွန့်လိမ့်သွားသည်။

သို့သော်လည်း စွမ်းအင်လက်သီးက

တဖြည်းဖြည်းနှင့် နှေးကွေးလာသည်။

ယန်ယဲ့ ရှေ့ ၃

မီတာအကွာသို့ရောက်လာသည်နှင့်

တွားသွားနေသော လိပ်တစ်ကောင်

ကဲ့သို့ပင်။

ယန်ယဲ့က အမှောင်ကေရာဇ် ကို
တည့်တည့်စိုက် ကြည့်ကာ
"ဖြိုခွဲလိုက်စမ်း...."

သူပြောလိုက်သည်နှင့် တပြိုင်နက်
အာကာသပြင်သည် ပြင်းထန်စွာ
တုန်ခါသွားသည်။ ထို့နောက်
စွမ်းအင်လက်သီးက အပိုင်းပိုင်း
ကွဲထွက်သွားသည်။ တစ်ခါမှ
ပေါ်မလာဖူးသလိုပင်။

ဤအချိန်တွင် ယန်ယဲ့၏ခေါင်းထက်မှ
ဆံပင်များဟာ
လုံးဝကိုဖြူဖွေးနေခဲ့သည်။ သို့မဟုတ်
နှင်းခဲကြီးခေါင်းပေါ်တင်ထားသကဲ့သို့ပင်
။

အမှောင်ဧကရာဇ်က ယန်ယဲ့ကို
အချိန်အကြာကြီး စိုက်ကြည့်ရင်း "ဒါဟာ
ထူးဆန်းပြီး အံ့သြစရာကောင်းတဲ့

စွမ်းအားကို ငါ ပထမဆုံးအကြိမ်

မြင်ဖူးတာဘဲ။ မင်းမှာ ဓားနယ်မြေ

ရှိနေတော့

တကယ်ကိုပြိုင်ဖက်ကင်းဖြစ်နေတယ်။

ကံမကောင်းစွာပဲ၊ ဒါဟာ

မတည်မငြိမ်မဖြစ်နေတဲ့

စွမ်းရည်လေးတွေပါပဲ။ မင်းဟာ

ဒါတွေကို

နက်နက်နဲနဲမကျွမ်းကျင်သေးဘူးဆိုတာ

သေချာပါတယ်။ ဒါ့အပြင် အခုလက်ရှိ မင်းပုံစံကိုကြည့်ရင် အတင်းအကြပ်လုပ်ယူနေတာသိသာတယ်။ ငါ့အထင် မင်းက တန်ပြန်ဆိုးကျိုးကိုခံစားနေရတာမဟုတ်လား”

ယန်ယဲ့ သည် အမှောင်ဧကရာဇ် ကို ဂရုမစိုက်ဘဲ လစ်လျူရှုထားသည်။ သူသည် သွေးကေရီနှင့် အမှောင်ဧကရီကို

လှည့်ကြည့်ကာ ပြောလိုက်၏

"မင်းတို့နှစ်ယောက်လုံး

ထွက်သွားသင့်ပြီ"

အမှောင်ဧကရာဇ် ပြောသည့်အတိုင်း

အမှန်ဖြစ်နေတာပါ။ လက်ရှိသူ့ခွန်အားက

ပြင်ပကနေ ငှားယူထားသောကြောင့်ပင်။

သို့တိုင်

အမှောင်ကောရာဇ်ကို

ဘာမှလုပ်နိုင်စွမ်းမရှိခဲ့ပေ။

အမှောင်ကောရာဇ် က ရှောင်စီးယောင်

ကဲ့သို့အစွမ်းထက်ကျင့်ကြံသူ

မဟုတ်သော်လည်း ထင်သလောက်တော့

အားမနည်းချေ။

အနည်းဆုံးတော့ အခုလက်ရှိ သူ့ထက်

အများကြီး ပိုသန်မာပါသည်။

အတိုချုပ်ပြောရလျှင် ယန်ယဲ့ သည်
အမှောင်ဧကရာဇ် ကို
ဘာမှမတတ်နိုင်ခဲ့ပေ။
လက်ရှိအခြေအနေအရ
အမှောင်ဧကရာဇ် ကလည်း သူ့ကို
ဘာမှမလုပ်နိုင်ပါ။

ဤအတောအတွင်း သွေးဧကရီ နှင့်
အမှောင်ဧကရီ ဟာ ယန်ယဲ့အား
စကားပြန်မပြောဘဲ

အချိန်အနည်းငယ်ကြာအောင်

တိတ်တိတ်နေခဲ့ကြသည်။ သွေးကောရီက

အမျောင်ကောရီ၏ လက်ကို ရုတ်တရက်

ဆုပ်ကိုင်လိုက်ပါသည်။

ကျန်လက်တစ်ဖက်က

သူမ၏လည်ချောင်းကို

ဖမ်းဆုပ်ထားလေသည်။

ဤရုတ်တရက်မြင်ကွင်းက ယန်ယဲ့ နှင့်
အမှောင်ဧကရာဇ် ကိုပင်
အံ့အားသင့်သွားစေသည်။

သူမဘာလုပ်နေတာလဲ။

ဤအခိုက်အတန့်တွင် သွေးကေရီ၏
လက်ချောင်းများက
သူမ၏လည်ချောင်းကိုပြန်ထိုးစိုက်နေပုံရ
ပြီး သွေးများပန်းထွက်လာခဲ့သည်။

မမျှော်လင့်ထားသော

အခြေအနေတစ်ခုအား မြင်လိုက်သလိုဘဲ

ယန်ယွဲ့၏အမူအရာက

သိသိသာသာပင်ပြောင်းလဲသွားသည်။

ယန်ယွဲ့ က ကမန်းကတန်း

အော်ပြောလိုက်သည် "ဒုတိယအစ်မ၊

ရပ်လိုက်။ မင်း ဘာလုပ်နေတာလဲ"

သွေးကောရီ က စကားပြန်မလာပေ။

သူမ၏လည်ချောင်းမှ သွေးများ

ပန်းထွက်လာနေဆဲပါ။

ဤအချိန်တွင် အမှောင်ကောရီ၏

မျက်လုံးအစုံမှ မျက်ရည်များ

စီးကျလာသည်။

ယန်ယဲ့ က ဤမြင်ကွင်းကို

ကြောင်အမ်းအမ်းကြည့်နေစဉ်

အမှောင်ဧကရီ က

အနည်းငယ်ခေါင်းညိတ်ပြီး

သွေးဧကရီ၏လက်ကို

လွှတ်ပေးလိုက်သည်။

ထို့နောက်တွင် သွေးဧကရီ နှင့်

အမှောင်ဧကရီ က ယန်ယဲ့ရှေ့မှာ

ရုတ်တရက် ပေါ်လာခဲ့ကြသည်။

သွေးကေရီ က လက်တစ်ဖက်ကိုဆန့်ကာ

ယန်ယွဲ့၏ခေါင်းကို ပွတ်သပ်ရင်း

“ကောင်းကောင်းအသက်ရှင်နေပါ”

ယန်ယွဲ့ သည်

တစ်ခုခုပြောချင်နေသေး၏။

သို့သော်လည်း အမှောင်ကေရီ ထံမှ

စွမ်းအင်ကြိုးတစ်ချောင်း

ရုတ်တရက်ထွက်ပေါ်လာပြီး

သူ့အသိစိတ်ထဲကို ဝင်လာသည်။

သူသည်

အနည်းငယ်သတိလွတ်နေသဖြင့်

ဘာမှမတတ်နိုင်တော့ဘဲ ချက်ချင်း

သတိလစ်သွားခဲ့သည်။

အမှောင်ကောရီ က သွေးကောရီ ကို

စူးစိုက်ကြည့်နေခဲ့သည်။

စကားတစ်ခွန်းမှ မပြောသော်လည်း

သူမ၏မျက်လုံးအစုံမှ

မျက်ရည်ပုလဲလုံးများ အဆက်မပြတ်
စီးကျနေခဲ့သည်။

သွေးကော်ရီက ရုတ်တရက်
ပြောလိုက်သည် "ခေါ်သွားတော့...."

ထိုစကားပြောပြီးသည်နှင့်
သူမ၏ပတ်ပတ်လည်မှ
သွေးစွမ်းအင်လှိုင်းများ
တဖျပ်ဖျပ်ခတ်လာသည်။

အမှောင်ကောရီ က သွေးကောရီကို
အချိန်အတော်ကြာ စိုက်ကြည့်နေသည်။
ထို့နောက် ချာခနဲလှည့်ကြည့်ကာ
ယန်ယဲ့ကိုပွေ့ချီထားလျက်
ကောင်းကင်ထက်သို့
ပျောက်ကွယ်သွားခဲ့သည်။

အမှောင်ဧကေရာဇ် က

တိုက်ခိုက်လာခြင်းမရှိပေ။

အမှောင်ဧကေရီ နှင့် ယန်ယဲ့အား

စိုက်ကြည့်နေပြီးနောက် သွေးဧကေရီ ကို

စိုက်ကြည့်ကာ “လာပါ။ မင်းငါ့ကို

ဘယ်လိုတားမလဲဆိုတာ ကြည့်ရအောင်"

သွေးဧကေရီ က အသက်ပြင်းပြင်းရှူရင်း

ရှေ့သို့ တိုးလာပြီးနောက် ပတ်ဝန်းကျင်၌

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းများ ပေါ်လာသည်။

သွေးနယ်မြေ....

"မင်းမှာလည်း

နယ်မြေစွမ်းအားတစ်ခုရှိနေတာလား။

ဒါပေမဲ့... အဲဒါက စစ်မှန်တဲ့နယ်မြေတော့

မဟုတ်ဘူး။ ဒါဟာ တချို့

ရှုထောင့်တွေမှာ

နက်နက်နဲနဲနားလည်ထားလို့

ပုံတူပွားထားတဲ့

အတုအယောင်နယ်မြေစွမ်းအားတစ်ခုပဲ။

ဒါပေမယ်လို့ အရမ်းရှားပါတယ်”

ဤအချိန်တွင် သွေးကေရိက

အသက်ပြင်းပြင်းရှူလိုက်ပြီး

မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်

"ငါ့ခန္ဓာကိုယ်၊ ငါ့သွေးသားနဲ့
ကောင်းကင်ဘုံကိုယဇ်ပူဇော်တယ်"

ထိုစကားပြောပြီးသည်နှင့်တစ်ပြိုင်နက်
သူမ၏ခန္ဓာကိုယ်ထဲမှ
ကြောက်မက်ဖွယ်ရာစွမ်းအားများ
ပေါက်ကွဲထွက်လာပါတော့သည်။
တစ်ချိန်တည်းတွင်
သွေးကေရီ၏ခန္ဓာကိုယ်က ရုတ်တရက်
ပြန့်ကားလာသည်။

အမှောင်ကောရာဇ်၏ အမူအရာက

သိသိသာသာ ပြောင်းလဲသွားသည် “မင်း

ရူးသွားပြီလား။ မင်း

ကိုယ့်ကိုယ်ကိုဖောက်ခွဲနေတာလား။

မင်းဟာ အဲဒီကလေးအတွက်

နှစ်ပေါင်းရာနဲ့ချီကျင့်ကြံလာတာကို

စတေးနေသလား။ ထိုက်တန်ရဲ့လား"

သွေးကေရီ က မျက်လုံးဖွင့်လိုက်ပြီး အမှောင်ကေရာဇ်ကို စိုက်ကြည့်ရင်း ပြန်ပြောခဲ့သည် "သူက ငါ့ကို ဒုတိယအစ်မလို့ခေါ်တယ်"

ဘောင်း...

စကားပြောပြီးသည်နှင့် သွေးကေရီ၏ သွေးခန္ဓာကိုယ်ဟာ ပေါက်ကွဲထွက်သွားလေတော့သည်။

ထိုခဏလေးမှာပဲ

ကီလိုမီတာရာချီကျယ်သော

အာကာသပြင်ဟာ

သေွးပင်လယ်ကြီးအဖြစ်

ပြောင်းလဲသွားလေပြီ။

May Be:

၂၁၉၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၉၁ - ငါက နတ်ဆိုးလမ်းစဉ်ကို

လျှောက်ရရင်တောင်.....

ဂျုန်း...

အထက်အာကာသပြင်ထဲမှကျယ်လောင်

သော ပေါက်ကွဲသံများ

ပဲ့တင်ထပ်နေခဲ့သည်။

၁ နာရီနီးပါးကြာသည်ထိ
ဆက်တိုက်ထွက်ပေါ်နေပြီးနောက်
ပေါက်ကွဲသံများ တဖြည်းဖြည်း
လျော့ကျလာသည်။

နောက် ၁ နာရီခန့်အကြာတွင်တော့
အာကာသပြင်ကို ဖုံးလွှမ်းထားသော
သွေးပင်လယ်ပြင်ကြီးဟာ တဖြည်းဖြည်း
ပြန့်ကျဲလာသည်။ ပတ်ဝန်းကျင်သည်
တဖြည်းဖြည်းနဲ့ ပုံမှန်ပြန်ဖြစ်သွား၏။

ဤအခိုက်အတန့်တွင်
လူတစ်ယောက်သာ ကျန်နေခဲ့သည်။

အမှောင်ကောရာဇ် ပါ။

သို့သော် သူ၏မျက်နှာက
အတော်လေးကို ဆိုးရွားလှသည်။

အဟွတ်...

အမှောင်ဧကရာဇ် က

ချောင်းတစ်ချက်ဆိုးလိုက်ရင်း

ပါးစပ်ထောင့်မှ သွေးများ

စိမ့်ထွက်လာသည်။

ခဏအကြာတွင် သူ၏ညာလက်ကို

ဖြည်းညှင်းစွာ ဆန့်ထုတ်လိုက်သည်။

သူ၏ ညာလက်ထဲ၌ လက်မအရွယ်

သွေးပုလဲတစ်လုံး ရှိနေသည်

"ဉာဏ်အလင်းအဆင့်သွေးပုလဲ ..."

ထို့နောက် ကောင်းကင်ကို မော့ကြည့်ကာ အေးစက်စက်ပြောလိုက်သည် "ယန်ယဲ့၊ မင်း အမြဲတမ်း ကံကောင်းဖို့ မျှော်လင့်တယ်"

ထိုစကားပြောပြီးသည်နှင့် ရှေ့ကို ခြေတစ်လှမ်းတိုးပြီး နေရာမှာပင် ပျောက်သွားခဲ့သည်။

...

ခဏအကြာတွင်တော့ ယန်ယဲ့ သည် သတိပြန်ရလာခဲ့သည်။

ဤအခိုက်အတန့်တွင် သူသည် အနက်ရောင် လှိုဏ်ဂူတစ်လုံးထဲ၌ ရှိနေခဲ့သည်။ သတိရလာသည်နှင့် သူ့ဘေးဖက်ကို လှည့်ကြည့်လိုက်ရာ အမှောင်ဧကရီတစ်ယောက်တည်းသာရှိနေကြောင်းသတိထားမိလိုက်သည်။

အမျှောင်ကေရီ က ရုတ်တရက်
မေးလိုက်သည် "မောင်ငယ်လေး၊
သတိရလာပြီလား"

ယန်ယဲ့ က ခေါင်းကို ခါယမ်းလိုက်ပြီး
"ဒုတိယအစ်မ၊ သူမ
ဘယ်မှာလဲ"ဟုသာပြန်မေးခဲ့သည်။

အမျှောင်ကေရီ က စကားပြန်မဖြေဘဲ

နှုတ်ဆိတ်သွားသည်။

ယန်ယဲ့ သည် စကားထပ်မပြောတော့ပေ။ မတ်တပ်ထရပ်ပြီး အပြင်ဖက်သို့ လျှောက်သွားလိုက်သည်။ ဤအချိန်တွင် အမှောင်ဧကရီ က ရုတ်တရက် ပြောလိုက်သည် "ဘာလဲ။ သူပေးဆပ်လိုက်တာနဲ့ မတန်အောင်

နင့်အသက်ကို အလဟာသ

စွန့်လွှတ်မှာလား"

ယန်ယဲ့ သည် နေရာမှာပဲ ရပ်သွားခဲ့သည်။

အမှောင်ဧကရီ က ယန်ယဲ့ဆီကို

လျှောက်လာကာ "နင်က

အခုလောလောဆယ်မှာ အဲဒီလူနဲ့

မယှဉ်နိုင်ဘူး။ နင့်ရဲ့

ဝှက်ဖဲတွေအားလုံးကို
ထုတ်သုံးရင်တောင် အဓိပ္ပါယ်မဲ့တယ်”

ယန်ယဲ့ သည် မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။
ဤအချိန်မှာသူ၏နှလုံးသားက
နာကျင်နေသော်လည်း အမှောင်ဧကရီ
ပြောသမျှက အကုန်အမှန်တွေချည်းပါ။

ယန်ယဲ့ က ရုတ်တရက်မေးလိုက်သည်

"အလယ်စကြာဝဠာရဲ့

အထွတ်အမြတ်ပညာရှင်တွေထဲမှာ

အစွမ်းထက်ဆုံးက

မူလနတ်ဘုရားအဆင့် ၆

ပဲမဟုတ်ဘူးလား။

အမှောင်ဧကရာဇ်က

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူပါ။

ဒါဆို သူ့ရဲ့ ခွန်အားက ငါတို့ထက်

ဘာကြောင့် ပိုသန်မာရတာလဲ”

အမှောင်ဇကေရီသ

"မူလနတ်ဘုရားအဆင့် ၆ က

လူသားကျင့်ကြံသူတွေရဲ့

အကန့်အသတ်မဟုတ်လို့။

တချို့လူတွေက မူလနတ်ဘုရားအဆင့် ၆

ကို ရောက်တာမဲ့

အကန့်အသတ်တွေကိုချိုးဖျက်နိုင်တယ်။

ဒါကေမယ်လို့ အဆင့်မတက်နိုင်ကြဘူး။

သူတို့အပေါ် ချမှတ်ထားတဲ့

တာအိုစည်းမျဉ်းတွေကို
မဆန်ကျင်နိုင်လို့။ ဒီတော့ ဒီနေရာမှာ
ဉာဏ်အလင်းရဖို့ဆိုတာ
မဖြစ်နိုင်သလောက်ပဲ”

ယန်ယဲ့ က အမှောင်ဧကရီ ကို
စိုက်ကြည့်နေသည်။

သူက ဆက်ပြောဖို့အချက်ပြလိုက်တာပါ။

အမှောင်ဧကေရီ က

ခဏမျှတိတ်ဆိတ်နေပြီးမှ

ဆက်ပြောခဲ့သည် “ကျင့်ကြံတာကလွဲရင်

တခြားနည်းလမ်းတွေနဲ့ သူတို့ကိုယ်သူတို့

တိုးတက်အောင်လုပ်နေတာပဲ။

ဥပမာအနေနဲ့

အာကာသထိန်းချုပ်ခြင်းစွမ်းရည်၊

ဝိညာဉ်စွမ်းအင်ထိန်းချုပ်ခြင်းစွမ်းရည်၊

တာအိုသဘောတရားများဆင်ခြင်နိုင်စွမ်း

၊ ကျင့်ကြံခြင်းစွမ်းအား၊ ဒြပ်စင်(၅)ပါး ထိန်းချုပ်ခြင်းစွမ်းရည်တွေပေါ့...."

သူမက ယန်ယွဲ့ကို စိုက်ကြည့်ကာ ဆက်ပြောပါသည်

“ရှေးဟောင်းကျင့်ကြံသူတွေက သာမန်မှုလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူတွေထက် အများကြီးသန်မာနေတာက သူတို့ရဲ့စွမ်းအင်အမျိုးမျိုးကိုထိန်းချုပ်နို

င်စွမ်းကြောင့်ပဲ။ ဒီအချက်က

သာမန်မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူတွေထက်

ပိုပြီးသန်မာစေတယ်။

အဆင့်တူဆိုရင်တောင်မှ

ရှေးဟောင်းကျင့်ကြံသူတွေကို

ယှဉ်ဖို့မဖြစ်နိုင်သလောက်ပဲ"

ယန်ယဲ့ လည်းငြိမ်သက်သွားသည်။

အမှန်တော့ အားလုံးက

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများချည်းသာ။ သို့ရာတွင်

စွမ်းအားကွာဟချက်ကား

ကောင်းကင်နှင့်မြေကြီးကြား ကွဲသို့ပင်။

အမှောင်ဧကရီ က ဆက်ပြောခဲ့သည်

"တကယ်တော့ အဲဒီလူကို

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူလို့

မခေါ်သင့်ဘူး၊ သူ့ကို

အလင်းသခင်တစ်ပိုင်းအဆင့်

(ကနဦးဉာဏ်အလင်းသခင်) လို့

ခေါ်သင့်တယ်"

ယန်ယဲ့ က မျက်မှောင်ကြုတ်ကာ

“ကနဦးအဆင့်ဉာဏ်အလင်းသခင်လား”

အမှောင်ဧကရီ က အနည်းငယ်

ခေါင်းညိတ်ပြပြီး ဆက်ပြောပါသည်

“ဒါကြောင့် သူက

စစ်မှန်တဲ့ဉာဏ်အလင်းသခင်

မဟုတ်ပေမယ်လို့ သူ့ရဲ့ခွန်အားက

ဉာဏ်အလင်းသခင်တွေကို

ကောင်းကောင်းကြီးယှဉ်နိုင်တယ်။

နင့်အတွက်ပြောရရင် အခုလက်ရှိနင်က

မူလနတ်ဘုရားအဆင့် ၂

ပဲရှိနေသေးတော့

နင်တို့နှစ်ယောက်ကြားက ကွာဟချက်က

မနည်းပါဘူး။ တကယ်လို့ နင့်မှာ

နတ်လက်မက် မျိုးစုံကို

ပိုင်ဆိုင်ထားရင်တောင် သူ့ကို

မသတ်နိုင်သေးဘူး”

အမှောင်ဧကရီ က အနီးအနားရှိ

ကျောက်တုံးပေါ် တက်ထိုင်လိုက်ပြီး

“ဒုတိယအစ်မ ပြောခဲ့တာကို မှတ်မိလား”

ဟု ဆက်ပြောပါသည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ကောင်းကောင်းအသက်ရှင်ပါ။

သွေးကေရီ

နောက်ဆုံးပြောသွားခဲ့သောစကားပင်။

အမှောင်ကေရီ က ယန်ယဲ့ကို

စိုက်ကြည့်ကာ ထပ်ပြောလိုက်သည်

"နင့်ရဲ့စရိုက်ကို ငါသိတယ်။

လက်စားမချေဖို့ တားရင် မဖြစ်နိုင်ဘူး။

ဒါပေမဲ့ လက်စားချေဖို့ မကြိုးစားခင်

နင့်ကိုယ်ပိုင်ခွန်အားကို
ယုံကြည်မှုရှိမှရမယ်လို့ ငါ့ကို
ကတိပေးရမယ်။ ဒုတိယအစ်မ
စတေးပေးခဲ့တဲ့ နင့်အသက်ကို
တမင်သက်သက် စွန့်လို့မရဘူး။
ကြားလား..
"

ယန်ယဲ့က အမှောင်ဧကရီ ဆီသို့
လျှောက်လာပြီး ပြောလိုက်ပါသည်

"တတိယအစ်မ၊ ငါတောင်းပန်ပါတယ်"

အကယ်၍ သူ့ကြောင့်သာမဟုတ်ရင်

သွေးဧကရီ သေမှာမဟုတ်ချေ။

အမှောင်ဧကရီ က ယန်ယဲ့ ကို

မော့ကြည့်ကာ "ငါ

နောက်မှာချန်နေခဲ့ရမယ်လို့

သူမကိုယ်တိုင်ပြောခဲ့တယ်။ ဒါပေမဲ့

သူမဘယ်လိုတုံ့ပြန်လဲဆိုတာ

နင်သေချာပေါက်မြင်ခဲ့မှာပါ။

သူပဲဖြစ်ဖြစ် ငါပဲ ဖြစ်ဖြစ်
ဘယ်သူပဲအရင်သွားသွား ငါတို့ရဲ့
ရွေးချယ်မှုကို ဘယ်တော့မှ နောင်တရမှာ
မဟုတ်ဘူး။ နင်ကတော့
အသက်ရှင်နေရမယ်"

ထိုစကားပြောပြီးသည်နှင့်
မတ်တပ်ထရပ်ပြီး ထွက်ပေါက်ဆီကို
လျှောက်သွားလိုက်သည်။
အပြင်ထွက်ခါနီးတွင်တော့

ခဏရပ်လိုက်ပြီး

"ဒီမှာခဏလောက်အနားယူလိုက်ပါဦး။

ပြီးကျရင် လျှန်ရှမ်း နဲ့

တခြားသူတွေရောက်လာလိမ့်မယ်"ဟု

ပြောလိုက်သည်။

စကားပြောပြီးသည်နှင့်

တစ်လှမ်းချင်းလှမ်းကာ လှိုဏ်ဂူထဲမှ

ထွက်သွားခဲ့သည်။

ယန်ယဲ့ သည် အမှောင်ဇကေရီ
ထွက်သွားသည်ကို အချိန်တော်တော်ကြာ
စိုက်ကြည့်နေပြီးနောက်
တင်ပျဉ်ခွေထိုင်ချလိုက်သည်။

ဤအခိုက်အတန့်တွင် သူ၏အသိစိတ်ကို
မူလစေတီထဲသို့ ပို့လွှတ်ကာ
အထဲဝင်သွားလိုက်သည်။ အထဲ
ဝင်လိုက်သည်နှင့် ချုန်းချီ၊ ဟိုချင်

တို့နှစ်ယောက်စလုံး

သူ့ရှေ့တွင်ပေါ်လာကြသည်။

ယန်ယဲ့ က “မူလစေတီက ဘာကြောင့်

ဒီလိုမျိုး လုပ်ရတာလဲ” ဟု

မေးလိုက်သည်။

ချုန်းချီ က “ဒါက

အားနည်းနေသေးတဲ့အတွက်

ဒီလောက်သန်မာတဲ့လူတွေက သူ့ကို

သတိမထားမိအောင်လုပ်နေတာပါ။

အမှောင်ဧကရာဇ်ဆိုတဲ့လူ

နဲ့ပတ်သက်ရင်တော့ သူ့ခွန်အားက

ဒီလောကရဲ့အကန့်အသတ်ကိုရောက်နေ

ပြီ။ ဒီတော့ ငါတို့ကိုယ်တိုင်လည်း

မပြုရဲတော့ဘူး။ မင်းမှာ ဒီလောက်

အဖိုးတန်တဲ့ နတ်ဘုရားရတနာ ရှိမှန်း

သူတို့ သိလိုက်တာနဲ့

မင်းတော့သေချာပေါက် ငရဲရောက်ပြီပဲ”

ချုန်းချီ ပြောသည့်စကားက

သဘာဝကျသဖြင့် ယန်ယွဲ့ လည်း

ခေါင်းညိတ်လိုက်သည်။မူလစေတီ

အကြောင်းကို ဖော်ထုတ်ခံလိုက်ရသည်

နှင့်တစ်ပြိုင်နက် ညဏ်အလင်းသခင်

တစ်ဦးတည်းကိုသာ ရင်ဆိုင်ရတော့မည်

မဟုတ်ချေ။

ဤအချိန်တွင် ဟိုချင် က ရုတ်တရက်

မေးလိုက်သည် "ကလေး၊ မင်း အခု

ဘယ်လောက် အားနည်းနေပြီလဲဆိုတာ

သိသွားပြီလား"

ယန်ယဲ့ က ဟိုချင် ကို

စိုက်ကြည့်လိုက်သည်။ ဟိုချင် က

ဆက်ပြောခဲ့သည် "ကလေး၊

ဒီလောကဟာ မင်းထင်ထားတာထက်

အများကြီး ပိုကျယ်တယ်။ ငါတို့က

မင်းထက်အများကြီးအသက်ကြီးတယ်၊

ဒါကြောင့် အရာရာတိုင်းကို

မင်းထက်ပိုမြင်တတ်တာသဘာဝပဲ။

ပွင့်ပွင့်လင်းလင်းပြောရရင်

မင်းရဲ့လက်ရှိခွန်အားက တကယ်ကို

အားနည်းလွန်းတယ်။ ငါတို့ရဲ့

ပင်မခန္ဓာကိုယ်တွေသာ ဒီမှာရှိနေရင်

မင်းကိုသတ်ဖို့က

သုံးခါတောင်လှုပ်ရှားစရာမလိုဘူး”

ယန်ယဲ့ က ပြန်မေးလိုက်သည်

"အကြီးအကဲဟို၊ ဘာပြောဖို့ ကြိုးစားနေတာလဲ"

ဟိုချင် က ခေါင်းခါလိုက်သည်

"ဒီလောက်

ညက်တုံးချင်ယောင်မဆောင်နဲ့။

မင်းရဲ့ခွန်အားကို မြှင့်တင်ပါ"

ယန်ယဲ့ သည်

ဘာပြန်ပြောရမှန်းမသိတော့ပေ။

ဟိုချင် က ဆက်ပြောလိုက်သည်

"ကလေး၊ ငါနောက်နေတာမဟုတ်ဘူး။

ငါတွေ့ဖူးတဲ့ လူတွေထဲမှာ အများစုက

ကိုယ်ပိုင်ခွန်အားကိုပဲ အားကိုးကြတယ်။

ပြင်ကအရင်းအမြစ်တွေကို

သိပ်ပြီးဂရုမစိုက်ကြဘူး။ မင်းသာ

လောကသုံးပါးကိုရောက်သွားရင်

ဒီနတ်ဘုရားရတနာက

ဘယ်လောက်ကြောက်စရူကောင်းတယ်

ဆိုတာ သဘောပေါက်သွားလိမ့်မယ်။

ဒါ့အပြင် မင်းရဲ့ သစ်သားဓားကလည်း

နတ်ဘုရားရတနာပဲ။ ချိတ်ပိတ်မထားရင်

ဘယ်လောက်ကြောက်စရာကောင်းလဲ

သိလား"

ယန်ယွဲ့က သစ်သားဓားကို

တစ်ချက်ကြည့်လိုက်ပြီး "ပြောပါ"

ဟိုချင် က ဆက်ပြောသည်

"လောကသုံးပါးရဲ့

ကြယ်တာရာစွမ်းအင်တွေကို

စုစည်းနိုင်တယ်၊ အရာခပ်သိမ်းရဲ့

စိတ်ဝိညာဉ်တွေကို ပေါင်းစပ်ပြီး

လောကသုံးပါးကို တစ်ချက်တည်းနဲ့

ဖျက်ဆီးပစ်နိုင်တယ်။မှန်တယ်၊

အနန္တတန်ခိုးရှင်တစ်ပါးရဲ့

လက်ထဲမှာလည်း ရှိရမယ်။ မင်းအတွက်၊

အဲဒါက ချိတ်ပိတ်ထားရင်တောင်မှ

ဓားတစ်ချက်ယမ်းလိုက်ရုံနဲ့

တိုက်ကြီးတစ်ခုလုံးကို

ဖျက်ဆီးပစ်နိုင်တုန်းပဲ"

ချုန်းချီ က ရုတ်တရက်ပြောခဲ့သည်

“ကလေး၊ မင်းက

အဆင့်နိမ့်ကျင့်ကြံသူတွေနဲ့ပဲ

ထိတွေ့ဖူးတာ။

စစ်မှန်တဲ့ကျင့်ကြံသူတွေဆိုတာ

အရမ်းကြောက်စရာကောင်းတယ်။

ကောင်းကင်ဘုံကို ချေမှုန်းနိုင်တယ်၊

ပင်လယ်သမုဒ္ဒရာတွေကို

ပြောင်းပြန်လှန်ပစ်နိုင်တဲ့

အနန္တတန်ခိုးရှင်တွေက လောကသုံးပါးမှာ

ခွေးတွေလို အများကြီးပဲ”

သူက ခဏလောက်ရပ်ပြီး

“ငါမင်းကိုပြောနေတာ

အကြောင်းရင်းရှိတယ်။ မကြာခင်မှာ

မင်းက

လောကသုံးပါးကိုတက်တော့မှာမဟုတ်

ဘူးလား။ ဒါကြောင့်

ကြိုပြောထားရမယ်။ ဒါ့ပြင်

တာအိုဝတ်ရုံအဘိုးအိုက မင်းရဲ့

အဆင့်အတန်းကို သူ့တပည့်အဖြစ်

တရားဝင် လူသိရှင်ကြား

အသိအမှတ်မပြုရသေးဘူး။ ဒါကြောင့်

ကိုယ့်ကိုယ်ကိုနှိမ့်ချနေတာက

အကောင်းဆုံးပဲ”

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

“အခုအချိန်မှာ  လောကသုံးပါးကို

အာရုံမစိုက်ချင်သေးဘူး။

အမျောင်ကေရာဇ်၊ ဟုတ်တယ်...

ငါအဲဒီလူကို သတ်ပစ်ချင်နေတာ။

မဟုတ်ဘူး၊ အမျောင်ခန်းမတစ်ခုလုံးကို

ဖျက်ဆီးပစ်ချင်တယ်"

ချန်းချီ က "အဲဒီလူက
မင်းအခုရင်ဆိုင်နိုင်တဲ့လူမဟုတ်ဘူး"

ယန်ယဲ့ က ချန်းချီ ကိုကြည့်ပြီး
"ဒုတိယအစ်မကိုယ်စား လက်စားချေလို့
မရရင် ငါက ခွေးထက်
ပိုမိုက်တာဖြစ်သွားမှာပေါ့"

ချန်းချီ က "ဒါဆို မင်းဘာလိုချင်လဲ"

ယန်ယဲ့ သည် သစ်သားဓားကို

ငုံ့ကြည့်ကာ

"ပိုပြီးအားကောင်းလာဖို့ပဲ"ဟုပြောလိုက်

ပါသည်။

သူသည် ချုန်းချီနှင့် ဟိုချင်

ကိုစိုက်ကြည့်ကာ ဆက်ပြောလိုက်သည်

"မင်းတို့နှစ်ယောက်လုံးက

လောကသုံးပါးက ဆင်းလာကြတာ။

မင်းတို့ရဲ့ ပင်မခန္ဓာကိုယ်နဲ့

အစစ်အမှန်ခွန်အားတွေက

အမှောင်ဧကရာဇ် ထက်

သေချာပေါက်သန်မာတယ်ဆိုတာ

ငါသိပါတယ်။ ဒါဆို

မင်းတို့နှစ်ယောက်က အရာရာကို ငါ့ထက်

ပိုသိတယ်၊ ငါ့ကို ပိုသန်မာလာစေမယ့်

နည်းလမ်းတွေကို

သေချာပေါက်သိထားတယ်မဟုတ်လား"

ချုန်းချီနှင့် ဟိုချင်က

အကြည့်ချင်းဖလှယ်ကြသည်။

ခဏအကြာတွင်တော့ ဟိုချင်က

ရုတ်တရက်ပြောခဲ့သည် "ကလေး၊ မင်း

သန်မာလာဖို့အတွက် နည်းလမ်း

(၂)ခုရှိတယ်။ ပထမနည်းလမ်းက မင်းကို

ရှာမန်မျိုးနွယ်ရဲ့

အဆင့်မြင့်နည်းစနစ်တွေ

လွှဲပြောင်းပေးတာ။ ဒါဟာ

လူတစ်ယောက်ရဲ့ အလားအလာကို

လှုံ့ဆော်ပေးနိုင်တယ်။ အတားအဆီးကို

ယာယီလစ်လျူရှုထားပြီးတော့

မူလနတ်ဘုရားအဆင့် ၆ ကို

ချိုးဖျက်နိုင်တယ်။ ဒါပေမဲ့ မင်းဟာ

တစ်သက်တာလုံး မူလနတ်ဘုရားအဆင့်

၆ မှာပဲရပ်တန့်နေတော့မယ်။

ခြွင်းချက်အနေနဲ့တော့ မင်းရဲ့ဆရာ

တာအိုဝတ်ရုံအဘိုးအို လို

စွမ်းအားရှင်တစ်ယောက်က

မင်းရဲ့အခြေခံအုတ်မြစ်နဲ့

ခန္ဓာကိုယ်သွေးကြောတွေကို

ပြန်ပြီးတည်ဆောက်ပေးနိုင်မှာပဲ။

ဒါပေမဲ့ ဒီလိုလုပ်တာက

အနာဂတ်ပြဿနာတွေ ဖြစ်လာနိုင်တယ်”

ယန်ယဲ့က "အကြီးအကဲဟို၊
ဒုတိယနည်းလမ်းအကြောင်း
ဆက်ပြောပြပါဦး"

ဟိုချင် က ခေါင်းညိတ်ကာ
“ဒုတိယနည်းလမ်းက ငါ့ရှာမန်မျိုးနွယ်ရဲ့
လျှို့ဝှက်နည်းစနစ်တွေကို
အမွေဆက်ခံဖို့ပဲ။
ဒါကိုအမွေဆက်ခံဖို့ဆိုရင်

ငါ့ရှာမန့်မျိုးနွယ်ရဲ့ သွေးမျိုးဆက်
လိုအပ်တယ်။ မင်း....”

“မဟုတ်ဘူး” ငြင်းဆိုလိုက်သံ နှင့်အတူ
ယန်ယဲ့နှင့် မလှမ်းမကမ်းကနေ
မီးတောက်တစ်ခု ပေါ်လာသည်။

နတ်ယင်မီးတောက်...

ယန်ယွဲ့ သည် နတ်ယင်မီးတောက်ကို

စိုက်ကြည့်လိုက်သည်။

နတ်ယင်မီးတောက် က

လေးနက်စွာပြောလာခဲ့သည် "ကလေး၊

မင်း အခုကစလို့ နတ်ဆိုးမျိုးနွယ်ရဲ့

စွမ်းအားနည်းစနစ်တစ်ခုခုကို

သင်ယူပြီးပြီဆိုတော့

သိပ်တော့မပြင်းထန်ပါဘူး။ ဒါပေမဲ့

မင်းဟာ နတ်ဆိုးမျိုးနွယ်ရဲ့

သွေးမျိုးဆက်ကို ဆက်ခံလိုက်ရင်

လောကသုံးပါး ကို ရောက်သွားတဲ့အခါ

သေချာပေါက် ဒုက္ခရောက်လိမ့်မယ်။

မင်းဟာ နတ်မျိုးနွယ်ရဲ့သွေးမျိုးဆက်

ပိုင်ဆိုင်ထားတယ်ဆိုတာ

လူသားမျိုးနွယ်က သိသွားရင်

လူသားအင်ပါယာအရှင်ရဲ့

မသေမချင်းအမဲလိုက်တာကိုခံရလိမ့်မယ်

။ ဒါ့အပြင် မင်းဟာ နတ်ဆိုးမျိုးနွယ်ရဲ့

သွေးမျိုးဆက်ကို ပိုင်ဆိုင်ပြီးတာနဲ့ လောကသုံးပါး၊ မဟုတ်သေးဘူး ဘုံသုံးခုစလုံးရဲ့ ရန်သူဖြစ်လာလိမ့်မယ်”

ယန်ယဲ့ က မျက်မှောင်ကြုတ်သွားသည် "ဘာလို့လဲ"

နတ်ယင်မီးတောက် က “အပြင်လူတွေက အမြဲတမ်း မကောင်းကြံတတ်တယ်” ဟု ပြန်ဖြေသည်။

ယန်ယဲ့ သည် တဖြည်းဖြည်း

ပို၍ပင်မျက်မှောင်ကြုတ်လာသည်။

ဤအချိန်တွင် ဟိုချင် က

ရုတ်တရက်ပြောလိုက်သည် "ကလေး၊

သူပြောတာ လုံးဝမမှန်ဘူး။ ဒါပေမဲ့ ငါက

ရှာမန်မျိုးနွယ်ရဲ့လျှို့ဝှက်နည်းစနစ်တွေ

ကို နည်းနည်းတော့သိထားတယ်။  ဒါဆို

မင်းငါ့ဆီက သင်ယူမလား

မင်းကိုယ်တိုင်ဆုံးဖြတ်ပါ….”

ဟိုချင် က နတ်ယင်မီးတောက် ကို

ရုတ်တရက် စိုက်ကြည့်ရင်း ပြောလိုက်၏

“မင်းပြောနေတာကို ငါသိတယ်။ မင်း

သူ့ကို လူသားမျိုးနွယ်နဲ့ ရန်သူ

မဖြစ်စေချင်ဘူး။ ဒါပေမဲ့

သူ့အနားကလူတွေကို

သတ်ပစ်ချင်တဲ့လူတွေဟာ

ငါ့ရှာမန်မျိုးနွယ် လား။ မဟုတ်ဘူး၊

မင်းတို့လူသားမျိုးနွယ်ပဲလေ။

ဒါ့အပြင် သူက

ခွန်အားအလုံအလောက်မရှိရင်

လောကသုံးပါးကို

တက်နိုင်မယ်ထင်လား”

နတ်ယင်မီးတောက် က

တိတ်ဆိတ်သွားသည်။

ချုန်းချီ ကလည်း

ရုတ်တရုတ်ပြောလိုက်သည်

"နှစ်ယောက်စလုံးမှန်တယ်။

ရှာမန်မျိုးနွယ်ရဲ့ နည်းစနစ်တွေနဲ့

သွေးမျိုးဆက်ကို အမွေဆက်ခံလိုက်ရင်

မင်းဟာ လူသားမျိုးနွယ်မှာ

အဆင့်အတန်းတစ်ခုရဖို့မဖြစ်နိုင်တော့

ဘူး။ ကလေး၊ ဒါဆို မင်းကိုယ်တိုင်

သေချာစဉ်းစားပြီးဆုံးဖြတ်ပါ"

ယန်ယဲ့ သည် အချိန်အတော်ကြာအောင်

တိတ်ဆိတ်သွားသည်။ ထို့နောက် သူက

အေးစက်စက်ပြောလိုက်သည် “ငါ့ရဲ့

ဒုတိယအစ်မအတွက်

ငါလက်စားချေနိုင်သရွေ့တော့

နတ်ဆိုးမျိုးနွယ်ရဲ့ နည်းစနစ်တွေကို

မပြောနဲ့ နတ်ဆိုးလမ်းစဉ်ကို လျှောက်ဖို့

ငါတွန့်ဆုတ်နေမှာ မဟုတ်ဘူး”

"မင်း...." နတ်ယင်မီးတောက် က

ခါးသီးသောလေသံဖြင့်

အသံတစ်ချက်သာထွက်နိုင်တော့သည်။

ထို့နောက် နေရာမှာပင်

ပျောက်သွားခဲ့သည်။

May Be:

၂၁၉၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၉၂ - အားနည်းချက်ကို ဖျက်ဆီးခြင်း

ရှာမန်မျိုးနွယ်ရဲ့ နည်းစနစ်တွေကို ကျင့်ကြံမယ်၊ အဲဒီတော့ ဘာဖြစ်သလဲ။

သူ့အမြင်အရတော့ နည်းစနစ်တစ်ခု၏ မူလဇာစ်မြစ်က အရေးမကြီးပါ၊

သူ၏ခွန်အားကို မြှင့်တင်နိုင်သရွေ့တော့
အခြားဘာမှအရေးမကြီးပေ။

လူသားမျိုးနွယ်တစ်ခုလုံးမှာ
လူယုတ်မာတွေချည်းပဲလား။
ရှာမန်မျိုးနွယ်ဝင်တွေက
မကောင်းဘူးလား ။ အမှန်တော့
ဤလောက၌ သန်မာသူများကသာ
ကောင်းမကောင်း ဆုံးဖြတ်ကြသည်။

ယန်ယဲ့သာ

အလုံအလောက်သန်မာနေလျှင်

နတ်ယင်မီးတောက်

ပြောခဲ့သည့်စကားများဟာ လုံးဝ

ပြဿနာ မဟုတ်ချေ။ သူ့ခွန်အား

မလုံလောက်ဘဲ လောကသုံးပါးကို

တက်သွားရင်တော့

သေချာပေါက်ပြဿနာဖြစ်ပေမည်။

ဤအချိန်တွင် ဟိုချင်က ရုတ်တရက် မေးလိုက်သည် "ကလေး၊ မင်း နောင်တရမှာမဟုတ်ဘူးဆိုတာ သေချာလား"

ယန်ယဲ့ က ဟိုချင် ကိုစိုက်ကြည့်ကာ "ငါနောင်တရမယ်လို့ မင်းထင်လား"ဟုပြန်မေးပါသည်။

ဟိုချင် က အနည်းငယ် ခေါင်းညိတ်ပြပြီး

“ကောင်းပြီ၊ ဒါဆို ငါ့ရဲ့ သွေးတစ်စက်ကို

ပေးမယ်။ ငါက ရှာမန်မျိုးနွယ်ရဲ့

ဧကရာဇ်အဆင့် သွေးမျိုးဆက်

မပိုင်ဆိုင်ထားပေမယ့်

အရည်အသွေးနိမ့်ကျတာမျိုးတော့မရှိ

ဘူး။ ငါ့ရဲ့သွေးတစ်စက်ကို

စုပ်ယူလိုက်တာနဲ့ မင်းအတွက်

တော်တော်လုံလောက်သွားပြီ"

စကားပြောနေစဉ်

ဟိုချင်၏ခါနဖူးအလယ်မှ

သွေးပုလဲတစ်လုံး ထွက်လာပြီး

ယန်ယွဲ့ရှေ့မှာ ပေါ်လာသည်။

သွေးပုလဲက လက်မအရွယ်ခန့်ရှိ၏။

သွေးရောင်များ

တလက်လက်တောက်ပလျက်

သန့်စင်သော စွမ်းအင်အငွေ့အသက်များ

ပျံ့လွင့်နေခဲ့သည်။

ဟိုချင် က ယန်ယွဲ့ကို စိုက်ကြည့်ကာ
ပြောလိုက်သည် "ဒါကို မင်းရဲ့
နှလုံးသားထဲအထိ စုပ်ယူပြီးတော့
မင်းရဲ့မူလသွေးမျိုးဆက်နဲ့
ပေါင်းစပ်လိုက်။ ခုခံလို့တော့မရဘူးနော်"

ယန်ယွဲ့ သည် တုံ့ဆိုင်းမနေဘဲ
သွေးပုလဲကို စုပ်ယူပြီး
သူ၏နှလုံးသားထဲအထိ

ပို့လိုက်လေသည်။ သူ့နှလုံးသားထဲကို

ရှာမန်သွေးစက် ဝင်လာသည်နှင့်

တပြိုင်နက် ယန်ယွဲ့၏ခန္ဓာကိုယ်သည်

ပြင်းထန်စွာ တုန်ခါလာသည်။

သွေးပုလဲက ကွဲထွက်သွားပြီး

သူ၏နှလုံးသားအပြင်မှ

ခန္ဓာကိုယ်အနှံ့ကို

ပြန့်နှံ့သွားလေတော့သည်။

ငြင်းပယ်လိုက်တာလား။

ယန်ယဲ့၏ မူလသွေးမျိုးဆက်က

အလိုလိုငြင်းပယ်နေတာပါ။

သို့သော်လည်း ယန်ယဲ့၏

ထိန်းချုပ်မှုအောက်မှာပင် ခုခံရင်း

တဖြည်းဖြည်း ရပ်တန့်သွားသည်။

တစ်ချိန်တည်းမှာပင် သူ၏ခန္ဓာကိုယ်ထဲမှ

မူလခရမ်းရောင်စွမ်းအင်များ

ထွက်ပေါ်လာကာ သွေးပုလဲကို

ဖုံးအုပ်ထားသည်။ ထို့နောက်တွင်

မူလခရမ်းရောင်စွမ်းအင်၏
သန့်စင်ပေးမှုဖြင့်
ရှာမန်သွေးမျိုးဆက်ဟာ ယန်ယဲ့
မူလသွေးမျိုးဆက်နှင့်ပေါင်းစပ်သွားပါ
တော့သည်။

"ငါမျှော်လင့်ထားတာထက် အများကြီး
ပိုလွယ်ခဲ့တယ်" ဟိုချင် က
ရုတ်တရက်ပြောခဲ့သည် “အခု မင်းမှာ
ရွေးချယ်စရာ ၂ ခုရှိတယ်။

ငါ့ရှာမန်မျိုးနွယ်မှာ အပိုင်း ၂
ပိုင်းရှိတယ်။ ခွန်အားနဲ့ ရှာမန်နည်းစနစ်
လို့ခေါ်ကြတယ်။ မင်းဘာကိုရွေးမလဲ"

ယန်ယဲ့က "နှစ်ခုစလုံး"

ဟိုချင် က အနည်းငယ် ခေါင်းညိတ်ပြပြီး
ဆက်ပြောပါသည် "ငါ
မျှော်လင့်ထားသလိုပါပဲ။ ဒါပေမဲ့
ကျင့်ကြံဖို့ဆိုရင် လုံးဝမလွယ်တာတော့

ကြိုပြီးသတိပေးထားချင်တယ်။ မင်းရဲ့

လက်ရှိရုပ်ခန္ဓာခွန်အားက

အကန့်အသတ်ရှိလို့။

မွေးဖွားခြင်းသစ်သီးကို စားလိုက်ရုံလေးနဲ့

တိုးတက်အောင်လုပ်ဖို့ဆိုတာမဖြစ်နိုင်ဘူး

။ ဒါ့အပြင် မင်းရဲ့ရုပ်ခန္ဓာ

ပိုအားကောင်းလာအောင်

အတင်းဖိအားပေးလုပ်ယူရင်

ခန္ဓာကိုယ်ကို ပျက်စီးစေလိမ့်မယ်”

ယန်ယဲ့က ပြန်မေးလိုက်သည် "ဒါဆိုရင် ငါ အခုလောလောဆယ် ရှာမန်နည်းစနစ်ကိုပဲ သင်ယူသင့်တာလား "

ဟိုချင်က သူ့ခေါင်းကို ခါလိုက်ပြီး "မင်းဟာ ခွန်အားကို ဘယ်လို ထိန်းချုပ်ပြီး အသုံးပြုရမယ်ဆိုတာ သင်ယူရမယ်။ အမှောင်ဧကရာဇ်က မင်းကိုဖိနှိပ်နိုင်တာဘာလို့လဲသိလား။

သူ့ရဲ့စွမ်းအင်အမျိုးမျိုးထိန်းချုပ်နိုင်စွမ်း

က မင်းထက်အများကြီးသာနေလို့။

ဥပမာအနေနဲ့ သူ့ရဲ့

အာကာသစွမ်းအင်ထိန်းချုပ်နိုင်စွမ်းက

သူ့အတွက် အာကာသပြင်ကို

အလွယ်လေးပြုပြင်နိုင်တယ်။ ဒါ့အပြင်

တိုက်ခိုက်ဖို့တောင် အသုံးချနိုင်တယ်။

ဒါပေမဲ့ မင်းဟာ ဖျက်ဆီးပစ်နိုင်တယ်။

ဒါဟာ အာကာသကို

ပြုပြင်တာနဲ့ဖန်တီးတာထက်

ပိုပြီးခက်ခဲသေးတယ်”

ဤအချိန်မှာ သူက ယန်ယဲ့ကို

စိုက်ကြည့်ရင်း

"မင်းတို့နှစ်ယောက်ကြားက

ကွာဟချက်က

တော်တော်လေးကြီးမားတယ်။ သူက

ဖျက်ဆီးနိုင်တဲ့အပြင် ပြုပြင်နိုင်တယ်။

တာအိုဥပဒေသတွေ၊ အာကာသစွမ်းရည်၊

ဝိညာဉ်စွမ်းအင် နဲ့ အာကာသပြင်ကို

ပြုပြင်တာ။ အဲဒါ

ညာဏအလင်းပွင့်တဲ့အခြေအနေပဲ၊

တစ်နည်းပြောရရင်တော့

ညာဏအလင်းသခင်အဆင့် ပေါ့။

အရာခပ်သိမ်းကို

ညာဏ်အလင်းပွင့်ထားတယ်၊

အရာခပ်သိမ်းကို နားလည်ပြီးတော့

အရာအားလုံးကို ပြောင်းလဲနိုင်တယ်"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်ပြီး "ငါ ဘာလုပ်ရမှာလဲ"ဟုမေးပါသည်။

ဤအချိန်တွင် အနည်းငယ်ကြီးမားသော ကျောက်တုံးတစ်တုံးက ယန်ယွဲ့ဆီသို့ လွင့်ပျံသွားသည်။

ယန်ယွဲ့က အံအားသင့်နေသောအမူအရာဖြင့် ဟိုချင် ကိုစိုက်ကြည့်နေသည်။ ဟိုချင် က

ရုတ်တရက် ပြောလိုက်သည်

"အဲဒီကျောက်တုံးကို

မင်းရဲ့ခွန်အားအပြည့်နဲ့ တိုက်ခိုက်လိုက်၊

ဒါပေမဲ့ ငါကနဂိုအတိုင်းမြင်ချင်တယ်"

ယန်ယဲ့ က မျက်မှောင်ကြုတ်ပြီး "ဒါက

ဘယ်လိုဖြစ်နိုင်မှာလဲ"

ဟိုချင်၏ ခေါင်းက ကျောက်တုံးကို

ရုတ်တရက် ပြေးဆောင့်လိုက်သည်။

ဘုန်း…

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်။ ပတ်ဝန်းကျင်ရှိ အာကာသပြင်သည် ပြင်းထန်စွာ တုန်ခါသွားသော်လည်း ကျောက်တုံးက လုံး၀ မလှုပ်ရှားဘဲ အနည်းငယ်မျှ ထိခိုက်မှု မရှိပုံပါ။

ဟိုချင် က ယန်ယဲ့ကို စိုက်ကြည့်ရင်း

ပြန်ပြောခဲ့သည် "ဘာလို့မဖြစ်တာလဲ။

ကြီးကြီးမားမားရယူဖို့

သေးငယ်တဲ့အရာတစ်ခုကို

အသုံးပြုရတာသဘာဝပဲ။ မင်းရဲ့

ခွန်အားကို ပိုကောင်းအောင် ထိန်းနိုင်ဖို့

ဒီလိုမျိုး လေ့ကျင့်ပေးဖို့

တောင်းဆိုတာပါ။ မင်းရဲ့

လက်ရှိခန္ဓာကိုယ်က

သွေးပြန်လည်မွေးဖွားခြင်းအဆင့်

မှာရှိနေတယ်။ အဲဒါကို

ကောင်းကောင်းထိန်းချုပ်နိုင်ရင်

အဲဒီအမှောင်ဇကေရာဇ်ကို

မင်းရဲ့ရုပ်ခန္ဓာခွန်အားနဲ့

တင်သတ်ပစ်နိုင်တယ်။ ငါက မင်းလိုပဲ

သွေးပြန်လည်မွေးဖွားခြင်းအဆင့်

မှာရှိနေတယ်။ တကယ်လို့

ငါ့ရဲ့ပင်မခန္ဓာကိုယ်က

ဒီလူကိုတိုက်ခိုက်ရင်

သုံးခါလောက်တိုက်ခိုက်ရုံနဲ့

သတ်ပစ်နိုင်တယ်။ ငါ့ရဲ့ ခွန်အားကို

အပြည့်သုံးရင် တစ်ချက်လောက်

တိုက်ခိုက်ရုံနဲ့ လုံလောက်မယ်”

ယန်ယဲ့ က ချုန်းချီကို

စိုက်ကြည့်လိုက်သည်။ ချုန်းချီ က

ခေါင်းညိတ်ကာ ပြန်ပြောလိုက်သည် “သူ

လိမ်နေတာ မဟုတ်ဘူး။ ကလေး၊

မင်းရဲ့ပြဿနာတွေကို

ငါတကယ်သိခဲ့တယ်။ ဒါပေမဲ့ မင်းဟာ

သင်ကြားပြသပေးမယ့်သူ မရှိခဲ့ဘူး။

မင်းကိုဘယ်လိုသင်ပေးရမလဲမသိဘူး။

တကယ်တော့ ငါက

နတ်ဆိုးမျိုးနွယ်ဝင်ဆိုတော့

ငါတို့ကျင့်ကြံတဲ့ပုံစံက လူသားတွေနဲ့

လုံးဝမတူဘူး။ ဒါပေမယ်လို့ ဟိုချင်

ကတော့ ငါနဲ့မတူဘူး။ လောကသုံးပါး မှာ

သူ့ရဲ့အဆင့်အတန်းက

သာမန်မှမဟုတ်တာပဲ။ တိုတိုပြောရရင်

သူ့စကားကိုနားထောင်ပါ”

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး ဟိုချင်ကို

ကြည့်ကာ "အကြီးအကဲဟို၊ မင်းရဲ့

အရည်အချင်းကို

သံသယဖြစ်မိတဲ့အတွက်

တောင်းပန်ပါတယ်"ဟုပြောလိုက်သည်။

ဟိုချင် က ခေါင်းခါရင်း ပြန်ပြောသည်

"အဆင်ပြေပါတယ်။ ငါတို့ဟာ အမြဲတမ်းရန်သူတွေဖြစ်နေတော့ ငါ့ကို မယုံတာက ပုံမှန်ပါပဲ။ ဒါပေမဲ့ မင်းဟာ ငါ့ရမှာမန်မျိုးနွယ်ရဲ့ နည်းစနစ်တွေကို အမွေဆက်ခံထားပြီးတော့ အခုကစလို့ ငါ့စကားကိုနားထောင်ရမယ်။ မင်းလက်ကိုဖြတ်ဖို့ ငါပြောရင်တောင် ငါပြောတဲ့အတိုင်းလုပ်ရမယ်။မဟုတ်ရင်

တခြားတစ်ယောက်ယောက်ကို
ပြန်သင်ပေးလိုက်တာမျိုး
ဘယ်လိုလုပ်မလဲ"

ယန်ယဲ့က အသက်ပြင်းပြင်းရှူရင်း
ခေါင်းညိတ်လိုက်သည် "ကောင်းပါပြီ"

ထိုစကားပြောပြီးသည်နှင့်
သူ၏လက်သီးကို စိုက်ကြည့်ကာ ရှေ့သို့
လှမ်းထိုးလိုက်သည်။

ခွမ်း....

ကျောက်တုံးပ အပိုင်းပိုင်း

ပေါက်ကွဲသွားသည်။

ဟိုချင်က "မင်း အဲဒါကို

နဂိုအတိုင်းမထားနိုင်မချင်း

ဆက်ပြီးထိုးနေလိုက်စမ်း"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ထို့နောက်တွင်တော့ ယန်ယဲ့ သည်

အရှူးတစ်ယောက်အလား

ကျောက်တုံးများကို

လိုက်လံထိုးနှက်ပါတော့သည်။

ချူန်းချီ က ဤမြင်ကွင်းကို ကြည့်နေရင်း

"ဟိုချင်၊ မင်း သူ့ကို ဘယ်လို

လုပ်ရမယ်ဆိုတာ

မပြောဘူးလား"ဟုရုတ်တရက်မေးလိုက်သည်။

ဟိုချင် က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "သူ့ရဲ့ အကြီးမားဆုံး အားနည်းချက်က ဘာလဲဆိုတာ မင်းသိလား။ နားလည်ဆင်ခြင်နိုင်စွမ်း၊ သူ့အခြေခံအုတ်မြစ်က ဒီလောက်မသန်မာပါဘူး။

တိုက်ပွဲတွေဟာ လူတစ်ယောက်ကို

အမြန်တိုးတက်အောင်

ကူညီပေးနိုင်တာတော့ဟုတ်တယ်။

ဒါပေမဲ့ အရာအားလုံးကို စုစည်းပြီးတော့

နက်နက်နဲနဲမဆင်ခြင်နိုင်ရင်

ခွန်အားတိုးလာရင်တောင်မှ

အကန့်အသတ်ရှိနေလိမ့်မယ်။

ငါဖြစ်စေချင်တာက သူ့စိတ်ကို

တည်ငြိမ်အောင်ထားပြီး

ကိုယ်တိုင်နားလည်စေချင်တာ။

ဘာလို့လဲဆိုတော့ လူတစ်ယောက်ရဲ့

ကိုယ်ပိုင်နားလည်နိုင်စွမ်းက

တခြားတစ်ယောက်ယောက်

သင်ပြပေးတာဖက် ပိုပြီးမြင့်မားတယ်”

ချုန်းချီ က ဟိုချင်ကို ကြည့်ပြီး

"ဘာလို့လဲ၊ ဘာလို့ သူ့ကို သင်ပေးဖို့

သဘောတူခဲ့တာလဲ"ဟုမေးလိုက်သည်။

ဟိုချင် က ယန်ယဲ့ကို စိုက်ကြည့်ရင်း

"တကယ်တော့

ဘာကြောင်းပြချက်မှမရှိဘူး"

ချန်းချီ က ဟိုချင် ကို ငုံ့ကြည့်ကာ

တိတ်ဆိတ်နေ၏။

ကျင့်ကြံရေးအခန်းထဲတွင်....

ယန်ယဲ့ သည် ကျောက်တုံးများကို

အကြိမ်ကြိမ် ထိုးနှက်နေခဲ့သည်။ သို့သော်

သူသည် ကျရှုံးမြဲကျရှုံးနေဆဲပင်။

အစပိုင်းတွင်တော့ အနည်းငယ်

တုန်လှုပ်သွားသည်။ သို့သော်လည်း

သိပ်မကြာလိုက်ပေ၊ သူ့ကိုယ်သူ

တည်ငြိမ်အောင်ထားလိုက်သည်။

နားလည်ဆင်ခြင်ရမလား ။

ယန်ယွဲ့ သည် ကျောက်တုံးများကို

ဆက်ပြီးမထိုးတော့ဘဲ

အတွေးနက်နေခဲ့သည်။

ကျောက်တုံးကို

အပိုင်းပိုင်းမကွဲအောင်ဘယ်လိုထိုးရမလဲ

စဉ်းစားနေတာပါ။

ဤအတိုင်းပင်၊ ယန်ယွဲ့သည်

ဆက်မထိုးဘဲ ၃ ရက်ကြာသည်အထိ

လေးလေးနက်နက်

စဉ်းစားနေခဲ့သည်။

ထို့နောက်တွင် သူသည်

ကျောက်တုံးများကို

ထပ်ပြီးထိုးလိုက်ပြန်သည်။

ယန်ယဲ့၏လက်သီးချက်က

ကျောက်တုံးကို ထိမှန်သွားသည်။

ဘုန်း....

အာကာသပြင်သည်

တုန်လှုပ်သွားသော်လည်း

ကျောက်တုံးသည် ကွဲထွက်သွားသည်။

သို့သော်လည်း ယန်ယဲ့၏

နှုတ်ခမ်းထောင့်မှ

အပြိုးတစ်ခုပေါ်လာခဲ့သည်။

အကြောင်းကတော့ ကျောက်တုံးဟာ

အပိုင်းပိုင်းကွဲကြေမသွားလို့ပါ။

ဤအခိုက်အတန့်တွင် သူသည်

အနည်းငယ်နားလည်လာပါပြီ။

ခွန်အားထိန်းချုပ်ခြင်းအနုပညာ...

ကျောက်တုံးက အာကာသထဲမှာ

လွင့်မျောနေတာပါ။ သူ၏လက်သီးကို

ထိုးလိုက်သည်နှင့် ၎င်းသည်

အာကာသထဲသို့ ပေါင်းစပ်သွားသည်။

သို့မဟုတ် အာကာသထဲကို

ထိုးဖောက်သွားနိုင်သည်။

ထိုနည်းအားဖြင့် ကျောက်တုံးမဟုတ်ဘဲ

အာကာသပြင်က လက်သီးချက်ကို

ခုခံနေတာပါ။

ဤအချက်ကို စဉ်းစားမိသည်နှင့်

ယန်ယဲ့၏ စိတ်ထဲ၌ အတွေးတစ်ခု

ပေါ်လာသည်။

ထို့နောက် သူ့လက်ထဲတွင်

ဓားတစ်ချောင်း ပေါ်လာသည်။

ဓားကိုမြှောက်ပြီး ကျောက်တုံးပေါ်

ပိုင်းချလိုက်သည်။

ခွမ်း....

ကျောက်တုံးကြီးက ပြင်းထန်စွာ

တုန်ခါပြီး ကွဲအက်သွားသော်လည်း

အက်ကွဲရုံမျှသာ၊ ကွဲကြေမသွားခဲ့ပေ။

ချုန်းချီ နှင့် ဟိုချင် တို့နှစ်ယောက်လည်း

ဤမြင်ကွင်းကို မြင်လိုက်သောအခါ

အကြည့်ချင်းဖလှယ်ကြသည်။ ဟိုချင်

က  “ဓားက အသန်မာဆုံးလူနဲ့

လိုက်ဖက်နေတုန်းပါပဲလား”

ထို့နောက်တွင်တော့ ယန်ယဲ့ သည် သူ၏လက်သီးချက်များကို ရုပ်တန့်လိုက်သည်။ ထိုအစား ဓားကို အသုံးပြုလိုက်သည်။

ဓားချက်တိုင်းက သူ၏ခွန်အားအပြည့် သယ်ဆောင်သွားသည် ။ အစပိုင်းတွင် ကျောက်တုံးက အက်ကွဲနေသေးသည်။ သို့သော်လည်း လဝက်ခန့်ကြာအောင်

အရှူးတစ်ယောက်လို

လှေကျင့်ပြီးနောက်တွင်

ဓားတစ်ချက်ခုတ်လိုက်တိုင်း

ကျောက်တုံးကြီးအား လုံးဝ

ထိခိုက်ခြင်းမရှိခဲ့ပေ။

ယန်ယွဲ့ သည် မရပ်တန့်ဘဲ

ညာဏ်အလင်းပွင့် စိတ်ဆန္ဒ ၂ ခုပါ

ထပ်ပြီးပေါင်းစပ်လိုက်သည်။

အစပိုင်းမှာတော့

ကျောက်တုံးကြီးကိုအသာထား

အထက်အာကာသပြင်ပင်ကွဲထွက်သွား

၏။

ညဏ်အလင်းပွင့် စိတ်ဆန္ဒ ၂ ခုဖြင့်

ပေါင်းစပ်ထားသော ဓားချက်က

ကြောက်စရာကောင်းလှသည်။

သို့သော် ယန်ယွဲ့ သည် လက်မလျှော့ဘဲ

ဆက်ပြီးလေ့ကျင့်ခဲ့သည်။

နောက်ထပ် လဝက်ခန့်အကြာ....

ညဏ်အလင်းပွင့် စိတ်ဆန္ဒ ၂ ခုဖြင့်
ပေါင်းစပ်ထားသည့် ဓားချက်ဟာ
နောက်ဆုံးတွင် ကျောက်တုံးကို
ပိုင်းချလိုက်သည့်တိုင်
ကွဲအက်မသွားတော့ပေ။

သို့သော် ထိုမျှနှင့် အဆုံးမဟုတ်သေးပါ။

ဤအတောအတွင်း ယန်ယဲ့ သည်

ဒုတိယစားချက်ကိုပါ

စပြီးလေ့ကျင့်နေခဲ့သည်။

ဒုတိယစားချက် က

သူ၏အစွမ်းထက်ဆုံး

တိုက်ခိုက်မှုပါ။ ဒုတိယစားချက်ကို

ထုတအဖော်လိုက်သည်နှင့်

ကျောက်တုံးကြီးဟာ ချက်ချင်းပင်

ကြေမွသွားခဲ့သည်။

ယန်ယဲ့ သည် အရူးတစ်ယောက်လိုသာ

ဆက်ပြီး လေ့ကျင့်နေပါတော့သည်။

၃ လခန့်အကြာတွင်...

နောက်ဆုံးတွင်တော့

ဒုတိယအဆင့်ဆားချက်ပင်လျှင် ကျောက်တုံး

ကြီးကို ကွဲကြေမသွားအောင်
ခွဲထုတ်လိုက်နိုင်ပါပြီ။

ယန်ယဲ့ သည် သူ့မျက်နှာပေါ်တွင်
အပြုံးတစ်ခုဖြင့် ဓားကိုင်လျက် ဟိုချင်
ဆီသို့ လျှောက်သွားလိုက်သည်။ သူက
“အကြီးအကဲဟို၊ ငါလေ့ကျင့်တာ
အောင်မြင်ခဲ့တယ်၊ ဒါပေမဲ့
မေးစရာရှိတယ်။ အဲဒါ ဘာထူးလဲ"

ဟိုချင် က ယန်ယဲ့ကို စိုက်ကြည့်ရင်း

"မရှိဘူး"

ယန်ယဲ့၏မျက်နှာက  အေးခဲသွားပြီး

"မင်းနောက်နေတာလား"

ဟိုချင်က "ငါ့ကိုသေချာကြည့်။

ငါနောက်နေတယ်များထင်သလား"

ဤအချိန်မှာ ယန်ယဲ့ သည် ဟိုချင်ကို

ဓားဖြင့်

အပိုင်းပိုင်းခုတ်ထစ်ချင်နေသလိုခံစားလို

က်ရသည်။

ဟိုချင် က ရုတ်တရက် ပြန်ပြောခဲ့သည်

"ဒါက သူ့ဘာသာသူ အသုံးမဝင်ပါဘူး။

ဒါပေမဲ့ မင်းကို ငါသင်ပေးမယ့်

လှုပ်ရှားမှုက အရမ်းအသုံးဝင်လိမ့်မယ်။

အဲဒါကို သင်ယူဖို့အတွက် မင်းဟာ ဒါကို ပြီးမြောက်အောင် လုပ်နိုင်ရမယ်”

ယန်ယွဲ့ က စိတ်ဝင်စားသွားကာ "ဒါကဘာလဲ"ဟု ချက်ချင်းမေးလိုက်သည်။

ဟိုချင်က ယန်ယွဲ့ကို စိုက်ကြည့်ရင်း "မင်းဟာ အရာအားလုံးကို ခွန်အားနဲ့ ကျော်ဖြတ်နိုင်အောင်လို့ ငါစီစဉ်ခဲ့တယ်။

ဒါပေမဲ့ အခုတော့ မင်းရဲ့ဓားကို

အားနည်းချက်ကိုဖျက်ဆီးခြင်းနည်းလမ်း

နဲ့ပေါင်းစပ်ပြီး အရာအားလုံးကို

တကယ်ဖျက်စီးနည်းသင်ပေးဖို့

ငါရည်ရွယ်ထားတယ်"

"အားနည်းချက်ကိုရှာပြီးဖျက်ဆီးတာ

လား" ယန်ယဲ့ က မျက်မှောင်ကြုတ်ပြီး

"ဒါကို

ငါသိပြီးပြီ"ဟုပြန်ပြောလိုက်သည်။

"မင်းငါ့ဖင်ကိုသိလား..." ဟုချင်က
ငေါက်ငမ်းလိုက်သည် "ဒါကို
အားနည်းချက်ရှတာလို့ ပြောရတာ
မရှက်ဘူးလား"

ယန်ယွဲ့ သည်
ဘာပြန်ပြောရမှန်းပင်မသိတော့ပေ။

ဟိုချင် က ချုန်းချီ ကို ရုတ်တရက်
စိုက်ကြည့်ကာ "အစ်ကိုချုန်းချီ၊ သူ့ကို
တိုက်ခိုက်လိုက်"

ချုန်းချီ က ခေါင်းညိတ်လိုက်သည်။
ထို့နောက် သူ၏ခန္ဓာကိုယ်ဖြင့် ယန်ယဲ့ကို
တည့်တည့်ပြေးဆောင့်လိုက်သည်။

ယန်ယဲ့၏ မျက်လုံးထဲမှ
စိတ်လှုပ်ရှားမှုများ ပေါ်လာသည်။ သူက

ရှောင်မပြေးဘဲ ဓားကို
လှမ်းပိုင်းလိုက်သည်။

ဘုန်း....

ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီးနောက် ချုန်းချီ က
နောက်သို့ လွင့်ထွက်သွားသည်။ ယန်ယဲ့
လည်း မီတာ ၃၀ အကွာထိ
ပြန်ဆုတ်သွားရသည်။

ဤအချိန်တွင် ဟိုချင်က ယန်ယဲ့ကို စိုက်ကြည့်ကာ "အဲဒါကို မင်းကျေနပ်နေပြီလား" ဟုမေးလိုက်သည်။

ဟိုချင်က "မင်းဘာလို့ သူ့ကို ထိပ်တိုက်ရင်ဆိုင်တာလဲ"ဟု ဆက်မေးလိုက်၏။

ယန်ယဲ့ က အံ့သြသွားပြီး
"မင်းဘာကိုဆိုလိုတာလဲ"

ဟိုချင် က "အခု သူ့ကို ကျောက်တုံးလို
သဘောထားပါ" ထို့နောက် ချုန်းချီ ကို
ကြည့်ပြီး "တိုက်ခိုက်လိုက်ဦး...."

ချုန်းချီ က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး ခုန်ထကာ

သူ၏လက်သည်းရှည်များဖြင့် ယန်ယဲ့အား ရိုက်ချလိုက်သည်။

ယန်ယဲ့ သည် ချုန်းချီကို မမှိတ်မသုန် စိုက်ကြည့်နေသည်။ သူ့ရှေ့ ၁၀ မီတာခန့်အကွာသို့ရောက်လာသောမှသာ နေရာမှာပင်ဖျတ်ခနဲပျောက်သွားသည်။ ထို့နောက် သူ၏ဓားဖြင့် ရှေ့သို့ လှမ်းထိုးလိုက်သည်။

ဓားချက်က

ချုန်းချီ၏ခြေထောက်တစ်ဖက်ကို

ဦးတည်နေတာပါ။

ဘုန်း....

ဓားပိုင်းချက်က ချုန်းချီ၏ခြေထောက်ကို

ဖြတ်တောက်မသွားနိုင်ပေ။

သို့သော်လည်း ချုန်းချီ၏ပုံရိပ်က ၃

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင်

ချုန်းချီ၏ခန္ဓာကိုယ်တစ်ခုလုံး

အက်ကွဲလာသည်။

ယန်ယဲ့ သည် ဤမြင်ကွင်းကြောင့်

နေရာတွင်ပင် အံ့အားသင့်သွားသည်။

###Book.135